မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

ယောကျ်ားအာဇာနည်

ယောကျ်ားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောကျ်ားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောကျ်ားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၂၉၃)

(၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ဂါရဝပြု

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ဂါရဝပြုကြသည်။

အခမ်းအနားသို့ ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ဗဟိုကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့

စာမျက်နှာ ၄ ကော်လံ ၁ ❁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌများနှင့် ပြည်ထောင်စုဝန်ကြီးများ အာဇာနည်ဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။ သတင်းစဉ်

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခြင်းချကာ ကန်တော့စဉ်။

သတင်းစဉ်

အာဇာနည်တို့၏ အမွေကို ခံယူ

လူဖြစ်ကာမတ္တသည် မြတ်နိုးစရာ မဟုတ်သေး၊ လူကောင်းဖြစ်ရခြင်းသာ မြတ်နိုးစရာစင်စစ်ဖြစ်၏ဟူ၍ ဂရိအတွေးအခေါ်ပညာရှင်ကြီး ဆော့ခရတ္တိက မိန့်ဆိုခဲ့ဖူးသည်။ လူ့ဘဝဟူသည် ရုပ်နာမ်ခန္ဓာတို့ တည်မြဲနေသည့် အခိုက်အတန့်တစ်ခုသာဖြစ်သည်။ အကယ်စင်စစ်အားဖြင့် တိုတောင်းလှသည့် လူ့ဘဝအခိုက်အတန့်တွင် ရွှေငွေဥစ္စာစည်းစိမ်၊ ရာထူးဂုဏ်သိမ်တို့ကို ရှာဖွေရယူနိုင်ရေး ကြိုးပမ်းကြသူများက အများစုဖြစ်၍ လူသာမန်များဟု ဆိုရမည်။ ယင်းမှလွဲ၍ လူ့လောကကို နှောင့်ယှက်ဖျက်ဆီးသူများသည် လူဆိုး၊ လူမိုက်၊ လူ့အန္တများဖြစ်ပြီး လူ့လောကကို ကောင်းကျိုးပြုသူ၊ လောကပါလတရားများနှင့်အညီ စောင့်ရှောက်တတ်သူများမှာမူ လူတော်များ၊ လူကောင်းများ ဖြစ်ကြသည်။

သာမန်လူတို့ထက် လက်ရုံးရည်၊ နှလုံးရည်၊ သတ္တိ၊ ဇွဲတို့ သာလွန်ပိုင်ဆိုင်ပြီး အများအကျိုး၊ လောကအကျိုးအတွက် ဦးတည်ဆောင်ရွက်ကြရာတွင် မိမိတို့တွင် ပိုင်ဆိုင်သမျှ၏ အဆုံးစွန်ဖြစ်သော အသက်နှင့်ခန္ဓာကိုပင် စွန့်လွှတ်ဆောင်ရွက်ကြသူများမှာမူ အာဇာနည်ပုဂ္ဂိုလ်များဖြစ်ကြသည်။ ယင်းသို့သော အာဇာနည်တို့၏ မွန်မြတ်သည့် စိတ်ဓာတ်၊ ရဲရင့်သည့် စိတ်ဓာတ်တို့က လောက၏ကောင်းကျိုးကို ဆောင်ကြဉ်းပေးခြင်းဖြစ်သည့်အလျောက် အလေးအမြတ်ပြု ဦးညွှတ်ကြရခြင်းလည်း ဖြစ်သည်။ မိမိတို့နိုင်ငံနှင့်မိမိတို့လူမျိုးများ လွတ်လပ်ရေးအတွက် ကြိုးပမ်းရင်း အသက်စွန့်ခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုခဲ့ကြရသည်မှာ ၇၂ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ရှေ့ဆက်၍လည်း အနာဂတ်မှာ ကမ္ဘာတည်သရွေ့ မိမိတို့၏နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်း၍ ကြိုးပမ်းထမ်းဆောင်ကြရာတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်တို့ကို အမွေခံယူကာ လူတော်လူကောင်းများ၊ နိုင်ငံ့သားကောင်းများအဖြစ်နှင့် နိုင်ငံနှင့်လူမျိုးတို့၏ အကျိုးအတွက် ထမ်းရွက်သွားကြရမည်ဟု ခံယူမိသည်။

(လူ၏) ခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်ထားသော အရုပ်နှင့်တူသည်။ အရိုးစု သုံးရာတို့ဖြင့် ထောက်ထားပြီး နာကျင်တတ်သည်။ ကိုးပေါက်ဒွါရ အမာဝတို့လည်းရှိသည်။ ယင်းကိုယ်သည် အမြဲအရှည်သဖြင့် (ထာဝရ) မတည်ရှိနိုင်။

ဤရူပကာယသည် ဆွေးမြည့်အိုတတ်သည်။ အနာရောဂါတို့၏ တည်နေရာလည်းဖြစ်သည်။ ယိုယွင်းပျက်စီးတတ်သည်။ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့ဟူ၍ ဓမ္မပဒတွင် ဖော်ပြထားသည်။ အဆိုပါ တရားအများစုက လူ့ဘဝ၏ အခိုက်အတန့်ကို သတိပေးနေပြီး ရခဲလှသည့် လူ့ဘဝကို တန်ဖိုးရှိရှိ ရှင်သန်ဖြတ်သန်းကာ လောကကောင်းကျိုး သယ်ပိုးနိုင်ကြစေရေးအတွက် သတိပေးနေခြင်းလည်းဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မွေးဖွားချိန်မှ ခန္ဓာပျက်သုဉ်းရချိန်အထိ လူ့လောကတွင် သူရှင်သန်ခဲ့ရချိန်မှာ ၃၂ နှစ်သာ ရှိခဲ့သည်။ သို့ရာတွင် နိုင်ငံအတွက်၊ လူမျိုးအတွက် သူစွန့်လွှတ်ကြိုးပမ်းခဲ့သမျှတို့မှာမူ လူသာမန်တို့ ပြုနိုင်ခဲသော အာဇာနည်တို့၏ စိတ်ဓာတ်နှင့် စွန့်လွှတ်ကြိုးပမ်းမှုများပင်ဖြစ်သည်။ မိမိတို့ နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသားပြည်သူများ ဦးတည်မျှော်မှန်းကြသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေး ကြိုးပမ်းတည်ဆောက်ကြသည့် ခရီးလမ်းတွင် အာဇာနည်ခေါင်းဆောင်ကြီးများ စံနမူနာပြခဲ့ကြသည့် စိတ်ဓာတ်များ၊ ခံယူချက်များ၊ စွန့်လွှတ်မှုများကို မျိုးဆက်သစ်များအဖြစ် ခံယူကျင့်သုံးကာ အနာဂတ်နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၉

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၂ ဒသမ ၆၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ မချမ်းဘောမြို့နှင့် မိုးကောင်းမြို့တို့တွင် ၁ ဒသမ ၆၅ လက်မစီ၊ သထုံမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ဖျာပုံမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၂၂လက်မ၊ မင်းကင်းမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၁၄ လက်မတို့ ဖြစ်ကြပါသည်။

မိုး/ဇလ

ရန်ကုန်မြို့တော်ခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၉

(၇၂)နှစ်မြောက် အာဇာနည်နေ့၊ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားသို့ (၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)နှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ NGO အဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြကာ ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသည့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

NLD ပါတီဌာနချုပ်၌ (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

တိုင်းပြည်အတွက် အသက်ပေးစွန့်လွှတ်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရဂုဏ်ပြုသောအားဖြင့် (၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(ဗဟိုဌာနချုပ်)၌ ကျင်းပသည်။

ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ၌ အာဇာနည်နေ့အခမ်းအနားကျင်းပစဉ်။

ရှေးဦးစွာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟိုဌာနချုပ်)ရှေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ပြည်သူများ၊ ကျောင်းသားကျောင်းသူများသည် ငြိမ်သက်၍ ဂါရဝပြုကြသည်။

ထို့နောက် အခမ်းအနားကို စတင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံ အဆင့်ဆင့်တွင် ကျဆုံးသွားခဲ့ရသော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတို့အား ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

ယင်းနောက် သဘာပတိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ မျိုးညွန့်က (၇၂) နှစ်မြောက် အာဇာနည်နေ့ ကြေညာချက်အား ဖတ်ကြားကာ အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနေဖြင့် အချက် ခြောက်ချက်ပါသော ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ဇော်ကြီး

(၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများနှင့် ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

တောင်စွန်းဆရာတော် အရှင်ဝီရိယ (ဓမ္မဘေရီ) ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး၊ နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးထင်ကျော်နှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်

ရန်ကုန် ဇူလိုင် ၁၉

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄)နေအိမ်၌ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဆွမ်းဆက်ကပ်လှူဒါန်း

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တောင်စွန်းဆရာတော် အရှင်ဝီရိယ (ဓမ္မဘေရီ) အမှူးပြုသော ဆရာတော် သံဃာတော် ၁၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့်ဇနီး၊ နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးထင်ကျော်နှင့်ဇနီး၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့်ဇနီး၊ ပြည်ထောင်စုငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့်ဇနီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့်ဇနီး၊ ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ တောင်စွန်းဆရာတော် အရှင်ဝီရိယ(ဓမ္မဘေရီ)ထံမှ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ နိုင်ငံတော်သမ္မတ(ငြိမ်း)နှင့်ဇနီး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ အမျှပေးဝေ

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ နိုင်ငံတော်သမ္မတ(ငြိမ်း)နှင့် ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပသည့် အာဇာနည်နေ့အထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်လွှင့်ထူသည့် အခမ်းအနားသို့ တက်ရောက်ကြသည့် ပြည်သူများကို တွေ့ရစဉ်။

အာဇာနည်နေ့တွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး)သို့ ပြည်သူအများအပြားလာရောက်

ရန်ကုန် ဇူလိုင် ၁၉

(၇၂)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်သို့ ပြည်သူလူထုအများအပြား လာရောက်ဂါရဝပြုကြပြီး အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် အတွင်းဝန်ရုံးဟောင်း(ယခင်ဝန်ကြီးများရုံး)များသို့ ပြည်သူလူထုနှင့် နိုင်ငံခြားသား စုစုပေါင်း ၇၆၉၁၈ ဦး လာရောက်ဂါရဝပြုလေ့လာကြကြောင်း သိရသည်။

ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုသူ အမျိုးသား ၁၈၅၇၁ဦး၊ အမျိုးသမီး ၂၁၃၇၇ဦး၊ ရဟန်းသံဃာ ၃၉၇ ပါး၊ သီလရှင် ၁၀၂ ပါး၊ နိုင်ငံခြားသား အမျိုးသား ၁၁ ဦးနှင့်အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၄၀၄၇၆ ဦးရှိကြောင်း သိရသည်။

ထို့အတူ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သို့ လာရောက်လေ့လာသူ အမျိုးသား ၇၇၃၆ ဦး၊ အမျိုးသမီး ၉၉၄၅ ဦး၊ ရဟန်းသံဃာ ၃၈၅ ပါး၊ သီလရှင် ၁၂၆ ပါး၊ နိုင်ငံခြားသား အမျိုးသားခုနစ်ဦးနှင့် အမျိုးသမီးတစ်ဦး စုစုပေါင်း ၁၈၂၀၀ ရှိကြောင်းသိရသည်။

ထို့ပြင် ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူ အမျိုးသား ၈၅၀၅ ဦး၊ အမျိုးသမီး ၉၂၄၀ ၊ ရဟန်းသံဃာ ၃၁၃ ပါး၊ သီလရှင် ၉၃ ပါး၊ နိုင်ငံခြားသား အမျိုးသား ၄၅ ဦးနှင့် အမျိုးသမီး ၄၆ ဦး စုစုပေါင်း ၁၈၂၄၂ဦး ရှိကြောင်း သိရသည်။

သတင်းစဉ်

(၇၂)နှစ်မြောက် အာဇာနည်နေ့ နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကားများပြား

နတ်မောက် ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ယနေ့နံနက်ပိုင်းက လာရောက်ကြည့်ရှုသူများ များပြားကြောင်း သိရသည်။

အဆိုပါ(၇၂)နှစ်မြောက် အာဇာနည်နေ့ နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းလွင်နှင့် မကွေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစောလွင်တို့က ကြီးကြပ်ပြီး နတ်မောက်မြို့ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတလူငယ်များက ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းအရာ မှတ်တမ်းဓာတ်ပုံများကို ပြည်သူများ ကြည့်ရှုခဲ့ကြသည်။ ထိုသို့ ကြည့်ရှုရာတွင် အိမ်အပေါ်ထပ်သို့ လူဦးရေခွဲပြီး တက်ရောက်ကြည့်ရှု ခွင့်ပြုခဲ့ရာ နတ်မောက်မြို့ ဗိုလ်ချုပ်နေအိမ်ပြတိုက်တွင် ယနေ့နံနက်ပိုင်း၌ လာရောက်ကြည့်ရှုသူ ၉၄၇၁ ဦးခန့် ရှိကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းအရာမှတ်တမ်းဓာတ်ပုံများကို ပြည်သူများ ကြည့်ရှုလေ့လာနေစဉ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

❀ ရှေ့စာမျက်နှာမှ

ကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီ နှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ နှင့် ဖိတ်ကြားထားသူများ တက်ရောက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

ကြသည်။ ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် အာဇာနည် ဗိမာန် နားနေဆောင်ခန်းမ၌ အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

လွှမ်းသူ့ပန်းခွေချ အလေးပြု

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွှမ်းသူ့ပန်းခွေကို ချ၍ အလေးပြုကြပြီး နှစ်မိနစ် ငြိမ်သက်စွာဖြင့် မေတ္တာပို့သအမျှပေးဝေကြသည်။

စာမျက်နှာ ၅ သို့

ဗိုလ်ချုပ်အောင်ဆန်း၏သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား တူတော်စပ်သူ ဦးရဲအောင်သန်း လွှမ်းသူ့ပန်းခွေချစဉ်။ သတင်းစဉ်

သခင်မြ ဂူဗိမာန်၌ သခင်မြ၏ မိသားစုများ လွှမ်းသူ့ပန်းခွေချ ကန်တော့စဉ်။ သတင်းစဉ်

ဒီးဒုတ်ဦးဘချို ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ သတင်းစဉ်

ဦးဘဝင်း ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုများ လွှမ်းသူ့ပန်းခွေချ ကန်တော့စဉ်။ သတင်းစဉ်

မန်းဘခိုင် ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။
သတင်းစဉ်

မန်းဘခိုင် ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။
သတင်းစဉ်

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။
သတင်းစဉ်

ဦးရာဇတ် ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။
သတင်းစဉ်

ဦးအုန်းမောင် ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။
သတင်းစဉ်

ရဲဘော်ကိုထွေး ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။
သတင်းစဉ်

စာမျက်နှာ ၄ မှ

နိုင်ငံတော်အလံ တိုင်ဝက်လွှင့်

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍ လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြသည်။

ဂါရဝပြု မေတ္တာပို့သ

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦး ကိုယ်စား တူတော်စပ်သူ ဦးရဲအောင်သန်း၊ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အာဇာနည် ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများ ချကာ အလေးပြုကြပြီး ဂါရဝပြုမေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

လွမ်းသူ့ပန်းခွေချ အလေးပြု

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့ အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်းအားဖြင့် အာဇာနည်ဗိမာန်သို့ တစ်ခဲနက် လာရောက်ဂါရဝပြုကြသည်။

အာဇာနည်နေ့ အခမ်းအနားကို ပါလီမန်ဒီမိုကရေစီအစိုးရခေတ် ၁၉၅၈ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ထိုစဉ်က နိုင်ငံတော်သမ္မတ မန်းဝင်းမောင်က လည်းကောင်း၊ တော်လှန်ရေးကောင်စီအစိုးရခေတ် ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက လည်းကောင်း တက်ရောက်ဂါရဝပြုခဲ့ပြီးနောက် နှစ်ပေါင်း(၅၀)ကျော် အကြာတွင် ယခု နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ဂါရဝပြုခြင်း ဖြစ်သည်။

သတင်းစဉ်

၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ အာဇာနည်နေ့တွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၅၄)၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင်ပြုလုပ်သော (၇၂)ကြိမ်မြောက် အာဇာနည်နေ့ ရည်စူးကုသိုလ်ပွဲတွင် ဟောကြားသည့်တရားတော်

အာဇာနည်တို့ရဲ့ စိတ်ဓာတ်၊ လုပ်ရပ်နဲ့ ကောင်းကျိုး

ဓမ္မဘေရီ အရှင်ဝီရိယ

ဒီခေတ်မှာ လူငယ်တော်တော်များက အာဇာနည်ဆိုတာကို စိတ်ဝင်တစား မေးမြန်းဆွေးနွေးလာကြလို့ အတော်လေးကျေနပ်ဝမ်းသာ ဖြစ်ရပါတယ်။

အာဇာနည်ဆိုတာ ဘာလဲ၊ သာမန်လူတို့နဲ့ ဘယ်လိုကွာခြားသလဲ၊ အာဇာနည် စိတ်ဓာတ်က ဘာလဲ၊ သူတို့အလုပ်က ဘာလဲ၊ ဘယ်လိုအကျိုးတွေရသလဲဆိုတာ မျိုးတွေပေ့ါ။ အကြောင်းအကျိုးကိုရော လောကအတွက်ပါ အထူးသိတတ်တဲ့ ပုဂ္ဂိုလ်များကို အာဇာနည်လို့ခေါ်ရတာပါ။ အထူးသဖြင့်တော့ အလောင်းတော်တို့လို ပုဂ္ဂိုလ်မျိုးတွေပေ့ါ။

သာမန်လူများနဲ့ ဘယ်လိုကွာခြားသလဲဆိုတာကတော့ ကောင်းကျိုးချမ်းသာကို သတ်မှတ်ခံယူပုံချင်းကစပြီး ကွာခြားတယ်လို့ ပြောရပါမယ်။ သာမန်လူတွေက လိုလားအပ်တဲ့အရာတွေ တိုးတက်ရရှိလာခြင်းဟာ ကောင်းကျိုးချမ်းသာပဲလို့ သတ်မှတ်ကြပါတယ်။

အာဇာနည်ပုဂ္ဂိုလ်တို့က မလိုလားအပ်တဲ့အရာတွေ လျော့ပါးချုပ်ငြိမ်းသွားမှသာ ကောင်းကျိုးချမ်းသာအစစ်ကို ရရှိနိုင်မယ်လို့ သတ်မှတ်ပါတယ်။ သတ်မှတ်ခံယူမှု ကွဲပြားတဲ့အတွက် လုပ်ရပ်နဲ့ရည်မှန်းချက်တွေလည်း ကွဲပြားသွားပါတယ်။ သာမန်လူတွေက ကိုယ်ကျိုးဖြစ်တဲ့ အတ္တတ္ထကို ပဓာနထားကြတယ်။ ဒီထက်နည်းနည်း ပိုသိတတ်သူများကတော့ ပတ်ဝန်းကျင်ကျိုးဖြစ်တဲ့ ဉာတတ္ထကို ဒုတိယ ဦးစားပေး အနေနဲ့ ကျင့်သုံးကြတာ နည်းနည်းပါးပါး ရှိတတ်ပါတယ်။ လောကအားလုံးရဲ့အကျိုး ဖြစ်တဲ့ လောကတ္ထကို ဦးတည်ကျင့်သုံးသူကတော့ အတော်လေး ရှားပါတယ်။

အာဇာနည်ပုဂ္ဂိုလ်များကတော့ လောကအားလုံးရဲ့အကျိုးဖြစ်တဲ့ လောကတ္ထကို ပထမဦးစားပေးအဖြစ် သတ်မှတ်ကျင့်သုံးပါတယ်။ မိမိနဲ့ သိမြင်ဆက်စပ်နေရတဲ့ ပတ်ဝန်းကျင်အကျိုး ဉာတတ္ထကို ဒုတိယဦးစားပေးအဖြစ် သတ်မှတ်ကျင့်သုံး ပါတယ်။ (ကျင့်သုံးပုံတွေကတော့ ငါးရာငါးဆယ်ဇာတ်တော်တွေမှာ ထင်ရှားပြီး သားပါ။)

ဒီနေရာမှာ လူငယ်တွေကို အလေးအနက် ဆွေးနွေးဖြေဆိုခဲ့တာကတော့ အာဇာနည်တို့ရတဲ့အကျိုးဆိုတာကို သဘောပေါက်နားလည်ရေးပါပဲ၊ အလောင်း တော် အာဇာနည်တို့က ကိုယ့်အတွက် ရရှိဖို့အဖြစ် အလုံးစုံသိတဲ့ သစ္စာသိဉာဏ် ပွင့်လင်းလာရေးဆိုတဲ့ ဗုဒ္ဓတ္ထကို သတ်မှတ်ပါတယ်။ ဗုဒ္ဓဘာသာအတော်များများပဲ အဲဒီ ဗုဒ္ဓတ္ထစရိယနဲ့ ပတ်သက်လို့ သိပ်သဘောမပေါက်ကြတာများတယ်။

သစ္စာသိဉာဏ်ပွင့်လင်းရေးဆိုတာ သစ္စာဉာဏ်ကို တိုက်ရိုက်အားထုတ်လို့ရတာ မဟုတ်ပါဘူး၊ သစ္စာဉာဏ်ကို ဖုံးကွယ်ထားတာက လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတရားများပါ။ သစ္စာသိဉာဏ်ကို ဖုံးကွယ်ထားခြင်းဟာ သတ္တဝါတွေကို သံသရာထဲ ပိတ်လှောင်ညှဉ်းဆဲနေတဲ့ သဘောပဲဖြစ်လို့ ကိလေသာတွေဆိုတာ မလိုလားအပ်တဲ့တရားများပဲ ဖြစ်ပါတယ်။

ဒါကြောင့် အာဇာနည်ပုဂ္ဂိုလ်များဟာ မလိုလားအပ်ဆုံး ကိလေသာတွေ လျော့ပါးရေးကိုသာ သူတို့အတွက် အရေးအကြီးဆုံးလို့ သတ်မှတ်ကျင့်သုံးကြ တာပါ။

ပိတ်ပင်တတ်တဲ့ ကိလေသာအကြောင်းတရားတွေ ကင်းရှင်းသွားခြင်းဟာ လိုလားအပ်တဲ့ သစ္စာသိဉာဏ်ဖြစ်ပေါ်ရေးအတွက် လမ်းပွင့်သွားခြင်းပဲဖြစ်လို့ ကိလေသာတွေ တဖြည်းဖြည်းလျော့ပါးသွားရေးကို ဦးတည်ကျင့်သုံးခြင်းကို ဗုဒ္ဓတ္ထစရိယလို့ခေါ်ပါတယ်။ သစ္စာသိဉာဏ်အဆင့်ဆင့် တိုးတက်မြင့်မားလာစေ တဲ့အတွက် ဒီကျင့်သုံးမှုများကို ပါရမီလို့ ခေါ်ရတာပါ။ မြင့်မြတ်တဲ့အဆင့် ရောက်ရာ ရောက်ကြောင်း အကျင့်တရားများပေ့ါ။

ဒီနေရာမှာ တချို့လူငယ်တွေက "တပည့်တော်တို့က သစ္စာသိမြင်ရေးဆိုတဲ့ လောကုတ္တရာကို မရည်ရွယ်နိုင်ကြသေးပါဘူး။ လောကီကြီးပွားချမ်းသာရေးနဲ့ ငြိမ်းချမ်းသာယာဝပြောရေးကိုသာ အဓိကထားနေကြရတာဖြစ်လို့ လိုလားအပ်တဲ့ အရာတွေ တိုးတက်ရေးက ပိုပြီးအရေးမကြီးဘူးလား" လို့ စောဒကတက်တာ မျိုးလည်း ကြုံဖူးပါတယ်။

လူတစ်ယောက်မှာ မလိုလားအပ်တဲ့ အနာရောဂါတစ်ခုခုရလာတဲ့အခါ ရောဂါ ပျောက်ကင်းရေးနဲ့ စီးပွားရရှိရေး ဘယ်ဟာက ပိုအရေးကြီးမလဲ--- အဲ့လိုလေး စဉ်းစားကြည့်ပါ။ မြတ်စွာဘုရားဖြစ်တော်မူပြီး ပထမဆုံးဟောတော်မူတဲ့ ဓမ္မစကြာ တရားတော် ဒုက္ခသစ္စာမှာလည်း "အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော-မလိုလား အပ်တဲ့အရာတွေကြောင့် ကြောက်ရွံ့နေရတဲ့ ဒုက္ခ"ကို အရင်သိရမယ်၊ ပြီးမှ "ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော- လိုလားအပ်တဲ့အရာတွေ မပြည့်စုံလို့ မျှော်ရတဲ့ဒုက္ခ" ကို သိရမယ်လို့ ဟောပါတယ်။

ကြောက်ရခြင်းဒုက္ခနဲ့ မျှော်ရခြင်းဒုက္ခတို့ဟာ လူ့လောကမှာ အထင်ရှားဆုံး လွှမ်းမိုးထားတဲ့ ဒုက္ခနှစ်မျိုးပါပဲ။ ဒီနှစ်မျိုးမှာ ကြောက်ရခြင်း ဒုက္ခက သတ္တဝါတွေကို အမြဲမပြတ်နှိပ်စက်တတ်တဲ့အတွက် ပထမဆုံးလွတ်အောင် ကြိုးစားကြရတာပါ။ ငါးရာငါးဆယ်ထဲက "ဒုဒ္ဒုဘဇာတ်တော်"ထဲမှာ အကြောက်အားကြီးတဲ့ယုန်နဲ့ အခြားသတ္တဝါတွေ ဆင်ခြင်တုံတရားကင်းပြီး ပြေးကြရာက သမုဒ္ဒရာထဲကျပြီး သေကြရမည့် အခြေအနေရောက်ကုန်ကြလို့ ဘုရားအလောင်းက အကြောက် လွန်နေတဲ့ သတ္တဝါတွေကို အကြောက်ကင်းအောင် ဆုံးမဖြေရှင်းပေးရပါတယ်။

ကြောက်ရွံ့မှုတွေ ကင်းသွားခြင်းဟာ ဘဝရဲ့အရေးအကြီးဆုံး အပြောင်းအလဲ ပါပဲ။ ဒါကို သဘောပေါက်မှ ကိုယ့်ဝန်းကျင်မှာ ဘာတွေ တိုးတက်ပြောင်းလဲသွားပြီ လဲဆိုတာကို သဘောပေါက်ကြမှာပါ။ တခြားနိုင်ငံရောက်နေကြတဲ့ မြန်မာပြည် ဖွားတွေက "မြန်မာနိုင်ငံမှာ ဘာတွေများ သိသိသာသာပြောင်းလဲသွားပြီလဲ"လို့ မေးတဲ့အခါတိုင်း "မလိုလားအပ်တဲ့ ကြောက်ရွံ့မှုတွေကတော့ သိသိသာသာကြီးကို လျော့ပါးပြောင်းလဲသွားပါပြီ . . ဒါတွေက ဖေ့စ်ဘုတ်ပေါ်မှာ ကြည့်ရင်လည်း သိသာပါတယ်" လို့ ဖြေခဲ့ရတယ် ဆိုတဲ့အကြောင်း လူငယ်တွေကို ရှင်းပြရပါတယ်။

အာဇာနည်တို့ လုပ်ဆောင်ကျင့်သုံးရတဲ့ လုပ်ငန်းကျင့်စဉ်တွေကတော့ ဒါန၊ သီလ စတဲ့ အကျင့်မြတ်ဆယ်မျိုးပါပဲ။ ဒါန သီလ အလုပ်တွေကို သာမန်လူတွေလည်း လုပ်ကြတာပါပဲ။ ဒါနဆိုတာ ကိုယ်လိုလားအပ်လို့ ရှာဖွေရရှိထားတဲ့ပစ္စည်းဝတ္ထုတို့ ကို စွန့်လွှတ်ရတာပါ။ သီလဆိုတာက ကိုယ့်စိတ်ထဲမှာ လောဘ၊ ဒေါသ၊ မောဟတို့ လွှမ်းမိုးပြီး မတရားလုပ်လိုနေကြတဲ့ အလိုဆန္ဒများကို စွန့် လွှတ်စောင့်ထိန်းရတာပါ။

ဒီအလုပ်တွေကို လုပ်ရာမှာ သာမန်လူများစုကြီးက မိမိတို့ ပိုင်ဆိုင်တဲ့ပစ္စည်း ဝတ္ထုကိုတော့ စွန့်လှူတယ်။ ပစ္စည်းဝတ္ထုပေါ် တွယ်တာတပ်မက်တဲ့ လောဘ ကိလေသာကိုကြတော့ အဆပေါင်းများစွာပြန်ရပါရစေဆိုပြီး တိုးတောင်းတတ် ကြတယ်။ "ဘယ်ဘက်က တစ်ဆုပ်ကြဲ . . ညာဘက် တစ်လှည်းဝင်ပါစေ" ဆိုတာ မျိုးပေ့ါ။ လိုအပ်တဲ့ ပစ္စည်းဝတ္ထုနည်းနည်းပါးပါးစွန့်ပြီး မလိုအပ်တဲ့ ကိလေသာတွေ တိုးသည်ထက်တိုးအောင် လုပ်နေတဲ့သဘောဖြစ်နေပါတယ်။ သီလဆောက်တည် ရာမှာလည်း အလားတူပါပဲ အသက်ရှည်ရာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း စတဲ့ တောင့်တချက်တွေနဲ့ ကိလေသာကို တိုးတောင်းတတ်ကြပါတယ်။ "နင့်အသက် တစ်ခါလွှတ်၊ ငါ့အသက် ဆယ်ခါလွှတ်ပါစေ" ဆိုတာမျိုးပေ့ါ။

အာဇာနည်တို့ ပြုတဲ့ဒါနမျိုးက ပစ္စည်းဝတ္ထုကို စွန့်လိုက်တာနဲ့ ပစ္စည်းဝတ္ထု အပေါ် တွယ်တာတပ်မက်တဲ့ လောဘကိလေသာကိုလည်း ယတိပြတ်စွန့်လွှတ် လိုက်ပါတယ်။ အလှူခံပုဂ္ဂိုလ်ကို ပူဇော်လိုတဲ့ စေတနာ၊ ချမ်းသာစေလိုတဲ့ မေတ္တာပဲ ထားပါတယ်။ ကိုယ့်အတွက် ငဲ့ကွက်တောင့်တမှု လုံးဝမပါပါဘူး။

သီလဆောက်တည်ရင်လည်း အလားတူပါပဲ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ် တာနဲ့အတူ သတ်လိုတဲ့ ဒေါသကိလေသာကိုလည်း စွန့်တယ်။ ခိုးခြင်းက ရှောင်ကြဉ် တော့လည်း ခိုးလိုတဲ့လောဘ ကိလေသာကိုပါ တစ်ခါတည်း စွန့်တယ်။ နည်းနည်း များများအလုပ်တိုင်းမှာ မလိုလားအပ်တဲ့ ကိလေသာတွေကို အများကြီးစွန့်နိုင် အောင် ပြုလုပ်ကြတာပါ။

ဒါကြောင့် အာဇာနည်တို့ရဲ့ လုပ်ငန်းမြတ်ဆယ်မျိုးလုံးဟာ ကိုယ့်အတွက် မလိုလားအပ်တဲ့ ကိလေသာတွေ တစ်ကြိမ်ထက်တစ်ကြိမ် လျော့လျော့သွားလို့ သူတို့ရဲ့စိတ်ဓာတ်တွေက မြင့်သည်ထက်မြင့်မြင့်လာပါတယ်။ ဒါကိုပဲ ပါရမီဖြည့်တယ် လို့ ခေါ်ရတာပါ။ အာဇာနည်တို့ရဲ့ လုပ်ရပ်တိုင်းဟာ ပါရမီဖြစ်ပါတယ်။ ဒါဟာ အာဇာနည်တို့ရတဲ့ အကျိုးပါပဲ။

ပါရမီမြောက်အာဇာနည်မြောက်စေတဲ့ လုပ်ငန်းမြတ်ဆယ်မျိုးကို စတင်နိုင်ဖို့ အတွက် ပထမဆုံးရှိသင့်တဲ့စိတ်ဓာတ်က "နေက္ခမ္မစိတ်ဓာတ်" ပါပဲ၊ နေက္ခမ္မဆိုတာ တောထဲထွက်သွားတာကို ဆိုလိုတာမဟုတ်ပါဘူး။ "ကာမတောစ ဘဝတောစ နိက္ခမ္မလက္ခဏံ နေက္ခမ္မံ" ဆိုတဲ့အတိုင်း လောကီအာရုံ ကာမဂုဏ်ဖြစ်တဲ့ ပစ္စည်း ဝတ္ထုများကို တွယ်တာခြင်းနှင့်ဘဝခန္ဓာအပေါ် တွယ်တာခြင်းတို့က ရုန်းထွက်ဝံ့ တဲ့စိတ်ဓာတ်ကို နေက္ခမလို့ ခေါ်တာပါ။

ဒီစိတ်ဓာတ်မျိုးမရှိဘဲ ဒီအလုပ်မျိုးကို မလုပ်နိုင်ပါဘူး။ သုမေဓာရသေ့ဆိုတာ သူဌေးသားဘဝမှာ ပိုင်ဆိုင်သမျှပစ္စည်းတို့ကို ငဲ့ကွက်ခြင်းမရှိဘဲ စွန့်လွှတ်ခဲ့သလို ဈာန်ရ ရသေ့ဖြစ်လာတော့လည်း ဒီပင်္ကရာဘုရားရှင်နှင့် နောက်ပါသံဃာလေးသိန်း တို့ နင်းကြွမည့် လမ်းမှာ မိမိရဲ့အသက်ခန္ဓာကို မငဲ့ကွက်ဘဲ ခန္ဓာကိုယ်ကို အလျား စင်းပြီး တံတားခင်းခဲ့ပါတယ်။ ဒါဟာ နေက္ခမစိတ်ဓာတ်ပါပဲ။

လယ်တီဆရာတော်ကြီးကတော့ အာဇာနည်တို့ရဲ့ လုပ်ငန်းမြတ်ဆယ်မျိုး ပြည့်စုံပြီးမြောက်ရေးမှာ ခန္တီပါရမီက အမိသဖွယ်၊ ဥပေက္ခာပါရမီက အဖသဖွယ် စောင့်ရှောက်ပေးရတယ်လို့ ဆိုပါတယ်။ ဆရာတော်က ချောက်ထဲကျနေတဲ့ မုဆိုးရဲ့ အသက်ကို ကယ်တင်ခဲ့တဲ့ မျောက်မင်းဇာတ်ကို သာဓကထုတ်ပြပါတယ်။

မုဆိုးပုဏ္ဏားတစ်ယောက် တောထဲမှာ သားကောင်ရှာရင်း အသူတရာနက်တဲ့ ချောက်ကြီးထဲကျတာ၊ ဘယ်လိုမှ ပြန်မတက်နိုင်တော့ အော်ဟစ်အကူအညီ တောင်းတဲ့အခါ ဘုရားအလောင်း မျောက်မင်းက ရောက်လာပြီး ပုဏ္ဏားရဲ့အသက်ကို ကယ်မယ်လို့ အခိုင်အမာ ဆုံးဖြတ်(အဓိဋ္ဌာန်ပြု)လိုက်တယ်။ ပြီးတော့မှ "ဘာမှမပူနဲ့ သင့်အသက်ကို ငါကယ်မယ်"လို့ ဝစီသစ္စာပြုတယ်။ ပြီးတော့ သင့်လျော်တဲ့ နွယ်ကြိုး တစ်ခုကိုရှာပြီး ချောက်ထဲကိုဆင်း၊ ပုဏ္ဏားကို နွယ်ကွင်းနဲ့ အခိုင်အမာချည်ပြီး တော့မှ တစ်ထစ်ချင်း ဆွဲတင်ခဲ့ရတာ ညနေအတော်စောင်းမှ မြေပြင်ပေါ်ရောက်ပါ သတဲ့။ တစ်နေကုန်နီးပါး ဆွဲတင်ခဲ့ရတော့ မျောက်မင်းအတော်ပင်ပန်းပြီး ပုဏ္ဏားကို မှီရင်း အနားယူလိုက်ရာက အိပ်ပျော်သွားတယ်။

အဲဒီအချိန်မှာ ပုဏ္ဏားက "ဒီနေ့အဖို့ နေလည်းစောင်းလှပြီ၊ သားကောင်ရှာချိန် မရှိတော့ဘူး၊ ဒီမျောက်ကိုပဲ သတ်ပြီး ယူတော့မယ်"လို့တွေးပြီး အနီးအနားမှာရှိတဲ့ ကျောက်ခဲနဲ့ မျောက်မင်းရဲ့ဦးခေါင်းကို ထုလိုက်တာ အရေထူ အရေပါးပါ ကွဲပြီး မျောက်မင်းတစ်ကိုယ်လုံး သွေးတွေ စိုရွှဲကုန်ပါရောတဲ့၊ သေတော့ မသေပါဘူး၊ မျောက်မင်းက အလျင်အမြန် ခုန်ထွက်လိုက်ပြီးတော့ "လောကမှာ ဒီလိုလူမျိုးလည်း ရှိပေသေးသကိုး"လို့ပြောပြီး "ပုဏ္ဏား ဒီတောထဲမှာ သားရဲတိရစ္ဆာန်ထူပြောတယ်၊ သင်... ဒီတောက လွတ်အောင်သွားမှဖြစ်မယ်၊ ငါသစ္စာပြုထားတဲ့အတိုင်း သင့် အသက်ကို ငါကယ်မယ်၊ ဒါပေမယ့် သင်နှင့်အတူ တွဲသွားလို့တော့ မဖြစ်ဘူး။ ငါက သစ်ပင်ပေါ်ကနေ တစ်ပင်ချင်း ကူးသွားမယ်၊ ငါ့သွေးစက်ကျရာအတိုင်း မှတ်ပြီး လိုက်ခဲ့ပေရော့"လို့ပြောပြီး သစ်ပင်တစ်ပင်က တစ်ပင် ခုန်ကူးပြီး လမ်းပြတယ်။

တောစပ်ကိုရောက်လို့ ရွာပြန်လမ်းကို တွေ့ရတော့မှ "ကဲ... ဒီလမ်းအတိုင်း သင့်ရွာကို ပြန်ပေရော့"လို့ အေးအေးဆေးဆေးပဲ ပြောလိုက်ပါတယ်။ ပုဏ္ဏားပြန်တဲ့ လမ်းကိုလည်း မျက်စိတစ်ဆုံး ကြည့်နေသေးတယ်တဲ့၊ ဒါဟာ အာဇာနည်တို့ရဲ့ စိတ်ဓာတ်ပါပဲ၊ မျောက်မင်းဟာ သူ့အသက်သေစေနိုင်လောက်တဲ့ ဒဏ်ရာကြီး ရထားပေမယ့် သူ့ဆုံးဖြတ်ထားတဲ့အတိုင်း ပုဏ္ဏားကို တောထဲက လွတ်မြောက် သည်အထိ ကယ်ဆယ်ခဲ့ပါတယ်။ အာဇာနည်ဆိုတာ ကိုယ့်ဆုံးဖြတ်ချက် ဆုံးခန်း တိုင်ရောက်ရေးအတွက် အသက်ကိုပင် ငဲ့ကွက်ခြင်းမပြုကြပါဘူး၊ ဒါကြောင့်လည်း ပါရမီတွေဆုံးခန်းတိုင် ပြည့်စုံပြီးမြောက်သွားတာပါ။ (မျောက်မင်းရဲ့မြင်ကွင်းကွယ်တဲ့ နေရာလည်းရောက်ရော ကျေးဇူးကန်းတဲ့ ပုဏ္ဏားတော့ မြေမျိုသွားပါသတဲ့။)

ဒီနေရာမှာ လယ်တီဆရာတော်ဘုရားကြီး မှတ်ချက်ပြုခဲ့တာက "တကယ်လို့ မျောက်မင်းဟာ သေမတတ်ခံစားနေရတဲ့ သူ့ဝေဒနာအပေါ် သည်းခံတဲ့ ခန္တီပါရမီနဲ့ ကျေးဇူးကန်းတဲ့ ပုဏ္ဏားရဲ့အပြစ်ကို လျစ်လျူရှုနိုင်တဲ့ ဥပေက္ခာ ပါရမီတို့ရဲ့အစောင့် အရှောက်ကိုသာ မရခဲ့ရင် ဘုရားလောင်းရဲ့ပါရမီလုပ်ငန်းကြီး ဆယ်ရပ်လုံး ဒီနေရာ မှာ ရပ်ဆိုင်းသွားမှာ မလွဲဘူး။ ဒီပါရမီနှစ်ခုရဲ့ အစောင့်အရှောက်ကိုရလို့သာ သူ့အဓိဋ္ဌာန်နဲ့ ဝစီကံ သစ္စာအတိုင်း ဆုံးခန်းတိုင်ကူညီနိုင်ခဲ့လို့ ပါရမီလုပ်ငန်းတွေ လည်း မပျက်ခဲ့တာပါတဲ့။

ပုဏ္ဏားမြေမျိုခံရတာကတော့ သူ့အပြစ်နဲ့သူ ဖြစ်သွားတာပဲ၊ ဘုရားအလောင်း အတွက်တော့ ပုဏ္ဏားအပေါ် အမျက်ဒေါသမထွက်ခြင်း ကိုယ့်ရဲ့အသက်နဲ့ ခန္ဓာကိုယ်ကို တွယ်တာတဲ့ တဏှာလောဘကလည်း ရုန်းထွက်နိုင်ခြင်းတို့ကြောင့် မလိုလား အပ်တဲ့ ကိလေသာဆိုးတွေလျော့ပြီး ပါရမီမြောက်သွားခဲ့ပါတယ်။

ဒီဇာတ်တော်ဟာ အာဇာနည်တို့အတွက် သတိပြုစရာ နမူနာကောင်းတစ်ခုပါ။ ကိုယ်က အကောင်းဆုံးပြုပေးထားသူတိုင်းဟာ ကိုယ့်အပေါ် အကောင်းဆုံး တုံ့ပြန်ကြမှာချည်းမဟုတ်ပါဘူး။ ဇာတ်တော်ထဲက မုဆိုးပုဏ္ဏားလို အဆိုးဆုံးနဲ့ တုံ့ပြန်သူ တွေလည်း ရှိနိုင်ပါတယ်။

ဒီလိုတွေ့ကြုံလာတဲ့အခါမျိုးမှာ ကိုယ့်ရဲ့ဆုံးဖြတ်ချက် အဓိဋ္ဌာန်ပါရမီမပျက်ဘဲ အဆင့်ဆင့် ပြောင်းလဲတိုးတက်ခြင်းဆိုတဲ့ ပါရမီကုသိုလ်မျိုးတွေ ဆက်နိုင်ဖို့ ဆရာတော်ကြီးထောက်ပြတဲ့ ခန္တီပါရမီနဲ့ ဥပေက္ခာပါရမီဆိုတဲ့ မိဘနှစ်ပါးတို့ကို ကိုယ့်စိတ်ထဲမှာ အမြဲတမ်းကိန်းအောင်းနေအောင် ကြိုးစားကြရမှာပါ။

ကျေးဇူးကန်းပြစ်မှားသူတို့ဟာ နောက်ဆုံးတော့ မုဆိုးပုဏ္ဏားလို သူတို့ကံက သူတို့ကို စီမံသွားတာကတော့ သူတို့ကိစ္စပေါ့။ ကိုယ့်ဆုံးဖြတ်ချက်အတိုင်း မဆုတ်မနစ် မှန်မှန်ဆက်သွားရန် ကိုယ့်သန္တာန်မှာရော ကိုယ်ကျင်လည်နေရတဲ့ ဝန်းကျင်မှာပါ မလို လားအပ်တဲ့ တရားဆိုးတွေ လျော့ပါးရာက နောက်ဆုံးချုပ်ငြိမ်းပြီး လိုလားအပ်တဲ့ အရာတွေလည်း ပြည့်စုံသွားမှာ မလွဲပါဘူး။

ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ပုဂ္ဂိုလ်များဟာလည်း သူတို့ရဲ့ အသက် ခန္ဓာကိုယ် စွန့်လွှတ်ရသည်အထိ မဆုတ်မနစ်ကြိုးစားခဲ့တဲ့အတွက် ဒီပြည်ထောင်စု ကြီးဟာ မလိုလားအပ်တဲ့ သူ့ကျွန်ကိုလိုနီဘဝက လွတ်မြောက်ပြီး လိုလားအပ်တဲ့ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအထိ ဖြစ်ပေါ်လာတာပါပဲ။

သူတို့ကိုယ်တိုင်လည်း မလိုလားအပ်တဲ့ ကိုယ်ကျိုးရှာ လောဘဆိုးစတဲ့ ကိလေသာတွေ လျော့ပါးသွားကြတဲ့အတွက် တစ်ဆင့်ထက်တစ်ဆင့် မြင့်တက် သွားမှာ မလွဲပါဘူး။

ဒါကြောင့် ဒီနေ့ သူတို့အတွက် ရည်စူးပြုလုပ်တဲ့ ကုသိုလ်အဖို့ကို ရောက်လေရာ သုဂတိဘဝက နှစ်ဝနတ်နား ကြားသိဝမ်းမြောက် နိုင်ကြပါစေလို့သာ ရည်မှန်းပြီး အမျှပေးဝေကြပါစို့။ ။

"အာဇာနည်တို့ရဲ့ လုပ်ငန်းမြတ်ဆယ်မျိုးလုံးဟာ ကိုယ့်အတွက် မလိုလားအပ်တဲ့ ကိလေသာတွေ တစ်ကြိမ်ထက် တစ်ကြိမ် လျော့လျော့သွားလို့ သူတို့ရဲ့ စိတ်ဓာတ်တွေက မြင့်သည်ထက် မြင့်မြင့်လာပါတယ်။ ဒါကိုပဲ ပါရမီ ဖြည့်တယ်လို့ ခေါ်ရတာပါ။ အာဇာနည်တို့ရဲ့ လုပ်ရပ်တိုင်းဟာ ပါရမီဖြစ်ပါတယ်။ ဒါဟာ အာဇာနည်တို့ရတဲ့ အကျိုးပါပဲ"

အာဇာနည်မိသားစုဝင်တွေကို တွေ့ဆုံနှုတ်ဆက်ခွင့်ရတာ ဂုဏ်ယူပါတယ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

၂၀၁၉ ခုနှစ် (၇၂)ကြိမ်မြောက် အာဇာနည်နေ့ အခမ်းအနားက မြန်မာ့သမိုင်းမော်ကွန်းတွင် ကမ္ပည်းတင်ရေးထိုးရမည်ဖြစ်သည်။

ယခုနှစ်အခမ်းအနားတွင် အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို နိုင်ငံတော်သမ္မတဦးဝင်းမြင့် ကိုယ်တိုင်တက်ရောက်ဂါရဝပြုခဲ့၍ဖြစ်သည်။

ဤသည်မှာ အာဇာနည်နေ့အခမ်းအနားသို့ ပါလီမန်အစိုးရခေတ် ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀ ခုနှစ်များတွင် ထိုစဉ်က နိုင်ငံတော်သမ္မတ မန်းဝင်းမောင်နှင့် တော်လှန်ရေးကောင်စီခေတ် ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းတို့ တက်ရောက်ဂါရဝပြုပြီး နှစ်ပေါင်း ၅၀ ကျော်အကြာတွင် ယခု နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်ဂါရဝပြုခြင်းဖြစ်သည်။

သို့ဖြင့် ၂၀၁၉ ခုနှစ် (၇၂)ကြိမ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုခဲ့ကြသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့၏ အာဇာနည်နေ့အမှတ်တရစကားများကို ဖော်ပြလိုက်ရပါသည်။

နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်

အာဇာနည်မိသားစုဝင်တွေကို အခုလို တွေ့ဆုံနှုတ်ဆက်ခွင့်ရတာ ဂုဏ်ယူပါတယ်။ အာဇာနည်မိသားစုဝင်တွေအားလုံးလည်း ကျန်းမာချမ်းသာပါစေလို့ အမြဲဆုတောင်းမေတ္တာပို့သလျက်ရှိပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်

အာဇာနည်နေ့ဆိုတာ နှစ်တိုင်းနှစ်တိုင်း ဖြစ်တဲ့ကိစ္စပဲ။ အားလုံးဟာ ကိုယ့်အတွေးနဲ့ကိုယ်ပဲ ရှိရမှာပေါ့။ ဘယ်လိုတွေးရမယ်။ ဘယ်လိုစိတ်ထားရမယ်ဆိုတာ ဘယ်သူကမှ ညွှန်ကြားလို့မရဘူး။ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ရမှာပါ။ အာဇာနည်ဆိုတာဘာလဲ။ ဘာဖြစ်လို့ အာဇာနည်နေ့ ကျင်းပရသလဲဆိုတာ လူတိုင်း လူတိုင်း ကိုယ့်ဘာသာ စဉ်းစားရမယ့်ကိစ္စဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ကျွန်တော်တို့ရဲ့ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ နိုင်ငံ့ခေါင်းဆောင်တွေကတော့ တိုင်းပြည်လွတ်လပ်ရေးရအောင် ပထမဦးစားပေးဆောင်ရွက်ခဲ့တယ်။ ဒုတိယကတော့ တိုင်းပြည်တိုးတက်အောင် လုပ်ကြမယ်ဆိုတဲ့စိတ်ပါ။ သူများနိုင်ငံတွေနဲ့ တန်းတူရင်ပေါင်တန်းနိုင်အောင် လုပ်ဖို့ပါ။ ကျွန်တော်တို့တိုင်းပြည်ကို စည်းနဲ့ကမ်းနဲ့ စနစ်တကျ ဆက်လက်တိုးတက်အောင် ဆောင်ရွက်ဖို့ ကျွန်တော်တို့အားလုံး လုပ်ကြဖို့ရှိတယ်ဆိုတာ ကျွန်တော်ပြောချင်ပါတယ်။

(၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

၂၀၁၉ ခုနှစ် မေလ ၁၄ ရက်နေ့ကစပြီးတော့ ဗီယက်နမ်နိုင်ငံကို ချစ်ကြည်ရေးခရီးသွားခဲ့ကြတယ်။ အဲဒီခရီးကို သမ္မတကြီး ဦးဆောင်တာ ဖြစ်ပါတယ်။ ကျွန်တော်လည်း အဖွဲ့ဝင်အဖြစ်နဲ့ ပါသွားပါတယ်။ ဗီယက်နမ်အစိုးရ ဖိတ်တာကတော့ ဗီယက်နမ် ဟန္နွိုင်းမြို့မှာကျင်းပတဲ့ (၅)ကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓညီလာခံကို ဖိတ်တာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကဆုန်လပြည့် ဗုဒ္ဓနေ့ အခမ်းအနားကို ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်ကို ဖိတ်ကြားပြီးတော့ ကျင်းပတဲ့ ခမ်းနားကြီးကျယ်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဟန္နွိုင်းမှာ ၅ ရက်လောက်နေထိုင်တဲ့အခါမှာ ဗီယက်နမ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

ခေါင်းဆောင်ကြီး ဟိုချီမင်းရဲ့ ဂူဗိမာန်ကိုလည်း သမ္မတကြီးနဲ့အတူ သွားရောက်လေ့လာခဲ့ရပါတယ်။ နေ့စဉ် လေ့လာရေးထွက်တဲ့အခါတိုင်း ဗီယက်နမ်ခေါင်းဆောင်ကြီး ဟိုချီမင်းရဲ့ ဂူဗိမာန်နဲ့ အဲဒီအစိုးရရုံးဌာနရှိတဲ့ရပ်ကွက်ကို ကားကဖြတ်ပြီး စီးနေရတော့ တစ်နေ့ အသွား/အပြန် နှစ်ခေါက် တွေ့ရတယ်။ ထူးဆန်းတာက စနေ၊ တနင်္ဂနွေဆိုရင် ခေါင်းဆောင်ကြီး သမ္မတကြီး ဟိုချီမင်းရဲ့ဂူဗိမာန်မှာ လာရောက်အလေးပြုတဲ့ ပြည်တွင်းက မျိုးဆက်သစ် ကျောင်းသား ကျောင်းသူတွေ၊ မူလတန်းကလေးတွေဆို မိဘတွေကိုယ်တိုင် လိုက်ပို့ကြတယ်။ နောက် နိုင်ငံခြားသားတွေ၊ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာ ပြည့်နှက်နေတာတွေ့ရပါတယ်။ ကျွန်တော်တို့ မြန်မာ့ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွေသွားတဲ့အခါ လမ်းကို မနည်းရှင်းပေးရတယ်။ တလေးတစားနဲ့ အာဇာနည်ခေါင်းဆောင်ကြီးကို ဂါရဝပြုကြတယ်။ နောက် မျိုးဆက်သစ်တွေကလည်း နှစ်တွေ ဘယ်လောက်ကြာကြာ၊ အချိန်တွေ ဘယ်လောက်ကုန်ဆုံးသွားသွား သမ္မတကြီး ဟိုချီမင်းနဲ့ နိုင်ငံအတွက် အသက်ပေးလှူသွားတဲ့ ခေါင်းဆောင်ကြီးတွေကို မမေ့ဖို့၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်သန်နေဖို့အတွက်ကို မူလတန်းကလေးတွေဆို မိဘတွေလိုက်ပို့ရမယ်၊ အလယ်တန်း၊ အထက်တန်းနဲ့ တက္ကသိုလ်ကျောင်းသားတွေဆိုရင် ကျောင်းက စီစဉ်ပေးရမယ်။ တစ်နှစ်မှာ အနည်းဆုံး သုံးကြိမ်လောက် ကျောင်းသား ကျောင်းသူတွေက ခေါင်းဆောင်ကြီး ဟိုချီမင်းရဲ့ ဂူဗိမာန်ကို အလေးပြုကြရပါတယ်။

ခေါင်းဆောင်ကြီး ဟိုချီမင်းငယ်စဉ်ကစပြီး ရုန်းကန်ကြိုးစားလှုပ်ရှားမှုတွေ၊ တိုက်ပွဲဝင်မှုတွေ၊ အဖ ဗီယက်နမ်နိုင်ငံအတွက် အသက်စွန့်မှု ပေးဆပ်မှုတွေကို ဖော်ပြထားတယ်။ သွားကြည့်၊ နားထောင်ရင် ကျွန်တော်တို့တောင် မျက်ရည်လည်ပါတယ်။ သမ္မတကြီးကလည်း ထိုနည်း လည်းကောင်းပါပဲ။ အဲဒီညမှာ တည်းခိုတဲ့ဟိုတယ် ရောက်တဲ့အခါ ပြန်တိုင်ပင်ပါတယ်။ အဓိပ္ပာယ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများကလည်းပဲ ဗီယက်နမ်ခေါင်းဆောင်ကြီး ဟိုချီမင်းထက် မလျော့သော ဇွဲ၊ လုံ့လနဲ့ နိုင်ငံကို သူ့ကျွန်ဘဝက လွတ်မြောက်ဖို့ရအောင် ကြိုးပမ်းခဲ့တယ်။ အသက်ပေးခဲ့တယ်။ ဘာတစ်ခုမှ ပိုင်ဆိုင်မှု မရှိဘူး။ ဟိုချီမင်းရဲ့ နေအိမ်ပြတိုက်ရောက်တဲ့အခါမှာလည်း တာဝါလိန်းလမ်းမှာရှိတဲ့ ဗိုလ်ချုပ်နေအိမ်ပြတိုက်နဲ့ ယှဉ်တဲ့အခါမှာ ဆင်းရဲပုံချင်းအတူတူပါပဲ။ အဝတ်အစားသုံးစုံလောက်ပဲရှိပါတယ်။ ဘာမှတန်ဖိုးကြီးတဲ့ အဆောင်အယောင်ပစ္စည်း မရှိပါဘူး။ ခေါင်းဆောင်ကြီး နှစ်ယောက်က အင်မတန်တူပါတယ်။ နိုင်ငံအတွက်၊ လူမျိုးအတွက် စွန့်လွှတ်စွန့်စားသွားတဲ့နေရာမှာ ကျွန်တော်တို့ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ခေါင်းဆောင်ကြီး ဟိုချီမင်းနဲ့ ဘက်ပေါင်းစုံမှာ ယှဉ်လို့ရပါတယ်။

ဒါတွေကို နောင်လာနောက်သား မျိုးဆက်သစ်တွေ သိနေဖို့လိုတယ်။ တန်ဖိုးထားတတ်ဖို့လိုတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ဂုဏ်ကျေးဇူးကို မျိုးဆက်သစ်တွေရဲ့ နှလုံးသားမှာ အမြဲကိန်းအောင်းနေအောင် ကြိုးပမ်းဖို့လိုတယ်ဆိုပြီး ကျွန်တော့်ကို သမ္မတကြီးက တာဝန်ပေးပါတယ်။ အဲဒီအကျိုးဆက်အနေနဲ့ အခု(၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားမှာ သမ္မတကြီးကိုယ်တိုင် တက်ရောက်ခြင်းဖြစ်ပါတယ်။ သမ္မတကြီးတက်ရင် ဒါက သမိုင်းဝင်တဲ့ ဆောင်ရွက်ချက်ဖြစ်သွားမယ်။ သမိုင်းဝင်ပါစေ၊ မဝင်ပါစေက အဓိက မဟုတ်ပါဘူးတဲ့၊ ဟိုချီမင်းထက် မလျော့တဲ့ ဇွဲ၊ လုံ့လနဲ့ တိုင်းပြည်အတွက် အနစ်နာခံခဲ့တဲ့ ဗိုလ်ချုပ်ကို လေးစားဂုဏ်ယူလို့ သူ တက်မယ်ဆိုပြီး အဲဒီကတည်းက ဆုံးဖြတ်ခဲ့တာပါ။ ဒါသည် ဗီယက်နမ်ခရီးစဉ် မေလကတည်းက ကျွန်တော်နဲ့ သမ္မတကြီး တိုင်ပင်ခဲ့တဲ့ကိစ္စ ဖြစ်ပါတယ်။

နောက်တစ်ခါ ယဉ်ကျေးမှုဝန်ကြီး တစ်ယောက်အနေနဲ့ ဘာဆက်လုပ်မလဲတဲ့။ ဆက်လုပ်မှာက မြန်မာတစ်နိုင်ငံလုံး ဒီနေ့ အာဇာနည်နေ့မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မြို့နယ်တိုင်း မြို့နယ်တိုင်းမှာ အာဇာနည်နေ့အခမ်းအနားကို တစ်ပြိုင်တည်း ကျင်းပပါမယ်။ နိုင်ငံတော်အခမ်းအနားအနေနဲ့ ကျင်းပပါမယ်။ အဲဒီမတိုင်မီမှာ အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွေကိုလည်း လက်လှမ်း မီသမျှ ကျယ်ကျယ်ပြန့်ပြန့်လုပ်ပါမယ်။ မျိုးဆက်သစ်တွေ အတွက် စာပေ၊ ပန်းချီ၊ ဂီတပြိုင်ပွဲတွေ လုပ်နေပါတယ်။ ပြည့်စုံ ခြင်းတော့ မရှိသေးပါဘူး။ တစ်ခုရှိတာက ဟန္နွိုင်းမြို့မှာက ခေါင်းဆောင်ကြီး ဟိုချီမင်းရဲ့ ဂူဗိမာန်က ပြည်သူ့ရင်ပြင်လို နေရာမျိုးမှာ ရှိတာဖြစ်တယ်။ မော်တော်ယာဉ်တွေ ရပ်လို့ရတယ်၊ လူပုဂ္ဂိုလ်တွေ သိန်းနဲ့ချီပြီး ရပ်လို့ရတယ်။ ဒီမှာ ဗိုလ်ချုပ် နေအိမ်ပြတိုက်က တာဝါလိန်းလမ်းသွယ်ထဲမှာဆိုတော့ ယာဉ်၊ လူပုဂ္ဂိုလ်အထွက်အခက်အခဲရှိတယ်။ ဟန္နွိုင်းမြို့ရဲ့အနေအထားမျိုးတော့ မရသေးပါဘူး။ ဒါတော့ နောင်ကျမှ တစ်မျိုးတစ်ဖုံ စဉ်းစားပါမယ်။ ပြောချင်တာက တိုင်းပြည်အတွက် အဝတ်တစ်ထည်၊ ကိုယ်တစ်ခု နဲ့ စွန့်လွှတ်သွားတာ။ နောက်ဆုံးပိတ် အသက်ပါစွန့်သွားတယ်။ ဗိုလ်ချုပ်နဲ့အာဇာနည် ခေါင်းဆောင်ကြီးတွေရဲ့ဂုဏ်ကျေးဇူးက ကြီးမြတ်လှပါတယ်။

ဒီလို အာဇာနည်နေ့ရောက်တိုင်း ရောက်တိုင်း ဗိုလ်ချုပ်ရဲ့ အဆုံးအမ ဩဝါဒတွေ၊ မိန့်ခွန်းတွေလွှင့်ပေးတယ်။ ဗိုလ်ချုပ်နဲ့ ပတ်သက်တဲ့ သီချင်းတွေ လွှင့်ပေးတယ်။ ဒီနေ့ (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပတဲ့ အခါသမယမှာ မှာချင်တဲ့ သတင်းစကားက မျိုးဆက်သစ်တွေရော၊ မျိုးဆက်ဟောင်းတွေရော အကြီးမြတ်ဆုံးသော သစ္စာ၊ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် အသက်ပေးမယ်ဆိုတဲ့ အဲဒီသစ္စာကိုပဲ ခံယူကြဖို့လိုပါတယ်။ ဒါမှသာလျှင် နောင် သားစဉ်မြေးဆက် ဒီပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးက ထာဝရငြိမ်းချမ်းရေးရပြီးမှ ဖွံ့ဖြိုးတိုးတက်တဲ့ ဂုဏ်သိက္ခာမြင့်မားတဲ့ ပြည်ထောင်စုကြီး၊ နိုင်ငံတော်ကြီးနဲ့ နိုင်ငံသားတွေဘဝကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒီလိုရရှိဖို့အတွက် နိုင်ငံတော်အစိုးရနဲ့အတူ တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းပြီးသတ္တိရှိရှိ လက်ချင်းချိတ်ပြီး တည်ဆောက်ကြဖို့ လိုအပ်ပါတယ်လို့ ပြောချင်ပါတယ်။

တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ ဝင်းဝင်းမော်
ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်

ဆွမ်ပရာဘွမ်၌ (၇၂)နှစ်မြောက် အာဇာနည်နေ့ အလေးပြုအခမ်းအနားနှင့် အထိမ်းအမှတ်ပြိုင်ပွဲ ဆုချီးမြှင့်

ဆွမ်ပရာဘွမ် ဇူလိုင် ၁၉ - ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့တွင် (၇၂)နှစ်မြောက် အာဇာနည်နေ့အလေးပြုခြင်းအခမ်းအနားနှင့် အထိမ်းအမှတ်ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ဆွမ်ပရာဘွမ်မြို့ ဘန်ရှုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးဆောင်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်အပေါင်းတို့အား အလေးပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချ ဂါရဝပြုခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေပြည်တော်ကောင်စီရုံး၌ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

(၇၂) နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရုမဟာဝိသုတာ ရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီး ဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ **(ယာပုံ)**

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်ဇနီးနှင့် ဧည့်ပရိသတ်များသည် နိုင်ငံတော်သြဝါဒါစရိယစျေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ သံဝေဂကထာတရား နာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ ပြောကြားအမှတ်တရစကား

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ စုံစုံညီညီ တက်ရောက်လာကြသည်။ သည်နေ့ သည်အခါ ရောက်တိုင်းသူတို့၏မျက်နှာတွင် ဝမ်းနည်းကြေကွဲရိပ်များ၊ လွမ်းဆွတ်တသ သတိတရ ပုံရိပ်များက ထင်ဟပ်နေကြသည်။ အောက်မေ့ကြပါလိမ့်မည်။ အမှတ်ရကြပါလိမ့်မည်။ သို့နှင့် ယနေ့အာဇာနည်နေ့ ခါသမယတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ ပြောကြားခဲ့ကြသည့် အမှတ်တရစကားများကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်။

ဦးအောင်ဆန်းဦး၏တူ ဦးရဲအောင်သန်း

တိုင်းပြည်အတွက် အနစ်နာခံအသက်စွန့်သွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဇူလိုင် ၁၉ ရက် တစ်ရက်တည်း သတိရတာမဟုတ်ဘဲ အမြဲတမ်းသတိရပါလို့ ပြောချင်ပါတယ်။

ဦးအောင်ဆန်းဦး၏တူ
ဦးရဲအောင်သန်း

သခင်မြ၏သား
ဦးရဲမြင့်အောင်

ဒီးဒုတ်ဦးဘချို၏မြေး
ဦးသန့်ဇင်ချို

ဦးရာဇတ်၏ သား
ဦးတင်မြင့်

မန်းဘခိုင်၏ သမီး
နန့်ခင်ဌေးရီခိုင်

မန်းဘခိုင်၏သမီး
ဒေါ်မြင့်မြင့်ခိုင်

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ သား
စဝ်ကိုင်ဖ

ဦးအုန်းမောင်၏ သား
ဦးကိုကိုလတ်

ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီး
အောင်ကိုကို(ငြိမ်း)

သခင်မြ၏သား ဦးရဲမြင့်အောင်

ဒီနေ့လို အခမ်းအနားကို နှစ်တိုင်းလည်း တက်နေတာဆိုတော့ ဒီနှစ် အစီအစဉ်က ကောင်းပါတယ်။ ဒီနေ့ရောက်တိုင်း အိမ်မှာဘုန်းကြီးဆွမ်းကပ်ပါတယ်။ မျိုးဆက်သစ် လူငယ်တွေကို ပြောချင်တာက အာဇာနည်ခေါင်းဆောင်ကြီးတွေ လွတ်လပ်ရေးအတွက် စည်းစည်းလုံးလုံးလုပ်ခဲ့သလို မျိုးဆက်သစ်လူငယ်တွေကိုလည်း တစ်ယောက်နဲ့ တစ်ယောက် စည်းစည်းလုံးလုံးဖြစ်စေချင်ပါတယ်။ မျှော်မှန်းတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးရောက်ဖို့ အားလုံးစည်းစည်းလုံးလုံး လုပ်စေချင်ပါတယ်။

ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်ဇင်ချို

ကျဆုံးလေပြီးတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အမှတ်တရအနေနဲ့ အခု အလေးပြုတဲ့ အခမ်းအနား တက်ရောက်လာရတဲ့အတွက် ဂုဏ်ယူပါတယ်။ ခေါင်းဆောင်ကြီးတွေ ကျဆုံးသွားတဲ့အတွက် နစ်နာမှုတွေရှိပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ရှေ့က ရဲရဲဝံ့ဝံ့ အသက်စွန့်ပြီး ပြည်ထောင်စုကြီးပေါ်ပေါက်လာအောင် ပင်လုံစာချုပ်နဲ့ ကြိုးစားပြီး လုပ်သွားကြတယ်။ ဒီအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အင်မတန်အရေးကြီးပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှ ပြည်တွင်းစစ်တွေက အမြန်ဆုံး အဆုံးသတ်ပြီး ငြိမ်းချမ်းရေးရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် အားလုံးကလည်း ကိုယ့်အသိစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေးအတွက် တတ်နိုင်တဲ့ဘက်ကနေပြီး အားလုံးဝိုင်းဝန်းကူညီ ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်။

ဦးရာဇတ်၏ သား ဦးတင်မြင့်

ဒီနှစ် ထူးထူးခြားခြားကတော့ နိုင်ငံတော်သမ္မတ ကိုယ်တိုင်တက်လာတယ်ဆိုတော့ ကျွန်တော့်အနေနဲ့ အင်မတန်မှ ဝမ်းသာပါတယ်။ ကိုယ်တိုင်လာတယ်ဆိုတော့ ကျွန်တော်တို့ မိသားစုတွေအနေနဲ့ အတိုင်းထက်အလွန် ဝမ်းသာပါတယ်။ ၁၉၅၈ ခုနှစ်က ၁၉၆၁ ထိ သမ္မတကြီး မန်းဝင်းမောင် တက်ခဲ့တယ်။ ၁၉၆၂ ခုနှစ်ကျတော့လည်း ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်တက်ခဲ့ပါတယ်။ ကျွန်တော်တို့ အမေတွေနဲ့လည်း ရင်းရင်းနှီးနှီး

စာမျက်နှာ ၉ သို့

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

(၇၂) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၁) ရပ်ကွက် တက္ကသိုလ် ရိပ်သာလမ်း အမှတ်(၅၄)ရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ကျင်းပသည်။ (ယာပုံ)

နှစ်မိနစ်ငြိမ်သက်ဂါရဝပြု

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် နှစ်မိနစ်ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆုတောင်းမေတ္တာပို့သ

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူ ဗဟို အဖွဲ့ချုပ် အဖွဲ့ဝင် ဦးမျိုးကိုကိုနှင့် ဦးဆူနီလ်၊ အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ဆော်ဩရေးမှူး အယ်လ်ဟာဂျီ ဦးအေးလွင်၊ မြန်မာနိုင်ငံ ဂျူးဘာသာခေါင်းဆောင် ဆရာဦးစယ်မီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ကြိုင်နှင့် အဖွဲ့ဝင်ဒေါ်ကျင်လှ၊ ဆစ်ခ်ဘာသာကိုယ်စားနယ်လှည့် ဆစ်ခ်သာသနာ အကျိုးတော်ဆောင် ဂရာနီးသာရာဆင်း(တောင်ကြီး)၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီကိုယ်စားသာသနာပိုင် ဒေါက်တာ စံမြတ်ရွှေတို့က မေတ္တာစကားများပြောကြားကြပြီး ကိုးကွယ်ရာဘာသာများ အလိုက်ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ ဂိုဏ်းအုပ်ဆရာတော် ဂျွန်မန်းဆိန်းယို က ဆုတောင်းစကား ပြောကြားသည်။

ကောင်းချီး မင်္ဂလာပေး

ထို့နောက် တက်ရောက်လာကြသည့် ပရိသတ်များက "ဖြောင့်မတ် မည်ကျူး" ဓမ္မဂုဏ်တော်ချီးမွမ်းပြီး သိက္ခာတော်ရဆရာ ဒေါက်တာ Aကိုလေးက ကောင်းချီးမင်္ဂလာပေး၍ ဆုတောင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆုတောင်းပွဲသို့ နိုင်ငံတော် သမ္မတ (ငြိမ်း) ဦးထင်ကျော်နှင့်ဇနီး၊ ဒုတိယ သမ္မတ ဦးဟင်နရီ ဗန်ထီးယူ ၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့်ဇနီး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များတက်ရောက်ကြသည်။

သတင်းစဉ်

စာမျက်နှာ ၈ မှ

စကားပြောကြပါတယ်။ အဲဒါလေးတွေ အမှတ်ရနေတော့ ဒီနှစ်သမ္မတကြီးကိုယ်တိုင်တက်လာတော့ အတိုင်းထက်အလွန် ဝမ်းသာပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့က နံပါတ် (၁) စည်းကမ်းရှိရမယ်၊ နံပါတ် (၂) က စည်းစည်းလုံးလုံးရှိဖို့ အရေးကြီးပါတယ်။ လူငယ်တွေအနေနဲ့ကတော့ ပညာတတ်ဖို့ လိုပါတယ်။

ဦးဘဝင်း၏ သား ဦးထွေးဝင်း

ကျွန်တော်က အသက် (၇၃) ထဲရောက်ပြီ။ အသက်ကြီးပြီ။ တကယ့်ဒီမိုကရေစီနဲ့ တွေ့ချင်ပါတယ်။ လူတွေ ရိုးသားကြဖို့လိုတယ်။ တိုင်းပြည်ချစ်ဖို့ပါ။ အခုတော့ အရှေ့တောင်အာရှမှာ အချမ်းသာဆုံးနိုင်ငံကနေ အဆင်းရဲဆုံးနိုင်ငံဖြစ်။ ဒါကရှင်းနေတာပဲ မလုပ်တတ်လို့ဆိုတာ။ လုပ်တတ်တဲ့နိုင်ငံတွေ ချမ်းသာလာတယ်။ စိတ်မကောင်းဘူး။

မန်းဘခိုင်၏ သမီး နန့်ခင်ဌေးရီခိုင်

အာဇာနည်နေ့ကတော့ ကျွန်မတို့ရဲ့ဖခင် ကျဆုံးသွားတဲ့အတွက် ဝမ်းနည်းရတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ အာဇာနည်နေ့ကို အခုလိုကျင်းပပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ကိုယ့်ဖခင်ရဲ့ အမှတ်တရ၊ အောက်မေ့ဖွယ်ကို အခုလိုကျင်းပပေးတဲ့အတွက်ကြောင့် အထူးကျေးဇူးတင်ပါတယ်။

မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်

အဖေရှိတုန်းက လွှတ်တော်မှာပြောသွားတဲ့ ပြောကြားချက် ပြန်နားထောင်ရတဲ့အခါ ကရင်မြန်မာလက်တွဲပြီးတော့ နေမယ်။ မြန်မာတွေလွတ်လပ်ရေးရရင် ကရင်တွေ လွတ်လပ်ရေးရတာပဲ။ မြန်မာတွေကောင်းစားရင် ကရင်တွေကောင်းစားမှာပဲ။ အဲဒီလို ယုံကြည်ချက်နဲ့လုပ်သွားတာ။ ခေါင်းဆောင်ကြီးတစ်ယောက် အခုလို ကျဆုံးသွားတဲ့အတွက် အလွန်နှမြောဖို့ ကောင်းပါတယ်။ နိုင်ငံစည်းလုံးဖို့ အများကြီးကြိုးစားနေတဲ့ အချိန်မှာ သူတို့သာရှိရင် ဘယ်လိုနေမလဲလို့ မျှော်မှန်းမိပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးပြီးပြီးချင်း အာဇာနည်နေ့အခမ်းအနားတွေ ဒီလိုမလုပ်သေးဘူး။ သမ္မတကြီး မန်းဝင်းမောင် တက်လာတဲ့အခါကျမှ သူကစပြီး နိုင်ငံတော်အခမ်းအနားဆိုပြီး လုပ်ပေးသွားတာပါ။ အဲဒါကို နောင်တက်တဲ့အစိုးရ အဆက်ဆက် ဘယ်သူမှ မပယ်ဖျက်တော့ဘဲ တောက်လျှောက် လုပ်လာခဲ့တာပါ။ နိုင်ငံတော်က ကြီးမှူးလုပ်မှ တစ်ပြည်လုံးအတိုင်းအတာနဲ့ အသိအမှတ်ပြုကြတာပါ။ အဲဒါကြောင့် ကောင်းမွန်တဲ့ အစီအစဉ်တစ်ခုပါပဲ။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ သား စဝ်ကိုင်ဖ

ဒီနေ့ဟာ အာဇာနည်နေ့ဆိုတော့ အန်ကယ်တို့က ဖခင်တစ်ယောက်ဆုံးရှုံးရတဲ့ နေ့ပေါ့လေ။ ဒါပေမယ့် အန်ကယ်တို့ထက် ဆိုးတာက တိုင်းပြည်တစ်ခုလုံးဆုံးရှုံးရတာ။ ဒါကြောင့် အာဇာနည်တွေချမှတ်ထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ပြည်သူတွေအားလုံး အမှတ်တရဖြစ်ပြီး ညီညီညွတ်ညွတ် စုစုစည်းစည်းနဲ့ ဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်။

ဦးအုန်းမောင်၏ သား ဦးကိုကိုလတ်

အာဇာနည်နေ့က (၇၂) နှစ်ပြည့်သွားပြီဆိုတော့ အာဇာနည်ခေါင်းဆောင်ကြီးတွေအားလုံးကို တော်တော်လေး သတိရပါတယ်။ အထူးသဖြင့် ဒီ ၁၉ ရက်နေ့ နီးလာရင် သတိရတာပေါ့။ မျိုးဆက်သစ်တွေအကုန်လုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ နေထိုင်ပြီး တိုင်းပြည်တစ်ဝန်းအခုထက်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဖို့ စိတ်ဓာတ်တွေရှိဖို့ အရေးကြီးပါတယ်။ ပညာအရည်အချင်းကလည်း အရေးကြီးပါတယ်။

ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီး အောင်ကိုကို(ငြိမ်း)

ဒီနေ့က အာဇာနည်ခေါင်းဆောင်ကြီးတွေ ကွယ်လွန်ခဲ့တာ (၇၂)နှစ်ပြည့်တဲ့နေ့ ဖြစ်ပါတယ်။ အာဇာနည်ကြီးတွေထဲမှာ အဓိကကတော့ ဗိုလ်ချုပ်အောင်ဆန်းပေါ့၊ ဗိုလ်ချုပ်နဲ့တကွ အာဇာနည်ကြီးတွေ စွမ်းဆောင်ခဲ့တဲ့အဓိကအချက်ကြီး နှစ်ချက်ရှိပါတယ်။ ဆုံးရှုံးနေတဲ့ နိုင်ငံတော်ရဲ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ရရှိအောင်လုပ်ပေးခဲ့ရတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်တည်ဆောက်ပေးခဲ့တယ်။ အဲဒီအချက်နှစ်ချက်ကို လက်ရှိလူတွေက ဆက်ပြီးထိန်းသိမ်းသွားဖို့အရေးကြီးပါတယ်။ ၂၀၁၁ ခုနှစ်ကစပြီး ဒီအခမ်းအနားတွေကို စိတ်ကြိုက်တွေ့ပါတယ်။ ဒီနေ့တော့ နိုင်ငံတော် သမ္မတလည်း တက်ရောက်ပါတယ်။ အားလုံး လူစုံတက်တဲ့ အခမ်းအနားဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း - ဥမ္မာသန့်၊ မီမီဖြိုး
ဓာတ်ပုံ - ဇော်မင်းလတ် ၊ ရဲထွဋ်

❖ *ကျောဖုံးမှ*

များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရသောအားဖြင့် ဂါရဝပြုခြင်း ၊ လွမ်းသူ့ပန်းခွေချခြင်းတို့ပြုလုပ်ကြသည်။

ထို့အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး) တွင် လည်းကောင်း၊ အာဇာနည်ဗိမာန်တွင် လည်းကောင်း၊ မြို့နယ်များရှိ ပန်းခြံများတွင် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုများတွင် လည်းကောင်း လာရောက်ဂါရဝပြုသူ၊ လှေ့လာသူများဖြင့် များပြားခဲ့သည့်အပြင် (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် လူစည်ကားရာ နေရာများတွင် ပြည်သူများစုပေါင်းကာ စတုဒိသာကျွေးမွေးလှူဒါန်းမှုများလည်း ပြုလုပ်ကြသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန်ဖြစ်သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် လမ်းမကြီးများပေါ်တွင် သွားလာနေသည့် မော်တော်ယာဉ်များ၊ ပြည်သူများအနေဖြင့် ရပ်တန့်၍ ကားဟွန်းသံရှည် တီးခြင်းများနှင့်အတူ ဦးညွတ်ဂါရဝပြုမှုများ ဆောင်ရွက်ကြသည်။

ယနေ့တွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၊ အတွင်းဝန်ရုံးဟောင်း စသည့်နေရာများ၌ ဂါရဝပြုလေ့လာကြသော ပြည်သူ စုစုပေါင်း ခုနစ်သောင်းကျော်ရှိကြောင်း သိရပြီး အာဇာနည်နေ့ အခမ်းအနားများကို အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတစ်ဝန်း အထူးအလေးထား ကျင်းပခဲ့သည်။

ဇော်ကြီး

ရန်ကုန်မြို့ ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ကို ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများက လာရောက်ဂါရဝပြုကြစဉ်။ ဓာတ်ပုံ-တင်စိုး

အသည်းရောင်ရောဂါ ကင်းစင်ရေးနှင့် ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့၏ အခန်းကဏ္ဍ

ဒေါက်တာ ဝင်းအောင် (သုတေသီ) မြန်မာအသည်းဖောင်ဒေးရှင်း

ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့ (World Hepatitis Alliance- WHA) သည် အသည်းရောင်အသားဝါရောဂါ ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသော လူနာများကိုယ်တိုင် ဦးစီးဦးဆောင်ပြုဖွဲ့စည်းထားသည့် အကျိုးအမြတ်အတွက်မဟုတ်သော၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ အသည်းရောင်အသားဝါရောဂါပိုးရှိနေသော ကမ္ဘာ့လူသားပေါင်း ၃၂၅ သန်းကို ကိုယ်စားပြုပါသည်။ အထက်ပါအဖွဲ့အစည်းကြီးသည် ကမ္ဘာပေါ်တွင် အသည်းရောင်အသားဝါရောဂါ ကင်းစင်ရေးအတွက် ဆောင်ရွက်ရာတွင် ဦးဆောင်မှုပြုနေသည့် အဖွဲ့အစည်းကြီးဖြစ်ပါသည်။

ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့စတင်ဖွဲ့စည်းခြင်း

၂၀၀၀ ပြည့်နှစ်အစောပိုင်းကာလများတွင် ကမ္ဘာပေါ်၌ ဖြစ်ပွားမှုနှုန်းများပြားပြီး နှစ်စဉ်လူတစ်သန်းခန့် သေဆုံးစေသည့် အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုးရောဂါ များကို ကမ္ဘာ့လူဦးရေ၏ ၁၀ရာခိုင်နှုန်းခန့် ခံစားခဲ့ရပါသည်။ သို့သော် ရောဂါခံစားနေရသော လူနာကိုယ်တိုင်သာမက လူတော်တော်များက သတိမထား၊ ဂရုမပြုမိကြသောကြောင့် ဖော်ပြပါ ရောဂါများနှင့်ပတ်သက်၍ ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက လျစ်လျူရှုနေခဲ့ကြပါသည်။ ကမ္ဘာ့နိုင်ငံ အသီးသီးမှ ပြည်သူလူထု အခြေပြုဖွဲ့စည်းထားသော အသည်းရောင်ရောဂါအသင်းများသည် အထက်ပါကဲ့သို့ ထင်မြင်ခံစားရသည့်အတွက် အဆိုပါအသင်းများ စုစည်း၍ အကျိုးအမြတ်အတွက်မဟုတ်ဘဲ လှုပ်ရှားဆောင်ရွက်သော၊ အစိုးရမဟုတ်သော ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့ကို ၂၀၀၇ ခုနှစ်တွင် စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ အဖွဲ့ပေါင်း ၆၀ ဖြင့် စတင်တည်ထောင်ခဲ့ပြီး ဦးဆောင်စတင်ခဲ့သူ UK နိုင်ငံသား Mr. Charles Gore သည် အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်ပါသည်။ သူကိုယ်တိုင်သည်လည်း အသည်းရောင်အသားဝါ စီပိုးကူးစက်ခံခဲ့ရဖူးသူ တစ်ဦးဖြစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အသည်းရောင် စီပိုးရောဂါလူမှုအဖွဲ့ (Hepatitis C Trust) ကို ဦးဆောင်ဖွဲ့စည်းခဲ့သူ တစ်ဦးလည်း ဖြစ်ပါသည်။ WHA သည် စတင်ဖွဲ့စည်းခဲ့စဉ်က အဖွဲ့ဝင်ပေါင်း ၆၀ သာရှိခဲ့သော်လည်း ယနေ့အချိန်တွင် နိုင်ငံပေါင်း ၉၁ နိုင်ငံမှ အဖွဲ့ပေါင်း ၂၇၀ ကျော်ဖြင့် ဖွဲ့စည်းထားနိုင်ပြီ ဖြစ်ပါသည်။

ကမ္ဘာ့အသည်းရောင်ရောဂါနေ့ ဖြစ်ပေါ်လာပုံ

ကမ္ဘာ့နိုင်ငံအသီးသီးမှ ပြည်သူလူထု အခြေပြု အသည်းရောင်ရောဂါအသင်းများ စုစည်းဖွဲ့စည်းထားသော အထက်ဖော်ပြပါ အသင်းကြီးက ၂၀၀၈ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ပထမဦးဆုံးသော ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အခမ်းအနားကို "အသည်းရောင်ရောဂါရဲ့ ၁၂ ဦးမြောက် လူနာဟာသင်ဖြစ်နေမလား" (Am I Number 12 ?) ဆောင်ပုဒ်ဖြင့် ကမ္ဘာ့ပြည်သူများပါဝင်မှုဖြင့် ကျင်းပနိုင်ခဲ့ပါသည်။ အသင်းကြီးအနေဖြင့် ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) မှ ဂရုပြုလာရအောင် ၂၀၁၀ ပြည့်နှစ်တွင် ကျင်းပသော (၆၃) ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံတွင် အသည်းရောင်ရောဂါများကို အလေးပေး၊ သတိထားမှု ရရှိနိုင်စေရန်အတွက် အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ပိုးရှိသူ သန်း ၅၀၀ ခန့်ကိုယ်စား Mr. Charles Gore က တင်ပြနိုင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်တွင် ပြုလုပ်သော ကမ္ဘာ့ကျန်းမာရေး ညီလာခံကြီး၌ နိုင်ငံတကာမှ ပညာရှင်များက အသည်းရောင်ရောဂါအတွက် အမျိုးသားရေးလှုပ်ရှားမှုများကို အသိအမှတ်ပြုခဲ့ပါသည်။ WHO အဖွဲ့ဝင် နိုင်ငံအားလုံးက အသည်းရောဂါများသည် ကမ္ဘာပေါ် တွင် အရေးပါသောရောဂါများဖြစ်သည်ဟု လက်ခံအတည်ပြုခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် အသည်းရောင် အသားဝါ ဘီပိုး ပဋိလုံ့ပစ္စည်းကို စတင်တွေ့ရှိခဲ့သူ အမေရိကန် သိပ္ပံပညာရှင်နှင့် နိုဘယ်လ်ဆုရှင် ဒေါက်တာ Baruch Samuel Blumberg ကို ဂုဏ်ပြုသောအားဖြင့် သူ့မွေးနေ့ ဇူလိုင်လ ၂၈ ရက်နေ့ကို ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အဖြစ်သတ်မှတ်ဆုံးဖြတ်ခဲ့ကြပါသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများအားလုံးမှ အသည်းရောင်ရောဂါများကို သတိပြုအလေးထားလာကြစေရန်နှင့် အသည်းရောင်ရောဂါများကို ကမ္ဘာပေါ်တွင် လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် "အသည်းရောင်ရောဂါသည် အရေးကြီးသည် သတိပြုကြပါ" (This is Hepatitis) ဆောင်ပုဒ်ဖြင့် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ကို ကမ္ဘာတစ်ဝန်းနိုင်ငံများတွင် WHO ၏ ဦးဆောင်မှုအောက်တွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ပါသည်။

နှစ်စဉ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ကို WHO က ကြီးမှူး၍ နှစ်စဉ် ဆောင်ပုဒ်တစ်ခုစီချမှတ်ကာ ကမ္ဘာတစ်ဝန်းနိုင်ငံတိုင်းတွင် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့ပါသည်။ ယခင် ၂၀၁၈ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါနေ့၏ ဆောင်ပုဒ်မှာ "အသည်းရောင်ရောဂါကင်းဝေးရေး၊ ဝိုင်းဝန်းရှာဖွေ စစ်ဆေးပေး "(Find The Missing Millions -FMM) ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် သန်းနှင့်ချီသော အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရသည့်သူများကို ရှာဖွေစစ်ဆေးပေးကြပါရန်ဟု အဓိပ္ပာယ် ရပါသည်။ WHA မှ အထက်ပါဆောင်ပုဒ်ဖြင့် ၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ်အထိ သုံးနှစ်စီမံကိန်း (3-Year Campaign) အဖြစ် သတ်မှတ်ပြီး ကမ္ဘာတစ်ဝန်းရှိ မိမိမှာ အသည်းရောင်ရောဂါပိုး ရှိနေရသည်ကို မသိရှိကြသေးသည့် သန်းပေါင်းများစွာသော လူများကို ဘီပိုး၊ စီပိုး စစ်ဆေးမှုခံယူကြရန် လှုံ့ဆော်ထားခြင်း ဖြစ်ပါသည်။ ယခုနှစ် WHO ၏ ဆောင်ပုဒ်မှာ "အသည်းရောင် ရောဂါကင်းဝေးဖို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်စို့" (Invest In Eliminating Hepatitis) ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အသည်းရောင်အသားဝါရောဂါများ ကင်းစင်နိုင်ရေးအတွက် ရောဂါကာကွယ်ရေး၊ ရှာဖွေစစ်ဆေးဖော်ထုတ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော ဘတ်ဂျက်၊ ထောက်ကူပြုပစ္စည်း၊ လူ့စွမ်းအား အရင်းအမြစ်များနှင့် ကောင်းမွန်သော မဟာဗျူဟာနည်းစနစ်တို့ဖြင့် စနစ်တကျရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဟု ဆိုလိုပါသည်။

လက်ရှိ ကမ္ဘာ့အသည်းရောင်အသားဝါရောဂါဖြစ်ပွားမှု

၂၀၁၅ ခုနှစ်တွင် WHO ၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၃၂၅ သန်းသော လူသားများသည် အသည်းရောင်အသားဝါ ဗိုင်းရပ်စ်ရောဂါပိုးများ ကူးစက်ခြင်းကိုခံစားလျက်ရှိနေကြရပြီး နှစ်စဉ် ၁ ဒသမ ၃၄ သန်းသည် ပြင်းထန်သော အသည်းရောင်ခြင်းနှင့် နောက်ဆက်တွဲ နာတာရှည်အသည်းရောင်၊ အသည်းခြောက်၊ အသည်းကင်ဆာရောဂါတို့ကြောင့် အသက် ဆုံးရှုံးလျက်ရှိပါသည်။ အထက်ပါ ဗိုင်းရပ်စ်ပိုး ငါးမျိုးအနက် "ဘီပိုးနှင့် စီပိုး" ကူးစက်ခံနေရသူပေါင်းမှာ ၉၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ ဖော်ပြပါ သေဆုံးမှုများအနက် ၄၇ ရာခိုင်နှုန်းသည် ဘီဗိုင်းရပ်စ်ပိုးနှင့် ၄၈ရာခိုင်နှုန်းသည် စီဗိုင်းရပ်စ်ပိုးတို့ကြောင့်ဖြစ်ပြီး ကျန် ၅ ရာခိုင်နှုန်းသည် ဗိုင်းရပ်စ်ပိုး အေ၊ ဒီနှင့် အီး တို့ကြောင့် ဖြစ်ပါသည်။

ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့၏ မျှော်မှန်းချက်

UK နိုင်ငံ လန်ဒန်မြို့ အခြေစိုက်လက်ရှိ WHA အဖွဲ့အစည်းတွင် ဦးဆောင်ပါဝင်နေသော ဥက္ကဋ္ဌဖြစ်သူ Mr. Micheal Ninburg အပါအဝင် အမှုဆောင်ပုဂ္ဂိုလ် ခုနစ်ဦးလုံးသည် တစ်ချိန်တစ်ခါက (သို့မဟုတ်) ယခုအချိန်တွင် နာတာရှည်အသည်းရောင် ရောဂါပိုး ဘီ (သို့) စီပိုး ကူးစက်ခံရသူများဖြစ်ကြပြီး ကမ္ဘာတစ်ဝန်း ဒေသကြီးခြောက်ခုမှ ကိုယ်စားပြုသူများ ဖြစ်ကြပါသည်။ အဖွဲ့ကြီး၏ မျှော်မှန်းချက်မှာ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသည်းရောင်ရောဂါ ကင်းစင်သည့် ကမ္ဘာကြီးဖြစ်စေရန် ဖြစ်ပါသည်။ အသည်းရောင်ရောဂါကို ဖြစ်စေသော ဗိုင်းရပ်စ်ပိုး အေ၊ ဘီ၊ စီ၊ ဒီနှင့် အီး တို့ကို တိုက်ဖျက်ရန် ဖြစ်ပါသည်။ အထက်ပါ မျှော်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ရန်အတွက် WHA သည် ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများ အားလုံးနှင့် ရောဂါပိုးကူးစက်ခံထားရသူများ၏ အားတက်သရော တက်ကြွစွာ ပူးပေါင်းပါဝင်မှုတို့ကို ရယူလျက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

WHA အဖွဲ့၏ အဓိကဆောင်ရွက်ချက်များ

(၁) WHO နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း၊

WHA အဖွဲ့ကြီးသည် ၂၀၁၂ ခုနှစ်မှ စတင်၍ WHO နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများသာမက ကမ္ဘာ့နိုင်ငံများမှ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာနှင့်ဒေသဆိုင်ရာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းကာ အသည်းရောင်အသားဝါရောဂါများကို ကမ္ဘာ့လူသားများအားလုံး သတိပြုမိစေရန် အသိပညာပေးခြင်း၊ ရောဂါတိုက်ဖျက်ရေး လှုပ်ရှားမှုများကို အားပေးပံ့ပိုးကူညီမှုပေးခြင်းနှင့် လိုအပ်သောမူဝါဒ၊ ဆုံးဖြတ်ချက်များ ချမှတ်ပေးခြင်းများကို ဆောင်ရွက်ပေးပါသည်။ ကမ္ဘာတစ်ဝန်းတွင် ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အခမ်းအနားများကိုလည်း နှစ်စဉ်ကျင်းပခဲ့ပါသည်။

၂၀၁၆ ခုနှစ် မေလတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ကျန်းမာရေး ညီလာခံတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၄ နိုင်ငံမှ သဘောတူပူးပေါင်းဆောင်ရွက်မှုဖြင့် WHO မှ Global Goal ဖြစ်သည့် " To Eliminate Viral Hepatitis As Public Health Threat by 2030 " (အသည်းရောင်ရောဂါများကို ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူလူထု၏ ကျန်းမာရေးကို ခြိမ်းခြောက်ခံနေရမှုမှ ဖယ်ရှားပစ်နိုင်ရေး) ရည်မှန်းချက် ချမှတ်ခဲ့ပါသည်။ အဆိုပါ ရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင် အသားဝါရောဂါဖြစ်ပွားနှုန်းကို ၉၀ ရာခိုင်နှုန်း လျှော့ချရန်နှင့် အသည်းရောင် အသားဝါရောဂါနှင့် ဆက်နွယ်သော ရောဂါများကြောင့် သေဆုံးနှုန်းကို ၆၅ ရာခိုင်နှုန်း အထိ လျှော့ချနိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့အသည်းရောင် ဖြစ်ပွားမှုကို လက်ရှိ ၆ - ၁၀ သန်းမှ ၀ ဒသမ ၉ သန်းသို့လည်းကောင်း၊ နှစ်စဉ် အသည်းရောင်ရောဂါကြောင့် သေဆုံးမှုကို ၁ ဒသမ ၄ သန်းမှ ၀ ဒသမ ၉ သန်းသို့ လည်းကောင်း လျှော့ကျအောင် ဆောင်ရွက်ရန် လျာထားပါသည်။

(၂) World Hepatitis Summit ညီလာခံများ ကျင်းပခြင်း၊

WHA မှ ကမ္ဘာ့အသည်းရောင်ရောဂါ ထိပ်သီးညီလာခံ (WHS) ကို WHO ၏ ပံ့ပိုးကူညီမှုဖြင့် နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် စကော့တလန်နိုင်ငံ ဂလပ်စကောမြို့နှင့် ၂၀၁၇ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ဆိုပိုလိုမြို့တို့တွင် ကျင်းပခဲ့ပါသည်။ အထက်ပါ ထိပ်သီးညီလာခံတွင် နိုင်ငံတစ်ဝန်းမှ WHO နှင့် WHA တို့၏ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အသည်းရောဂါ အထူးပြုဆရာဝန်ကြီးများ၊ သုတေသီများ၊ ပြည်သူ့ကျန်းမာရေး ပညာရှင်များ၊ ဆေးဝါးကုမ္ပဏီများနှင့် သတင်းမီဒီယာများမှ ပုဂ္ဂိုလ်များ စုံလင်စွာ တက်ရောက်ခဲ့ကြပြီး ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်တွင် အသည်းရောင်ရောဂါများ ကင်းစင်ပပျောက်စေရန် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်ခြင်း၊ အသိပညာတွေ့ရှိချက်များ ဖလှယ်ခြင်း၊ မူဝါဒဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ နိုင်ငံအလိုက် ဆောင်ရွက်ရမည့် ရောဂါကာကွယ်မှု၊ စမ်းသပ်စစ်ဆေးမှု၊ ကုသမှုနှင့် ထိန်းချုပ်မှု မဟာဗျူဟာအစီအစဉ်တို့ကို ချမှတ်လမ်းညွှန်မှုများ ပြုလုပ်ခဲ့ပါသည်။

(၃) NOhep Global Movement လှုပ်ရှားမှုကြီး ဆောင်ရွက်ခြင်း

WHO မှ ချမှတ်ခဲ့သော ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ရန်အတွက် WHA မှ ၂၀၁၆ ခုနှစ် ကမ္ဘာ့အသည်းရောင် ရောဂါနေ့တွင် "အသည်းရောင် ရောဂါမရှိစေရေ လှုပ်ရှားမှုကြီး" (NOhep Global Movement) ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ WHA မှ ဦးဆောင်သော အဆိုပါလှုပ်ရှားမှုကြီးသည် ကမ္ဘာ့နိုင်ငံအစိုးရများ၊ ဆေးပညာရှင်များ၊ အသည်းရောင်ရောဂါပိုးရှိ လူနာများနှင့် ပြည်သူလူထုလူမှုရေးအဖွဲ့အစည်းများ စုပေါင်းပါဝင်သည့် နိုင်ငံတကာလှုပ်ရှားမှုကြီးဖြစ်ပြီး ပြည်သူလူထုအတွင်း အသည်းရောင်ရောဂါများကို ဂရုပြုအလေးထားလာစေရန်နှင့် ပူးပေါင်းပါဝင်တိုက်ဖျက်စေရန် ဦးတည်ချက်ထားပါသည်။

လှုပ်ရှားမှုကြီး၏ အဓိကရည်မှန်းချက်မှာ ကမ္ဘာပေါ်တွင် ဗိုင်းရပ်စ်အသည်းရောင်ရောဂါများ ကင်းစင်နိုင်ရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် အပြီးတိုင်တိုက်ထုတ်ပစ်ရန် (Elimination of Viral Hepatitis By 2030) ဖြစ်ပါသည်။ လူသားများအားလုံး အသည်းရောင်ရောဂါပိုးများ ကူးစက်ခံစားရခြင်းမှ လုံးဝကင်းဝေးရန် ရည်ရွယ်ပါသည်။ ယနေ့အထိ ကမ္ဘာပေါ်တွင် အသည်းရောင် ဗိုင်းရပ်စ်ပိုးများ ကူးစက်ခံနေရသူ လူဦးရေ ၃၂၅ သန်းအနက် ၁၀ရာခိုင်နှုန်းသောသူများဖြစ်သည့် လူဦးရေ ၃၅ သန်းခန့်ကသာ မိမိတို့တွင် အထက်ပါ ပိုးများ ကူးစက်ခံထားရကြောင်း သိရှိကြပြီး ကျန်သန်း ၂၉၀ ခန့်မှာ မသိရှိကြပါ။ ထို့ကြောင့် ပထမအဆင့်အနေဖြင့် ဖော်ပြပါသန်း ၂၉၀ သော ရောဂါပိုးကူးစက်ခံထားရသည့်သူများကို ရှာဖွေဖော်ထုတ်ရန် လုံးဝလိုအပ်ပါသည်။ WHA အဖွဲ့အစည်းကြီးသည် အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း၊ အသည်းရောင်အသားဝါရောဂါပိုးရှိ လူသားများကိုယ်တိုင်ပါဝင်လှုပ်ရှား ဆောင်ရွက်စေခြင်းဖြင့် လည်းကောင်း၊ ကမ္ဘာပေါ်တွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရသည့် အသည်းရောင်ရောဂါများကင်းစင်ရန် ကာကွယ်ထိန်းချုပ်ရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြပါသည်။

WHA သည် ၂၀၁၈ မှ ၂၀၂၀ ပြည့်နှစ် (သုံးနှစ်) အတွင်း FMM လှုပ်ရှားမှုကြီးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိကမ္ဘာပေါ်တွင် ပိုးကူးစက်ခံနေရသည်ကို စမ်းသပ်သိရှိနေသည့် လူဦးရေ ၃၅ သန်းမှသည် ကျန် စမ်းသပ်စစ်ဆေးရန် လိုအပ်သူ သန်း၂၉၀ အနက်မှ ၂၀၂၀ ပြည့်နှစ်တွင် ၃၀ ရာခိုင်နှုန်းနှင့် ၂၀၃၀ ပြည့်နှစ်တွင် ၉၀ ရာခိုင်နှုန်းသော လူဦးရေများကို စမ်းသပ်စစ်ဆေး သိရှိနိုင်ရန် ဦးတည်ချက်ထား ဆောင်ရွက်သွားရန် လျာထားပါသည်။ NOhep Global Movement ၏ ရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် ရောဂါကူးစက်ခံနေရသူအားလုံး၏ ၉၀ ရာခိုင်နှုန်းသည် မိမိကိုယ်မိမိ သိရှိဂရုပြုနေထိုင်လာနိုင်စေရန်လည်းကောင်း၊ အသည်းရောင်ရောဂါများ ထပ်မံကူးစက်ခံရခြင်းကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်စေရန်လည်းကောင်း၊ ထိရောက်မှန်ကန်သော ဆေးကုသမှုကို ၈၀ ရာခိုင်နှုန်းအထိ ရရှိနိုင်ရန်လည်းကောင်း၊ နောက်ဆက်တွဲ ရောဂါများကြောင့် နှစ်စဉ်သေဆုံးရခြင်းကို ၆၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်စေရန်လည်းကောင်း ဖြစ်ပါသည်။ WHA ၏ ဦးတည်ပန်းတိုင်မှာ ၂၀၃၀ ပြည့်နှစ်တွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသည်းရောင်ရောဂါများ

စာမျက်နှာ ၁၁ သို့

"၂၀၃၀ ပြည့်နှစ်တွင် အသည်းရောင် အသားဝါရောဂါဖြစ်ပွားနှုန်းကို ၉၀ ရာခိုင်နှုန်း လျှော့ချရန်နှင့် အသည်းရောင် အသားဝါရောဂါနှင့် ဆက်နွယ်သော ရောဂါများကြောင့် သေဆုံးနှုန်းကို ၆၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ အသည်းရောင် ဖြစ်ပွားမှုကို လက်ရှိ ၆ - ၁၀ သန်းမှ ၀ ဒသမ ၉ သန်းသို့လည်းကောင်း၊ နှစ်စဉ် အသည်းရောင်ရောဂါကြောင့် သေဆုံးမှုကို ၁ ဒသမ ၄ သန်းမှ ၀ ဒသမ ၉ သန်းသို့လည်းကောင်း လျှော့ကျအောင် ဆောင်ရွက်ရန် လျာထား"

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၂)မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းအစီအစဉ်

(၁၈-၇-၂၀၁၉)

၁။ မြန်မာနိုင်ငံတွင် ပိုလီယိုအရိုင်းဗိုင်းရပ်စ်ပိုး (wild virus) ကို (၂၀၀၇)ခုနှစ်တွင် လည်းကောင်း၊ အသွင်ပြောင်းပိုလီယိုပိုးကို (၂၀၁၅)ခုနှစ်တွင် လည်းကောင်း နောက်ဆုံးတွေ့ရှိခဲ့ပါသည်။ (၂၀၁၄) ခုနှစ်၊ မတ်လတွင် ပိုလီယိုရောဂါပိုးကင်းစင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို တစ်နှစ်ထက်တစ်နှစ် လွှမ်းခြုံမှု မြင့်မားအောင်ဆောင်ရွက်ခြင်း၊ လတ်တလောပျော့ခွေအကြောသေရောဂါ (Acute Flaccid Paralysis-AFP) လူနာများတွင် ပိုလီယိုရောဂါပိုးရှာဖွေခြင်းကို အလေးထားဆောင်ရွက်ခြင်း၊ လိုအပ်ပါက အပိုဆောင်းကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်း (Supplementary Immunization Activities-SIA)များကို တစ်ပြည်လုံး အတိုင်းအတာဖြင့် စနစ်တကျဆောင်ရွက်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံတွင် အကြောင်းကြောင်းကြောင့် ကာကွယ်ဆေးထိုးလုပ်ငန်း မလွှမ်းခြုံနိုင်သော မြို့နယ်(၄၃)မြို့နယ်ခန့် နှစ်စဉ်ရှိခဲ့ရာ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင်နေထိုင်သော လတ်တလော ပျော့ခွေအကြောသေရောဂါ ဖြစ်ပွားသူကလေးတစ်ဦးတွင် အသွင်ပြောင်းပိုလီယိုပိုးကူးစက်မှု တွေ့ရှိကြောင်း အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရည်ညွှန်းဓာတ်ခွဲဌာန (အိန္ဒိယနိုင်ငံ)တို့မှ (၂၃-၆-၂၀၁၉)ရက်နေ့၌ အတည်ပြုသတင်းပေးပို့ခဲ့ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာလုံးဆိုင်ရာပိုလီယိုပပျောက်ရေးအဖွဲ့ (Global Polio Eradication Initiatives- GPEI) မှ ကမ္ဘာ့နိုင်ငံများသို့ ချမှတ်ထားသောလုပ်ထုံးလုပ်နည်းနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရောဂါကူးစက်ပျံ့နှံ့နိုင်ခြေများသော နေရာဒေသ/ လူအုပ်စုများရှိသော ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၂)မြို့နယ်တွင် အသွင်ပြောင်းပိုလီယိုပိုးကူးစက်မှုကို ဆောလျင်စွာ ဖြတ်တောက်ရန် ရည်ရွယ်၍ ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးခြင်းလုပ်ငန်းကို စနစ်တကျ ပြုလုပ်လျက်ရှိပါသည်။

၄။ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် မွေးကင်းစမှအသက်(၁၅)နှစ်အထိ ကလေးများနှင့် ကရင်ပြည်နယ်(ဘားအံမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ သံတောင်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြဝတီမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်)၊ မွန်ပြည်နယ် (သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်)နှင့် ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်)များတွင် မွေးကင်းစမှ (၅)နှစ်အထိ ရည်မှန်းကလေး စုစုပေါင်း သုံးသိန်းခန့်ကို ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေးသွားမည်ဖြစ်ပါသည်။

၅။ ပိုလီယိုကာကွယ်ဆေးကို ယခင်က တိုက်ကျွေးဖူးသည်ဖြစ်စေ၊ မတိုက်ဖူးသည်ဖြစ်စေ ရည်မှန်းကလေးတိုင်းကို အပိုဆောင်းကာကွယ်ဆေး (၂)ကြိမ်ထပ်မံ၍ တစ်ကြိမ်နှင့် တစ်ကြိမ် (၂)ပတ်ခြား တိုက်ကျွေးမည်ဖြစ်ပါသည်။

၆။ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး လာရောက်တိုက်ကျွေးမည့် အစီအစဉ် (Mopping up) တွင် မိဘပြည်သူများက မိမိတို့၏ ကလေးများနှင့်အတူ နေအိမ်တွင် စောင့်ဆိုင်းနေခြင်း၊ စုရပ် (EPI fixed and outreach EPI posts) များတွင် တိုက်ကျွေးမည့်အစီအစဉ်တွင် စုရပ်သို့ လာရောက်တိုက်ကျွေးခြင်းများ ပြုလုပ်နိုင်ရန် ကြိုတင်အသိပေးအပ်ပါသည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၁၂)မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးအပိုဆောင်းတိုက်ကျွေးမည့် အစီအစဉ် ပထမအကြိမ်ကို (၂၀၁၉)ခုနှစ်၊ ဇူလိုင်လ (၇)ရက်နေ့မှ (၉)ရက်နေ့အတွင်းတွင် ဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၉)ခုနှစ်၊ ဇူလိုင်လ (၂၁)ရက်နေ့မှ (၂၃)ရက်နေ့အတွင်းတွင် ဒုတိယအကြိမ်၊ (၂၀၁၉)ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့မှ (၆)ရက်နေ့အတွင်းတွင် တတိယအကြိမ် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်တွင် မွေးကင်းစမှအသက် (၁၅)နှစ်အရွယ် ကလေးများကိုလည်းကောင်း ကရင်ပြည်နယ်၊ (ဖားအံမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ သံတောင်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ မြဝတီမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်)၊ မွန်ပြည်နယ် (သထုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်)နှင့် ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်)များတွင် မွေးကင်းစမှ အသက် (၅)နှစ်အရွယ် ကလေးငယ်များကိုလည်းကောင်း ပိုလီယိုကာကွယ်ဆေး အပိုဆောင်း (၂)ကြိမ် မပျက်မကွက် ထပ်မံတိုက်ကျွေးကြရန် အထူးအသိပေးနှိုးဆော်အပ်ပါသည်။ ပိုလီယိုကာကွယ်ဆေးတိုက်ခြင်းဖြင့် ပိုလီယိုရောဂါပိုး ကူးစက်ခြင်းမှ ကာကွယ်မည်ဖြစ်ပြီး သင့်ကလေးငယ်ကို ဦးနှောက်/အာရုံကြောရောဂါများကြောင့် သေဆုံးခြင်း၊ ရာသက်ပန် မသန်မစွမ်းဖြစ်ခြင်းမှ ကင်းဝေးပါမည်။

ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ကြောင့် သေဆုံးသူ ၆၃ ဦးထိရှိလာ

ရန်ကုန် ဇူလိုင် ၁၉

နိုင်ငံတစ်ဝန်း ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ဖြစ်ပွားမှုကြောင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ သေဆုံးသူ ၆၃ ဦးရှိပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ယခုရက်အတွင်း သေဆုံးသူ ၅၀ အထိ တိုးလာကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၏ ဓာတ်ခွဲအတည်ပြုထုတ်ပြန်ချက်အရ သိရသည်။

"ယခု ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ကြောင့် သေဆုံးမှုတွေက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲရဲ့ ဓာတ်ခွဲအတည်ပြုစာရင်းတွေအရ နေ့စဉ်ရက်ဆက်တိုးတက်နေပြီး ရောဂါပိုးတွေ့ရှိသူဦးရေနှင့် သံသယကြောင့် စစ်ဆေးခံရသူဦးရေသည်လည်းတိုးတက်များပြားနေပါတယ်။ အခုအခါမှာ သေဆုံးတဲ့သူတွေလည်း ရှိနေတယ်။ ကနဦး ရိုးရိုးတုပ်ကွေးရောဂါဖြစ်ပွားရာက ကိုယ်ခံအားနည်းနေမှုကြောင့် A(H1N1)pdm 09 အဖြစ် ပြောင်းလဲပြီး ဖြစ်နေတယ်။ ဒါကြောင့် ကိုယ်ခံအားကောင်းအောင် နေထိုင်ကြပါ။ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဦးစားပေးလုပ်ဆောင်ကြပါ။ အိပ်ရေးဝဝ အိပ်ကြပါလို့ပဲ ပြောလိုပါတယ်။ အဓိက ကတော့ ကိုယ်ကိုယ်တိုင်ကစပြီးကာကွယ်ဖို့ လိုပါတယ်။ ဒါဆို ပတ်ဝန်းကျင်ကို မပြန့်ပွားတော့ဘူးပေါ့"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်ခင်ကြီးက ပြောသည်။

ယခုအခါတွင် ရာသီတုပ်ကွေးရောဂါ A(H1N1) pdm 09 သံသယဖြင့် ဓာတ်ခွဲစစ်ဆေးသူ ၇၆၃ ဦးအထိ ရှိလာပြီး ပိုးတွေ့လူနာ ၃၂၉ ဦးရှိကာ တိုးလာနေကြောင်း သိရသည်။ ရာသီတုပ်ကွေးရောဂါ A(H1N1)pdm 09 ဖြစ်ပွားနှုန်းသည် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ အသက် ၁၅ နှစ်မှ ၆၅ နှစ်အကြား ၅၀ ရာခိုင်နှုန်း၊ အသက် ၁ နှစ်မှ ၅ နှစ်အထိ ၁၆ ရာခိုင်နှုန်း၊ အသက် ၆၅ နှစ်အထက်တွင် ၁၃ ရာခိုင်နှုန်း၊ အသက် ၅ နှစ်မှ ၁၅ နှစ်အောက်တွင် ၁၄ ရာခိုင်နှုန်း၊ အသက် တစ်နှစ်အောက်တွင် ခုနစ်ရာခိုင်နှုန်း ဖြစ်ပွားနေကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး ဌာနခွဲ၏ ဓာတ်ခွဲအတည်ပြု ထုတ်ပြန်ချက်အရ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၉

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှေ့ဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

စာမျက်နှာ ၁၀ မှ

ကင်းစင်သည့် ကမ္ဘာကြီးဖြစ်အောင် ဆောင်ရွက်ရန် လျာထားပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ပထမအဆင့်မှာ ရောဂါပိုး သယ်ဆောင်သူများကို အလေးထားရှာဖွေစစ်ဆေးပေးရန် ဖြစ်ပါသည်။

လက်ရှိ အသည်းရောင်အသားဝါရောဂါ ထိန်းချုပ်နိုင်မှု အခြေအနေ

ယခုအချိန်အခါ၌ ကမ္ဘာပေါ်တွင် အသည်းရောင်၊ အသည်းခြောက်၊ အသည်းကင်ဆာရောဂါများကို ဖြစ်စေသော အသည်းရောင် အသားဝါ ဘီနှင့် စီရောဂါပိုးများကို ထိရောက်သော ကာကွယ်ကုသထိန်းချုပ်နိုင်သည့် အခြေအနေတွင် ရှိလာနေပြီ ဖြစ်ပါသည်။ ဘီပိုး စီပိုး ရှိ/မရှိ စမ်းသပ်စစ်ဆေးခြင်းကိုလည်း လူတိုင်းလက်လှမ်းမီနိုင်သည့် နေရာတွင် အလွယ်တကူရှိနေပြီဖြစ်ပြီး ကုန်ကျမှုစရိတ်လည်း မများပါ။ မြန်ဆန်လွယ်ကူစွာလည်း သိရှိနိုင်ပါသည်။ အသည်းရောင်ရောဂါ အေ၊ ဘီနှင့် အီး ပိုးများအတွက် အစွမ်းထက်သော ကာကွယ်ဆေးများ၊ ဘီပိုးအတွက် ရောဂါထိန်းချုပ်နိုင်သည့် ကုသဆေးဝါးများနှင့် စီပိုးအတွက် အချိန်တိုအတွင်း လုံးဝပျောက်ကင်းစေနိုင်သော ကုသဆေးဝါးများကို ငွေကြေးကုန်ကျမှု သက်သာစွာဖြင့် ရရှိနေပြီဖြစ်ပါသည်။ ဘီပိုးကူးစက်ခံရခြင်း မရှိသေးသူများကို ဘီပိုးကာကွယ်ဆေး ထိုးနှံပေးခြင်း၊ ဘီပိုးနှင့် စီပိုး ကူးစက်ခံနေရသူများကို နှစ်သိမ့်အကြံပေးဆွေးနွေးခြင်းနှင့် လိုအပ်လျှင် တိကျသော ပဋိဆေးဝါးများဖြင့် ကုသမှုခံယူစေခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးနိုင်ပါသည်။ WHA ၏ လေ့လာတွေ့ရှိချက်အရ ကမ္ဘာပေါ်တွင် အသည်းရောင်ဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရသူများအနက် ၅ ရာခိုင်နှုန်းခန့်သာလျှင် မိမိရောဂါကို အလေးထားဂရုပြုကြပြီး ၁ ရာခိုင်နှုန်းခန့်သာလျှင် ထိရောက်မှန်ကန်သော ကုသမှုကို ခံယူနေကြပါသည်။

NOhep ကမ္ဘာ့လှုပ်ရှားမှုကြီးနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် နာတာရှည် အသည်းရောင်ရောဂါများကို နိုင်ငံတော်၏ ကျန်းမာရေးဝန်ထုပ်ကြီးအဖြစ်မှ လျော့ပါးပပျောက်စေရန် (Creating Myanmar with low burden of chronic liver diseases) မျှော်မှန်းချက် ချမှတ်၍ ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော "မြန်မာအသည်းဖောင်ဒေးရှင်း" သည် WHA ၏အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်မှ စတင်၍ နှစ်စဉ် ဇူလိုင်လ ၂၈ ရက်နေ့တွင် မြန်မာအသည်းဖောင်ဒေးရှင်းမှ ဦးဆောင်ကျင်းပခဲ့သော ကမ္ဘာ့အသည်းရောင် ရောဂါနေ့ အထိမ်းအမှတ် အခမ်းအနားများသို့ WHA ဥက္ကဋ္ဌမှ နှစ်စဉ် သဝဏ်လွှာများ ပေးပို့ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာအသည်းဖောင်ဒေးရှင်း၏ ဥက္ကဋ္ဌသည်လည်း အထက်ပါ NOhep ကမ္ဘာ့လှုပ်ရှားမှုကြီးကို ဦးစီးဆောင်ရွက်ရန် အာရှပစိဖိတ်ဒေသ၏ ကျန်းမာရေးကိုယ်စားလှယ်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရပါသည်။

မြန်မာနိုင်ငံတွင် ဘီပိုးနှင့် စီပိုး ကူးစက်ခံထားရသော လူနာစုစုပေါင်းမှာ နိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်း ငါးသန်းခန့်ရှိသော်လည်း အထက်ပါ ကူးစက်ခံနေရသူများ၏ ၉၀ရာခိုင်နှုန်း ၄ ဒသမ ၅ သန်းခန့် မှာ မိမိတွင် ရောဂါပိုးကူးစက်ခံနေရသည်ကို မသိရှိကြပါ။ ဖော်ပြပါ ၄ ဒသမ ၅ သန်းသော ပိုးကူးစက်ခံနေရသူများကို ရှာဖွေစစ်ဆေးဖော်ထုတ်ရန် လိုအပ်ပါသည်။ အထက်ပါ ၂၀၁၈ ခုနှစ် WHD ၏ ဆောင်ပုဒ်ကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာအသည်းဖောင်ဒေးရှင်းသည် ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာအသည်းဖောင်ဒေးရှင်း၏ မြို့နယ်အသင်းခွဲများတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ် ၂၃ ခုအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စုစုပေါင်းလူဦးရေ ၂ သိန်းခန့်အား ဘီပိုး၊ စီပိုး စစ်ဆေးပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးနိုင်ရန် "အသည်းရောင်ရောဂါကင်းစင် မြန်မာပြည်တစ်ခွင်လှုပ်ရှားမှုကြီး" (Free Myanmar From Hepatitis Campaign) ကို ၂၀၁၉ ခုနှစ် မတ်လမှ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

အဆိုပါ လှုပ်ရှားမှုကြီးတွင် မြန်မာအသည်းဖောင်ဒေးရှင်း(ဗဟို)နှင့် မြို့နယ်အသင်းခွဲများသည် မြန်မာပြည်အနှံ့ ပြည်သူလူထုအတွင်းကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ကျင်းပခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဘီပိုးကူးစက်ခံရမှု မရှိသေးသူများကို ဘီပိုးကာကွယ်ဆေး ထိုးနှံရန် လမ်းညွှန်မှုပေးခြင်း၊ ဘီပိုး၊ စီပိုး ကူးစက်ခံနေရသူများကို နှစ်သိမ့်ပညာပေး ဆွေးနွေးခြင်းနှင့် လိုအပ်သော ကုသမှုများကို ခံယူစေခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အသည်းရောင် အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေး စီမံချက် (NHCP) ၏ ဦးဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရယူလျက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဘီပိုး၊ စီပိုး ဖြစ်ပွားမှု အချက်အလက် စစ်တမ်းများ အမျိုးသားအဆင့် ကောက်ယူခြင်းကိုလည်း ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်သွားရန် လျာထားပါသည်။

ရည်မှန်းချက် အောင်မြင်ရေးအတွက် နှိုးဆော်ချက်

WHO ၏ Global Goal ဖြစ်သော "အသည်းရောင်ရောဂါများကို ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူလူထု၏ကျန်းမာရေးကို ခြိမ်းခြောက်ခံနေရမှုမှ ဖယ်ရှားပစ်နိုင်ရေး" ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် NOhep ကမ္ဘာ့လှုပ်ရှားမှုကြီးတွင် ကမ္ဘာ့ပြည်သူများနှင့်အတူ မြန်မာပြည်သူများကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါရန်နှင့် မိမိတွင် အသည်းရောင်အသားဝါဘီပိုးနှင့် စီပိုးများ ရှိ/မရှိ လုံးဝမသိရှိရသေးပါက စမ်းသပ်စစ်ဆေးမှုကို ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ အထက်ပါ ပထမအဆင့် စမ်းသပ်စစ်ဆေးမှုကို ဆောင်ရွက်နိုင်မှသာလျှင် WHO ၏ ရည်မှန်းချက်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်ကြီး အောင်မြင်ရန်အတွက် ဦးဆောင်ကူညီ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသော ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့ကြီးနှင့် NOhep လှုပ်ရှားမှုကြီးတို့အား လေးစားချီးကျူးရင်း ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အသည်းရောင်အသားဝါရောဂါတိုက်ဖျက်ရေးနေ့အား ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

ကရင်ပြည်နယ် ဘားအံမြို့၌ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ဘားအံ ဇူလိုင် ၁၉

နိုင်ငံတော်အတွက် အသက်ပေးလှူသွားသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဓမ္မာရုံ၌ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သြဝါဒါစရိယ ဓမ္မဝါသီကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက သာသနာတော်ဆိုင်ရာများ လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးစောစံလင်း၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်ဆက်)

မြစ်ကြီးနားမြို့၌ (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပ

မြစ်ကြီးနား ဇူလိုင် ၁၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ (၇၂)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ အလေးပြုခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ ဗိုလ်ချုပ်ရင်ပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့်ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက လွမ်းသူ့ပန်းခွေချပေးကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခဲ့ကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် မြို့တော်ခန်းမ၌ (၇၂)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဆရာတော်/ သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ပြည်နယ်(ပြန်/ဆက်)

လှိုင်ကော်မြို့၌ (၇၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပ

လှိုင်ကော် ဇူလိုင် ၁၉

(၇၂) နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား ချီတက်အလေးပြုခြင်းကို ယနေ့နံနက် ၁၀ နာရီခွဲက လှိုင်ကော်မြို့ အာဇာနည်ကျောက်တိုင်ကွင်း(သီရိမင်္ဂလာတောင်ကွဲစေတီတော်ရှေ့)၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အလံအလေးပြုခြင်း၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ဂါရဝပြု၍ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥသြဆွဲပြီး ၂ မိနစ်ငြိမ်သက်ခြင်းကိုလည်း ပြုလုပ်ဆောင်ရွက်ကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် အာဇာနည်နေ့အမှတ်တရ စာအုပ်များကို အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

လှိုင်ကော်သား

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသူများအား ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကူအညီပေးရန် အဆိုပြုမှုနှင့်စပ်လျဉ်း၍ ညှိနှိုင်း

နေပြည်တော် ဇူလိုင် ၁၉

ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသူများအား ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကူအညီပေးရန် အဆိုပြုမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်က ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင်ရှိသော တိုက်ပွဲရှောင်ပြည်သူများကို ကုလသမဂ္ဂအဖွဲ့အစည်းများမှ နိုင်ငံတော်အစိုးရ ဦးဆောင်မှုဖြင့် ကူညီလိုကြောင်း တင်ပြခဲ့မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ပေါက်တောမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ရန် တင်ပြမှုများနှင့် စပ်လျဉ်း၍ မည်သို့လုပ်ငန်းဆောင်ရွက်ရန် လျာထားသည်တို့ကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း၊ တိုက်ပွဲများကြောင့် ယာယီရွှေ့ပြောင်းနေထိုင်ရသူ အိမ်ထောင်စု ၁၆၀၀၀ ကျော်၊ လူဦးရေ ၆၅၀၀၀ ကျော်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၀ ရက်အထိ ငွေကျပ် သန်း ၁၁၀၀ ကျော်တန်ဖိုးရှိ စားနပ်ရိက္ခာ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများကို ကူညီပံ့ပိုးခဲ့ပြီး ဖြစ်ပါကြောင်း။

စိစစ်ထောက်ပံ့လျက်ရှိ

ပြည်နယ်နှင့် အဖွဲ့အစည်းများ၊ စေတနာရှင်များကလည်း ထောက်ပံ့လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် စခန်းအသီးသီး၌ လူဦးရေ ၂၂၀၀၀ ခန့် နေထိုင်ဆဲဖြစ်ကာ လိုအပ်ချက်များအား မိမိတို့အနေဖြင့် စိစစ်ထောက်ပံ့လျက်ရှိပါကြောင်း၊ Red Cross Movement လှုပ်ရှားမှု၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့အနေဖြင့်လည်း စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ရွေ့လျားဆေးပေးခန်းများ ဖွင့်လှစ်ပေးခြင်း၊ စိုက်ပျိုးရာသီအတွက် မျိုးစေ့နှင့် ဓာတ်မြေသြဇာထောက်ပံ့ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ခွင့် တင်ပြခြင်းကိုလည်း အလေးထားစဉ်းစားသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက အစားအသောက်လုံခြုံမှု၊ အာဟာရ၊ အမိုးအကာနှင့် ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့မှု၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်သန့်ရှင်းရေး၊ ထိခိုက်လွယ်သူများအား ကာကွယ်စောက်ရှောက်ရေး ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ရန် လျာထားမှု၊ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလိုသည့် အခြေအနေနှင့် လက်ရှိဆောင်ရွက်နေမှုများ၊ လူသားချင်းစာနာမှုလုပ်ငန်းများအတွက် ကုလသမဂ္ဂအရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေနှင့် အခြားရန်ပုံငွေများ တောင်းခံထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များက ဝန်ကြီးဌာန၊ ဦးစီးဌာနအလိုက် ဦးစားပေးအစီအစဉ်ဖြင့် လုပ်ငန်းဆောင်ရွက်မှု၊ ကဏ္ဍအလိုက်အဆိုပြု တင်ပြမှုများနှင့်စပ်လျဉ်းသည့် သဘောထားအမြင်များကို ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

မြန်မာ-အိန္ဒိယ ဝင်ပေါက် အမှတ်(၁)ဂိတ် အိန္ဒိယဘက်ခြမ်းမှ နန်းဖာလုံဈေးသို့ ပြန်လည်ဝင်ရောက်သည့်လမ်းအား အိန္ဒိယဘက်မှ အချိန်ပိုင်းပိတ်ထား

တမူး ဇူလိုင် ၁၉

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံဘက်သို့ကူးသည့် နယ်စပ်တမူးမြို့ရှိ အမှတ်(၁)ဂိတ်၏ တရားဝင်ဗီဇာဖြင့် ဝင်ရောက်သည့်လမ်းပိုင်းအား ဖွင့်လှစ်ထားသော်လည်း အိန္ဒိယဘက်ခြမ်းမှ တမူးမြို့ နန်းဖာလုံဈေးသို့ ပြန်လည်ဝင်ရောက်သည့် မော်တော်ကားလမ်းပိုင်းအား အိန္ဒိယနိုင်ငံဘက်မှ အချိန်ပိုင်းပိတ်ထားမှုများရှိနေကြောင်း တမူးမြို့ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း အတွင်းရေးမှူး ဦးခင်မောင်တင်၏ ပြောကြားချက်အရ သိရသည်။

"မြန်မာဘက်ကနေ အိန္ဒိယဘက်ကို သွားလို့ရတဲ့ ဂိတ်(၂)ဂိတ်ရှိတယ်၊ အခုပိတ်တဲ့ နန်းဖာလုံဈေးကို ကုန်သည်တွေက ဂိုဒေါင်တွေ ဆောက်ထားတဲ့ဘက်ကနေ သွားလို့ရတဲ့ ညာဘက်လမ်းကြောင်းက အရင်တုန်းက အမြဲတမ်းသွားလို့ရတယ်။ အခုကြတော့ အချိန်ပိုင်းပိတ်ထားတာ။ ဘယ်ဘက်သွားရင် ဗီဇာတွေထုတ်ပေးတဲ့ ဂိတ်ကိုတော့သွားလို့ရတယ်။ သူတို့ဘက်ကတော့ အထက်ကအမိန့်အရ ပိတ်တာလို့ပဲပြောတယ်။ တခြားအကြောင်းပြချက်မရှိဘူး။ သူတို့ဘက်က စစ်သားတွေစောင့်တာ ကျွန်တော်တို့ဘက်က ကားတွေလာရင် ညာဘက်ကို သွားမယ်ဆိုရင် မလာဖို့ ခြေဟန်လက်ဟန် ပြတားတယ်။ ဗီဇာထုတ်ပေးတဲ့ အပေါက်ကိုသွားမယ်ဆိုရင်တော့ ခွင့်ပြုတယ်။ တစ်ယောက်တစ်ဝက်ပိုင်တဲ့ တံတားကိုပိတ်တာ။ မနေ့က မနက်ပိုင်းမှာ သွားလို့ရသေးတယ်၊ ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီလောက်က မှ စပိတ်တယ်"ဟု တမူးမြို့ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း အတွင်းရေးမှူး ဦးခင်မောင်တင်က ပြောသည်။

အိန္ဒိယနိုင်ငံသို့ နန်းဖာလုံဈေးအနီးမှ ဝင်ရောက်နိုင်သည့် အမှတ် (၂) ဂိတ်လမ်းကြောင်းကိုလည်း အမြဲတမ်းဖွင့်လှစ်ပေးထားကြောင်းနှင့် မြန်မာနိုင်ငံဘက်မှ အိန္ဒိယနိုင်ငံဘက်သို့ အမှတ်(၁)ဂိတ်တံတားမှ တရားဝင်ဗီဇာဖြင့် ဝင်ရောက်နိုင်သည့် လမ်းကြောင်းအား အိန္ဒိယနိုင်ငံဘက်မှ ဖွင့်လှစ်ထားသော်လည်း ၎င်းဘက်မှ မြန်မာနိုင်ငံပိုင် တမူးမြို့နန်းဖာလုံဈေးသို့ ပြန်လည်ဝင်ရောက်သည့် လမ်းပိုင်းအား အချိန်ပိုင်းပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

သုံးခွမြို့နယ် မီးလောင်မှု နေအိမ်တစ်လုံးဆုံးရှုံး၊ နှစ်ဦးဒဏ်ရာရ

သုံးခွ ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မိုကုန်းသာကျေးရွာထိပ်နေ ဦးသန်းဇော် (၃၆နှစ်)၏ ပျဉ်ခင်းတစ်ထပ်နှင့် တွဲလျက် နောက်ဖေးမီးဖိုချောင်တွင် ဇူလိုင် ၁၈ ရက် ည ၉ နာရီက ရေနွေးအိုးတည်ထားသော မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဟန်ဖြိုးဇော်နှင့် ဝန်ထမ်းများ၊ ရဲမှူး သန်းဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးပြည့်ဖြိုးဟန်နှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၉ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

သုံးခွမြို့နယ်၌ မီးလောင်မှုဖြစ်သည့်နေရာ ဝိုင်းဝန်းမီးငြိမ်းသတ်ကြစဉ်။

ယင်းဖြစ်စဉ်ကြောင့် ဦးသန်းဇော်၏ တစ်ထပ်အိမ် မီးလောင်ဆုံးရှုံးခဲ့ကာ ဦးသန်းဇော်နှင့်ဇနီး ဒေါ်မေစိုးမွန်တို့တွင် မီးလောင်ဒဏ်ရာများရရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသည်။ မီးလောင်မှုနှင့် ပတ်သက်၍ ဦးသန်းဇော်ကို ကတုံးပေါ်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မြင်းမူ၌ လမ်းဖြတ်ကူးသူနှစ်ဦး ကားတိုက်ခံရ၍ တစ်ဦးသေ တစ်ဦးဒဏ်ရာရ

မြင်းမူ ဇူလိုင် ၁၉

မြင်းမူမြို့ ထီးဆောင်းရွာအနီးရှိ မျက်စိဆေးရုံအနီး၌ ယနေ့ နံနက် ၅ နာရီ မိနစ် ၂၀ ခန့်က ယာဉ်တိုက်မှုဖြစ်ကာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း မြို့မရဲစခန်းမှ သိရသည်။

မန္တလေး-မုံရွာ ကားလမ်းမိုင်တိုင် ၄၆/၃ နှင့် ၄ ကြားတွင် ကိုခင်မောင်မြင့် (၅၁နှစ်) မောင်းနှင်လာသော YGN-4j/---- ယူရုန်းယာဉ်သည် ရန်ကုန်မှ မုံရွာဘက်သို့ မောင်းနှင်လာစဉ် လမ်းဖြတ်ကူးသူ ဦးခင်မောင်ကြည် (၆၃နှစ်)နှင့် ဒေါ်စန်းဝေ (၆၂နှစ်)တို့ကို ဝင်ရောက်တိုက်မိသည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဦးခင်မောင်ကြည်နှင့် ဒေါ်စန်းဝေတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ဒေါ်စန်းဝေမှာ ရရှိသည့်ဒဏ်ရာဖြင့် မြင်းမူဆေးရုံတွင် ဆေးကုသနေစဉ် သေဆုံးသွားသောကြောင့် ယာဉ်မောင်း ခင်မောင်မြင့်ကို မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

ကိုကိုနိုင်(မြင်းမူ)

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

မောင်တောမြို့နယ် နယ်မြေ(၅) အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ရှက်ညိုတောင် ရဲကင်းစခန်းမှ ရဲမှူးတင်လှိုင်ဦးစီးသည့် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ်(၀၀၁)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအမှတ်(၂) နယ်ခြားစောင့်တပ် Domdomia BOP ကင်းစခန်းမှ Subedar MD. Razzak ဦးဆောင်သည့် စက်တပ်ရေယာဉ် နှစ်စင်း စုစုပေါင်း လေးစင်းတို့သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက နှစ်နိုင်ငံနယ်နိမိတ်အနီး မင်္ဂလာကြီးချောင်းဝထိပ် နတ်မြစ်အလယ် ရေမိုင်အမှတ်(၈)အနီးမှ ဦးရှည်ကျချောင်းဝထိပ် ရေမိုင်အမှတ်(၁၁)အနီးအထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ကြသည်။

ယင်းနောက် ရေယာဉ်အမှတ်(၀၀၁)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

ကသာမြို့နယ်တွင် ဘိန်းဖြူများသယ်ဆောင်လာသူတစ်ဦး ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၉

မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် နံနက် ၁၀နာရီခွဲက ကသာမြို့နယ် ကသာ - အင်းတော်သွား ကားလမ်းတွင် ကံကောင်း(ခ) ဇော်မင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ ၃၃၀ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကံကောင်း(ခ) ဇော်မင်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မြန်မာ့ရုပ်မြင်သံကြား

၂၀-၇-၂၀၁၉ (စနေနေ့)

နံနက်ပိုင်း

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၁၀:၃၀ - ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန်များ
၁၀:၃၅ - လုံမမှတ်စု(၉၆)
၁၄:၄၀ - ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၄:၄၅ - လူညွန့်တုံးစေသောအရာ
၁၄:၅၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "နှစ်ပါးသွား Update+ကြိမ်နှုန်း"
၁၅:၂၀ - ရာသီတုပ်ကွေးသံသယရောဂါလက္ခဏာများ

ညပိုင်း

၁၅:၄၅ - "MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" (Magwe FC Vs Sagaing United FC)
၁၈:၂၀ - ဘာကြောင့်ပဲဆိုးဆိုး လက်ကိုင်ပဝါဖြင့် နှာခေါင်းနှင့်ပါးစပ်ကို အုပ်ပြီးဆိုးပါ
၁၈:၂၅ - သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး
၁၈:၃၀ - Tasty Trip
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင် သခင်မ" (အပိုင်း-၁)
၂၀:၀၀ - ပြည်တွင်းသတင်း၊
၂၀:၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေးအန္တရယ် အသိပညာပေးအစီအစဉ်)
၂၀:၃၅ - "မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်မှသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဆီ"
- "ရာသီတုပ်ကွေးရောဂါ သိမှတ်ဖွယ်ရာ ကျန်းမာရေးစကားဝိုင်း" (အပိုင်း-၁)
- ဂီတသမား၊ ဂီတစကား "အလင်္ကာကျော်စွာမြို့မငြိမ်း၏ ကသစ်ပန်း" (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- "စိတ်၏ကကြိုး"

မန္တလေးတိုင်းဒေသကြီးအတွင်း လူဦးရေ ငါးထောင်ကျော်အား ရေလွတ်ရာသို့ ယာယီရွှေ့ပြောင်းထား

မန္တလေး ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီးအတွင်း ရေဝတီမြစ်ရေဝင်မှုများကြောင့် မြို့နယ်သုံးမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၁၂၆၉ စုမှ လူဦးရေ ၅၈၈၉ ဦးတို့သည် ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့နေရာချထားပေးနေရကြောင်း မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးမင်းသူက ပြောကြားသည်။

အဆိုပါ ရေဝတီမြစ်ရေဝင်မှုကြောင့် တိုင်းဒေသကြီးအတွင်း မြို့နယ်သုံးမြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စု ၁၆ စုမှ ကျေးရွာ ၃၆ ရွာတို့တွင် အိမ်ထောင်စု ၁၂၆၉ စုရှိပြီး လူဦးရေ ၅၈၈၉ ဦးတို့ကို ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့နေထိုင်ရန် နေရာများချထားပေးနေကြောင်း၊ ထိုရေဘေးကြောင့် ပြောင်းရွှေ့နေထိုင်ရသော လူဦးရေတို့ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာ ခုနစ်ရက်စာ စသည့် လိုအပ်သော ပစ္စည်းများကို ထောက်ပံ့ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ တခြား ရေဝင်နေသည့် မြို့နယ်များကိုလည်း ဆက်လက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေဝတီမြစ်ရေဝင်မှုကြောင့် တံတားဦးမြို့နယ်တွင် ယာယီရွှေ့ပြောင်းသူဦးရေ ၁၀၈ ဦး၊ စဉ့်ကူးမြို့နယ်တွင် ၆၈၈ ဦး၊ သပိတ်ကျင်းမြို့နယ်တွင် ၅၀၉၃ ဦးရှိပြီး စုစုပေါင်း ယာယီပြောင်းရွှေ့သူဦးရေ ၅၈၈၉ ဦးတို့ကို ဆန်ရိက္ခာ ခုနစ်ရက်စာအတွက် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ထိုင်းဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်လက်ဝှေ့အသင်းထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၉

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၈ ရက်မှ ၂၈ ရက်အထိ ကျင်းပပြုလုပ်မည့် Thailand Open International Boxing Tournament 2019 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းလှဘော် ဦးဆောင်သည့် အုပ်ချုပ်သူ၊ နည်းပြ၊ လက်ရွေးစင် လက်ဝှေ့အားကစားသမားများ အဖွဲ့သည် ဇူလိုင် ၁၈ ရက်နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် အမှုဆောင်အဖွဲ့ဝင်များက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲ၌ အမျိုးသားအားကစားသမားအဖြစ် ဇော်မြင့်မိုး၊ နိုင်လတ်၊ အောင်ပြည့်ဖြိုး၊ မျိုးကျော်သူ၊ အမျိုးသမီးအားကစားသမား အေးငြိမ်းထူး၊ နယ်လီ၊ နွယ်နီဦးတို့ ပါဝင်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

အေကေလင်း

မျိုးဆက်သစ် အမျိုးသမီးဘောလုံးသမားများ ထွက်ပေါ်လာရန် MFF ယူ-၁၃ တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

မျိုးဆက်သစ် လူငယ်အမျိုးသမီးဘောလုံးသမားများ ထွက်ပေါ်လာရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပမည့် ၂၀၁၉ ခုနှစ် MFF ယူ-၁၃ တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၀ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲ အခမ်းအနားကို ဇူလိုင် ၁၉ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် ၁၇ သင်းကို အုပ်စုလေးခုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁ ရက်အထိ သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အထိ အုပ်စုပွဲ၊ ဇူလိုင် ၂၈ ရက်တွင် ကွာတားဖိုင်နယ်၊ ဇူလိုင် ၃၀ ရက်တွင် ဆီမီးဖိုင်နယ်၊ ဩဂုတ် ၁ ရက်တွင် ဗိုလ်လုပွဲတို့ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ကချင်၊ ရခိုင်၊ ရှမ်း (မြောက်)၊ မန္တလေး၊ ရေဝတီ၊ အုပ်စု (ခ) တွင် မွန်၊ ကယား၊ ပဲခူး၊ စစ်ကိုင်း၊ အုပ်စု (ဂ) တွင် နေပြည်တော်၊ ရှမ်း (အရှေ့)၊ ရှမ်း (တောင်)၊ ချင်း၊ အုပ်စု (ဃ) တွင် ရန်ကုန်၊ မကွေး၊ ကရင်နှင့် တနင်္သာရီအသင်းတို့ ပါဝင်နေသည်။ ဇူလိုင် ၂၀ ရက် **(ယနေ့)** စတင်ကျင်းပမည့် ပြိုင်ပွဲပထမနေ့တွင် နံနက် ၈ နာရီခွဲ၌ ရခိုင်နှင့် ရေဝတီ၊ ရှမ်း (မြောက်) နှင့် မန္တလေး၊ ညနေ ၄ နာရီတွင် နေပြည်တော်နှင့် ချင်း၊ ရှမ်း (အရှေ့) နှင့် ရှမ်း (တောင်) တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာရန်အတွက် လူငယ်ပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိသည်။

ညီမြတ်သော်တာ

ဟော်မုဇ်ရေလက်ကြားတွင် အမေရိကန်က အီရန်မောင်းသူမဲ့လေယာဉ်ကို ပစ်ချ

အီရန်မောင်းသူမဲ့လေယာဉ်အား ပစ်ချလိုက်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အိမ်ဖြူတော်တွင် သတင်းထောက်များကို ပြောကြားနေစဉ်။

ဝါရှင်တန် ဇူလိုင် ၁၉
အမေရိကန် ရေတပ်သင်္ဘောတစ်စင်းက ပါရှန်ပင်လယ်ကွေ့ ဟော်မုဇ်ရေလက်ကြားတွင် အီရန်ဒရုန်းယာဉ်တစ်စင်းကို ပစ်ချလိုက်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဇူလိုင် ၁၈ ရက်တွင် ပြောကြားလိုက်သည်။

အီရန်ဒရုန်းယာဉ်သည် ယူအက်စ်အက်စ်ဘောက်ဇာ သင်္ဘောနှင့် မီတာ ၉၀၀ အထိ နီးကပ်လာခဲ့ကြောင်း၊ အမေရိကန်ဘက်က အကြိမ်ကြိမ် သတိပေးခဲ့သော်လည်း ဥပေက္ခာပြုခဲ့ကြောင်း၊ အမေရိကန်သင်္ဘောနှင့် ရေတပ်သားများအား ခြိမ်းခြောက်လာသည့်အတွက် နောက်ဆုံးတွင် ပစ်ချခဲ့ကြောင်း အမေရိကန်သမ္မတထရမ့်က သတင်းထောက်များကို အိမ်ဖြူတော်တွင် ပြောကြားခဲ့သည်။

အီရန်ဒရုန်းကို တစ်ခါတည်း ပစ်ချခဲ့ကြောင်း၊ ယင်းဖြစ်ရပ်သည် နိုင်ငံတကာရေပြင်တွင် ခုတ်မောင်းနေသည့် သင်္ဘောများကို အီရန်က ရန်စသည့် နောက်ဆုံးအဖြစ်အပျက်တစ်ခု ဖြစ်ကြောင်း အမေရိကန်သမ္မတထရမ့်က ပြောသည်။

ယခုအဖြစ်အပျက်နှင့် ပတ်သက်ပြီး အီရန်ဘက်က မည်သည့်တုံ့ပြန်ပြောကြားမှုမှ မပြုလုပ်သေးသော်လည်း အမေရိကန်သမ္မတထရမ့်က လွတ်လပ်စွာ ရေကြောင်းသွားလာမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ကူးသန်းရောင်းဝယ်မှုကို နှောင့်ယှက်သည့် လုပ်ရပ်ဖြစ်သောကြောင့် ကမ္ဘာ့နိုင်ငံများက အီရန်ကို ရှုတ်ချသင့်ကြောင်း ပြောသည်။

ယခုအဖြစ်အပျက်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဖြစ်ပွားခဲ့ကြောင်း၊ ယူအက်စ်အက်စ်ဘောက်ဇာကို အကာအကွယ်ပေးသည့်အနေဖြင့် မောင်းသူမဲ့ဒရုန်းယာဉ်ကို ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ဇူလိုင် ၁၈ ရက်တွင် ဖြစ်ပွားခဲ့သည့် ယခုဖြစ်ရပ်သည် ဒေသတွင်း အမေရိကန်နှင့် အီရန်နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာနေမှုကို ပိုမိုဆိုးရွားစေမည်ဖြစ်သည်။ လွန်ခဲ့သည့်လက အီရန်က အမေရိကန်ဒရုန်းယာဉ်တစ်စင်းကို ပစ်ချခဲ့ရာ အမေရိကန်ဘက်က လက်တုံ့ပြန်ခါနီးတွင် အီရန်ဘက်ကအထိနာမည်ကို မလိုလားသည့်အတွက် အမေရိကန်သမ္မတထရမ့်၏ အမိန့်ကို ရပ်ဆိုင်းခဲ့လိုက်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

ဂျပန်သံရုံးအနီး ကားတစ်စီးကို မီးရှို့ပြီးနောက် တောင်ကိုရီးယားအမျိုးသားတစ်ဦး သေဆုံး

ဆိုးလ် ဇူလိုင် ၁၉
အသက် ၇၈ နှစ်အရွယ် တောင်ကိုရီးယားအမျိုးသားတစ်ဦးသည် ဆိုးလ်မြို့ရှိ ဂျပန်သံရုံးအနီးတွင် ကိုယ်ပိုင်ကားကို မီးရှို့ပြီးနောက် မီးလောင်ဒဏ် ခံစားရပြီး သေဆုံးသွားကြောင်း ဒေသတွင်း မီဒီယာများက ပြောသည်။

ကင်ဟုအမည်ရသည့် အဆိုပါအမျိုးသားသည် ဂျပန်သံရုံးအိမ်ရာ အဆောက်အအုံဝင်ပေါက်ရှေ့သို့ ၎င်း၏ဗန်ကားဖြင့် ရောက်လာပြီး ၎င်း၏ မော်တော်ယာဉ်အတွင်းခန်းကို မီးရှို့ခဲ့သည်။ ကားအထဲတွင် ဗျူတိန်းဓာတ်ငွေ့ထည့်ထားသည့်ပုံး ၂၀ ပါရှိပြီး ဓာတ်ဆီ လီတာ ၄၀ ရှာဖွေတွေ့ရှိခဲ့သည်။

၁၀ မိနစ်ကြာပြီးနောက် မီးငြိမ်းသတ်နိုင်ခဲ့ပြီး အဆိုပါ အမျိုးသားကို အနီးဆုံးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ ယင်းအမျိုးသားမှာ ခန္ဓာကိုယ်အပေါ်ပိုင်းတွင် မီးလောင်ဒဏ်ရာများ ရရှိသွားခဲ့ပြီးနောက် သေဆုံးသွားခဲ့သည်။

ကင်၏ ယောက္ခမဖြစ်သူ အမျိုးသားကြီးသည် ၁၉၁၀-၁၉၄၅ ခုနှစ် ဂျပန်တို့ကိုလိုနီပြုထားစဉ်ကာလအတွင်း လုပ်ခမရဘဲ အဓမ္မခိုင်းစေခံရသူလည်း ဖြစ်သည်ဟု ကင်၏ မိသားစုက ပြောသည်။

ဂျပန်နှင့် တောင်ကိုရီးယားတို့ ကုန်သွယ်ရေးသဘောထား တင်းမာမှုများ ဖြစ်ပေါ်နေစဉ် ယခုလိုဖြစ်ရပ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယခုလအစောပိုင်းတွင် တောင်ကိုရီးယားသို့ ဂျပန်မှတင်ပို့သည့် နည်းပညာမြင့်ပစ္စည်းများကို ဂျပန်ဘက်မှ ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။

ဆင်ဟွာ

ကဘူးလ်တက္ကသိုလ်မုခ်ဦးတွင် ဗုံးပေါက်ကွဲမှုကြောင့် ၁၆ ဦး ဒဏ်ရာရ

ကဘူးလ် ဇူလိုင် ၁၉
အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်တက္ကသိုလ် တောင်ဘက်မုခ်ဦးတွင် ဇူလိုင် ၁၉ ရက်က ဗုံးပေါက်ကွဲမှုကြောင့် လူလေးဦးသေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကဘူးလ်မြို့ ရဲဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဖီဒါရက်စ်ဖာရာမာဇ်က ပြောသည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီ ၁၀ မိနစ်တွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး စာမေးပွဲ ဖြေဆိုရန် ကျောင်းသားများ ကျောင်းပေါက်ဝ၌ စုဝေးနေကြစဉ် ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

သေဆုံးသွားသူလေးဦးထဲတွင် လမ်းရှင်းပေးသည့် ရဲတစ်ဦးပါဝင်ပြီး ဒဏ်ရာရရှိသူများထဲတွင် အမျိုးသမီးတစ်ဦး ပါဝင်ကြောင်း ဖာရာမာဇ်က ပြောသည်။ ပေါက်ကွဲမှုကြောင့် ကားနှစ်စီးလည်း ပျက်စီးသွားခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

ပြည်သူ့ကျန်းမာရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူကမူ သေဆုံးသူမှာ ခြောက်ဦးဖြစ်ပြီး ဒဏ်ရာရရှိသူ ၂၇ ဦး ဆေးရုံပေါ်သို့ ရောက်လာကြောင်း ပြောကြားခဲ့သည်။

ယခုပေါက်ကွဲမှု၏ လက်သည်တရားခံမှာ မည်သည့်အုပ်စုဖြစ်သည်ကို မသိရသေးပေ။ အစောပိုင်း တောင်ပိုင်းကန္ဒါဟာပြည်နယ် ရဲဌာနတိုက်ခိုက်ခံရမှု၏ လက်သည်မှာ တာလီဘန်အုပ်စုကြောင့်ဖြစ်သည်ဟု ကြေညာထားသည်။

ယင်းတိုက်ခိုက်မှုသည် ဇူလိုင် ၁၈ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၂ ဦး သေဆုံးခဲ့ပြီး ၉၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ဆင်ဟွာ

ရုရှားနိုင်ငံ မော်စကိုမြို့မှ အာမေးနီးယားနိုင်ငံ ရီရယ်ဗန်သို့ ပျံသန်းမည့် လေယာဉ်ခရီးစဉ် အရေးပေါ်ဖျက်သိမ်း

မော်စကို ဇူလိုင် ၁၉
ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ရှီရီမက်ရယ်ဘို အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အာမေးနီးယားနိုင်ငံမြို့တော် ရီရယ်ဗန်သို့ ဦးတည်ပျံသန်းမည့် လေယာဉ်ခရီးစဉ်ကို ရုတ်တရက် ဖျက်သိမ်းလိုက်ကြောင်း စပွတ်နစ်သတင်းဌာနက ဇူလိုင် ၁၉ ရက်ကို ဖော်ပြသည်။

ခရီးစဉ် ပျံသန်းမည့် လေယာဉ်မှူး အခန်းတွင်းမှ ရုတ်တရက်မီးခိုးများ ထွက်လာပြီးနောက် အဆိုပါ လေယာဉ်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။

ရုရှား နော့ဒ်ဝင်းဒ် လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၇၇ အမျိုးအစားလေယာဉ်ကို မော်စကိုမြို့ရှိ ရှီရီမက်ရယ်ဗိုအို အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။

ရုရှားနော့ဒ်ဝင်းဒ် လေကြောင်းလိုင်းပိုင် အဆိုပါဘိုးရင်း ၇၇၇ အမျိုးအစား လေယာဉ်ပေါ်တွင် ခရီးသည် ၁၈၇ ဦး ပါရှိပြီး လေယာဉ်မတော်တဆဖြစ်ပြီးနောက် ထိခိုက်ဒဏ်ရာရသည့် ခရီးသည် ရှစ်ဦးအပါအဝင် ခရီးသည်အားလုံးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ရုရှားအရေးပေါ် ဝန်ကြီးဌာနရုံးခွဲက စပွတ်နစ်သတင်းအေဂျင်စီသို့ ပြောသည်။

လေယာဉ်တက်ရန် ဖြည်းဖြည်းချင်း ရွေ့လျားနေချိန်တွင် မီးခိုးထွက်သည် ဆိုသည့် အချက်ပြမှုကို သတိပြုမိပြီးနောက် လေယာဉ်မှူးအခန်းက ယင်းအချက်ပြမှုကို လက်ခံရရှိခဲ့သည်။

ထို့နောက် လေယာဉ်ပျံကို ရပ်တန့်စေခဲ့ပြီး ခရီးသည်များကို အရေးပေါ်လှေကားနှင့် ဘေးလွတ်ရာ လေဆိပ်ဂိတ်သို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ အရန်လေယာဉ်ကို ပြင်ဆင်လျက်ရှိကြောင်း ရုရှားအရေးပေါ် ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါ မတော်တဆဖြစ်ပွားမှုကို စုံစမ်းရန် အထူးကော်မရှင်ဖွဲ့ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ဖက်ဒရယ်အေဂျင်စီက ပြောသည်။ **ဆင်ဟွာ**

အီရန်ကို ကူညီသည့် အဖွဲ့အစည်းများအားလုံးကို အမေရိကန်က ပိတ်ဆို့

ဝါရှင်တန် ဇူလိုင် ၁၉
အမေရိကန်ပြည်ထောင်စုသည် အပြည်ပြည်ဆိုင်ရာမှ အဖွဲ့အစည်း ခုနစ်ခုနှင့် လူပုဂ္ဂိုလ်ငါးဦးတို့ကို ပိတ်ဆို့မှုပြစ်ဒဏ် ချမှတ်ခဲ့သည်။

၎င်းတို့မှာ အီရန်နိုင်ငံ၏ ယူရေနီယံ သန့်စင်ခြင်းလုပ်ငန်းတွင် အားပေးခဲ့သည်ဟု စွပ်စွဲခဲ့ပြီးနောက် ပိတ်ဆို့မှု ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အီရန်၊ ဘယ်လ်ဂျီယံ၊ တရုတ်အခြေစိုက်အဖွဲ့အစည်းများကို ဇူလိုင် ၁၈ ရက်က ပိတ်ဆို့မှု ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံအတွက် ယူရေနီယံသန့်စင်ရာတွင် အသုံးပြုသည့် အလူမီနီယံ ထုတ်ကုန်နှင့် အခြားပစ္စည်းများ ဝယ်ယူရာတွင် အီရန်ကို အကူအညီပေးခဲ့သည်ဟု အမေရိကန်ဘက်က စွပ်စွဲထားသည်။

အမေရိကန်ပြည်ထောင်စုရှိ ၎င်းတို့ပိုင်ဆိုင်သည့် အရာအားလုံးကို ပိတ်ပင်သွားမည်ဖြစ်ပြီး အမေရိကန်နိုင်ငံသားများနှင့် ဆက်ဆံမှုကိုလည်း တားမြစ်သွားမည်ဟု သိရသည်။

အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူစာချုပ်ပါ အချက်ကိုဖောက်ဖျက်ပြီး ယူရေနီယံ သန့်စင်မှုကို မြှင့်တင်လိုက်ပြီးနောက်ပိုင်း ပထမဆုံး အမေရိကန်ဘက်မှ ပိတ်ဆို့အရေးယူမှုပင်ဖြစ်သည်။ အီရန်နိုင်ငံ၏ ရန်လိုသော အပြုအမူများနှင့် ယူရေနီယံ သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အမေရိကန်က အထူးစိုးရိမ်မိကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်က ပြောသည်။ ထို့ပြင် အီရန်၏ နျူကလီးယားအစီအစဉ်ကို ထောက်ပံ့ပေးနေကြသူများအားလုံးကို ပစ်မှတ်ထားသွားမည်ဟုလည်း ၎င်းက ဆက်ပြောသည်။ ၂၀၁၅ ခုနှစ်က ထားရှိခဲ့သည့် နျူကလီးယား သဘောတူစာချုပ်အစားနောက်ထပ်သဘောတူညီမှုတစ်ခု အစားထိုးရန် အမေရိကန်က အီရန်ကို ဖိအားပေးလျက်ရှိသည်။

အင်န်အိတ်ချ်ကေ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို (ဝဲ)နှင့် ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်(ယာ)တို့ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၅ ရက်က ဝါရှင်တန်ဒီစီ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်။

အာဖဂန်တောင်သူတို့ရဲ့ ရုန်းကန်လှုပ်ရှား လူမှုဘဝများ

ထွန်းသစ်စ

အစားအစာရှားပါးပြတ်လပ်မှုကို ရင်ဆိုင်ခံစားနေရသည့် အာဖဂန်တောင်သူတို့၏ ဘဝသရုပ်ကို ပုံဖော်ထားစဉ်။

လွန်ခဲ့တဲ့ နှစ် ၈၀ လောက်က သူ့ကို မွေးဖွားခဲ့တဲ့ သူ့ဇာတိမြေက မစွန့်ခွာချင်ဘဲ စွန့်ခွာလာခဲ့တဲ့ သူကတော့ အာဖဂန်လယ်သမားတစ်ယောက် ဖြစ်တဲ့ မူရက်ဒ်ခန် အစ်ရှက်ဇိုင်ပဲ ဖြစ်ပါတယ်။ စစ်ပွဲကြောင့် စွန့်ခွာလာတာမျိုးမဟုတ်ဘဲ ထင်မှတ်မထားနိုင်လောက်အောင် ဆိုးရွားလှတဲ့ မိုးခေါင်ရေရှားလာမှုကြောင့် စွန့်ခွာလာရသူပဲ ဖြစ်ပါတယ်။

ရွှေ့ပြောင်းမှုတွေ ပြုလုပ်နေကြ

အစ်ရှက်ဇိုင်ဟာ သူ့ရဲ့ ဂျုံစိုက်ခင်းမှာ ဆယ်စုနှစ်အတော်ကြာ လုပ်ကိုင်နေရင်း ဆိုးရွားလှတဲ့ ရာသီဥတုဒဏ်ရဲ့ ရိုက်ခတ်မှုကို ခံခဲ့ရတာပါ။ အာဖဂန်အနောက်ပိုင်းမှာဖြစ်ပွားတဲ့ ကာလရှည်ကြာ မိုးခေါင်ရေရှားမှုရဲ့ အကျိုးဆက်တွေကြောင့် ကောက်ပဲသီးနှံတွေနဲ့ ခြံမွေးတိရစ္ဆာန်များ ပျက်စီးခြင်း၊ ရေအရင်းအမြစ်များ ခန်းခြောက်လာခြင်းစတဲ့ ဆိုးကျိုးတွေကို ခံစားနေရတာကြောင့် အဲဒီဒေသမှာရှိတဲ့ လူပေါင်း ၂၅၀၀၀၀ လောက်ဟာ ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ကြရာ အစ်ရှက်ဇိုင်တစ်ယောက်လည်း ပါဝင်ခဲ့ပါတယ်။

သဘာဝဘေးဒဏ်ရဲ့ ရိုက်ခတ်မှုကြောင့် ကျေးလက်ဒေသမှာရှိတဲ့ မိသားစုဝင်တွေဟာ ကီလိုမီတာ ရာချီဝေးတဲ့ ဟီရတ်လိုမျိုး နေရာတွေကို ပြောင်းရွှေ့မှုတွေလုပ်ဖို့အတွက် ဆုံးဖြတ်ခဲ့ကြပါတယ်။ အဲဒီလိုပြောင်းရွှေ့မှုတွေလုပ်တဲ့ အခါမှာ တာလီဘန်နဲ့ အစိုးရတပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ပွားနေတဲ့နေရာတွေကိုလည်း ဖြတ်သန်းပြီး သက်စွန့်ဆံဖျားသွားရဦးမှာပဲ ဖြစ်ပါတယ်။

ပြည်နယ်မြို့တော် ဟီရတ်လိုမျိုးနေရာရဲ့ မြို့စွန်လေးတွေမှာ သူတို့ဟာ သနားစရာကောင်းတဲ့ လက်ဖြစ် ရွက်ဖျင်တဲလေးတွေကို ပြုလုပ်ပြီး နေကြရပါတယ်။

"လယ်ယာတွေလည်း ပျက်စီးခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ ဘဝတွေဟာလည်း အတိဒုက္ခ ရောက်ခဲ့ပါပြီ။ ကျွန်တော်တို့ရဲ့ မြည်းတွေကို လည်း သဲကန္တာရမှာ ထားခဲ့ရပါတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်တော်တို့ သူတို့ကို ဘာအစာမှ မကျွေးနိုင်တော့လို့ပါ" လို့ ကြေကွဲဆို့နင့်ဖွယ် ပြောလာတဲ့သူကတော့ အစ်ရှက်ဇိုင်ပဲ ဖြစ်ပါတယ်။ သူဟာ သူ့မိသားစုကို မိုးခေါင်ရေရှားမှုဒဏ်ကို အဆိုးရွားဆုံးခံစားနေရတဲ့ အာဖဂန်အနောက်ပိုင်း ဂေါ်မာ့ချ်စီရင်စုအပိုင် ဘက်ဂစ်ဆိုတဲ့ ဇနပုဒ်လေးက ခေါ်ထုတ်လာခဲ့တာ ဖြစ်ပါတယ်။

မြင်ရသူတွေ စိတ်မကောင်းဖြစ်

သာမန်ထက် ပူတဲ့အပူချိန်နဲ့ ပြင်းထန်တဲ့ မိုးခေါင်ရေရှားမှုကြောင့် သူတို့ဟာ သူတို့ရဲ့ ကျေးရွာလေးတွေနဲ့ သူတို့ရဲ့ဘဝကို စွန့်ခွာခဲ့ကြပြီး အခုလို လက်လုပ်ရွက်ဖျင်တဲလေးတွေနဲ့ သည်းမခံနိုင်တဲ့ လွင်တီးခေါင်မှာ နေထိုင်နေကြတဲ့ သူတို့ရဲ့အခြေအနေဟာ မြင်ရသူတွေအတွက် စိတ်ရှုပ်စရာတွေ ဖြစ်စေပါတယ်။

ရုတ်တရက်လေအဝှေ့မှာ သဲမှုန့်၊ ဖုန်မှုန့်တွေက သူတို့ဆီ မဖိတ်ခေါ်ဘဲ ရောက်လာခဲ့ကြသလို ဒါတွေဟာ သူတို့အတွက် မဆန်းတော့တဲ့ ကိစ္စတွေပဲဖြစ်ပါတယ်။ ကလေးငယ်တွေဟာလည်း လွတ်လပ်စွာ ဆော့ကစားဖို့မပြောနဲ့ သူတို့ဟာ သူတို့မိသားစုအတွက် ရေသယ်တဲ့ အလုပ်ကိုပဲ လုပ်နေကြရပါတယ်။ အရင်က မိသားစုကို ပြည့်ပြည့်စုံစုံထောက်ပံ့နိုင်ခဲ့ပြီး ဂုဏ်ယူခဲ့တဲ့ အိမ်ဦးနတ်တွေလည်း အခုတော့ ဘာမှမတတ်နိုင်ဘဲ လက်မှိုင်ချလို့ နေရပြန်ပါတယ်။ သူတို့တွေဟာ သူတို့ကိုယ်တိုင်လုပ်တဲ့ ပေါင်မုန့်လို သရေစာမျိုးပဲ စားနိုင်တဲ့အခြေအနေကို ရောက်လာခဲ့ကြပါတယ်။

"ဟီရတ်မြို့တစ်ခုလုံးပေးမယ်ဆိုရင်တောင် ဘက်ဂစ်မှာသာ ဆက်နေထိုင်လို့ရမယ်ဆိုရင် ဒီကို ရောက်လာစရာအကြောင်း မရှိဘူး" လို့ အဖြူရောင်ပိတ်စကို ခေါင်းပေါင်းထားတဲ့ အာဖဂန်လယ်သမားတစ်ဦးဖြစ်တဲ့ အစ်ရှက်ဇိုင်က ပြောပါတယ်။

လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းက ဖြစ်ပွားခဲ့တဲ့ မိုးခေါင်ရေရှားမှုက အစ်ရှက်ဇိုင်နဲ့ သူ့ရဲ့ မိသားစုကို သူ့ရဲ့မွေးရပ်မြေလေးကို စွန့်ခွာစေခဲ့တဲ့ အဓိကအကြောင်းရင်းတစ်ချက်ဖြစ်သလို ဒါဟာလည်း ဘဝမှာအဆိုးရွားဆုံးပဲလို့ သူက ပြောပါတယ်။ ရွှေ့ပြောင်းမိသားစုဝင်အရေအတွက်တွေတိုးလာခြင်းကြောင့် အာဖဂန်အရာရှိတွေနဲ့ နိုင်ငံခြားအကူအညီပေးရေးအဖွဲ့တွေကို အတော်စဉ်းစားစရာဖြစ်စေခဲ့ပါတယ်။ အဲဒီလိုပြောင်းရွှေ့အခြေချမှုတွေ တိုးလာနေတဲ့အတွက် သူတို့ကို ထောက်ပံ့ပေးဖို့ အစားအစာ၊ နေရာထိုင်ခင်းနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ အခက်အခဲတွေ ရှိလာပါတယ်။

လူတိုင်းဆာလောင်မွတ်သိပ်မှုနှင့် ကြုံနေရ

ဆောင်းတွင်းသို့ ဝင်ရောက်လာပြီဖြစ်တဲ့အတွက် နိုင်ငံတကာရန်ပုံငွေတွေ အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂ လူသားချင်းစာနာမှု ညှိနှိုင်းရေးမှူး တိုဘီလန်ဇာက ပြောခဲ့ပါတယ်။

မိုးခေါင်ရေရှားခြင်းနဲ့ ပဋိပက္ခတွေကြောင့် လူပေါင်း ၅ ဒသမ ၅ သန်းကျော် အရေးပေါ် အကူအညီများ လိုအပ်လျက်ရှိကြောင်း၊ လွန်ခဲ့တဲ့လကနယူးယောက်မှာ လန်ဇာက သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ ကာလတိုအရေးပေါ်လိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါက အတိတ်က ရရှိခဲ့တဲ့ အောင်မြင်မှုမျိုးကို လက်လွှတ်ဆုံးရှုံးနိုင်ခြေရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါတယ်။

မိုးခေါင်ရေရှားတာဟာ အာဖဂန်နစ္စတန်ရှိ လူဦးရေ ၂ ဒသမ ၂ သန်းအပေါ် အကျိုးသက်ရောက်မှုရှိနေကြောင်း သိရပြီး လွန်ခဲ့တဲ့ဆောင်းတွင်းကာလမှာလည်း ဆီးနှင်းတွေကျဆင်းတာနဲ့ မိုးရွာသွန်းတာ လုံးဝမရှိပါဘူး။ အကြမ်းဖျင်းအားဖြင့် လူဦးရေ ၁ ဒသမ ၄ သန်းလောက် အရေးပေါ်အကူအညီ လိုအပ်လျက်ရှိပါတယ်။ အထူးသဖြင့် နိုင်ငံမြောက်ပိုင်းဒေသတွေမှာဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းတိုင်ပင်ရေး ကုလသမဂ္ဂရုံးက ပြောခဲ့တယ်။

နိုင်ငံမြောက်ပိုင်းမှ ရွှေ့ပြောင်းအခြေချသူ ၇၀ ရာခိုင်နှုန်းကျော်ဟာ လုံလောက်တဲ့ အစားအစာတွေမရရှိသလို ငါးနှစ်အောက် ကလေးငယ်စုစုပေါင်း ၃၃၂၀၀ ဟာလည်း အာဟာရချို့တဲ့နေပြီး အရေးပေါ် အသက်ကယ်ကုသမှုများလိုအပ်နေကြောင်း လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းတိုင်ပင်ရေး ကုလသမဂ္ဂရုံးက စက်တင်ဘာ ၂၀ ရက်အစီရင်ခံစာမှာ ပြောခဲ့ပါတယ်။

လက်ဖြစ်တဲလေးတွေနဲ့ နေနေရသူတွေက သူတို့တွေ လအတော်ကြာ ပေါင်မုန့်နဲ့ လက်ဖက်ရည်ကိုသာ သောက်သုံးနေရပါတယ်။ အဘယ်ကြောင့်ဆိုသော် အသီးအနှံ သို့မဟုတ် အသား၊ ငါးတွေဝယ်ယူဖို့ လုံလောက်တဲ့ ပိုက်ဆံမရှိတာကြောင့်ဖြစ်ကြောင်း စိတ်မကောင်းစွာ ပြောခဲ့ပါတယ်။

ဒီနေရာမှာ လူသားတိုင်း ဆာလောင်မွတ်သိပ်မှု ခံစားနေရပါတယ်လို့ ဂေါမတ်စီရင်စုမှ ရွှေ့ပြောင်းနေထိုင်သူ ကလေးခြောက်ယောက်မိခင် နော်ခန်ဇာမန်ဇိုင်က ပြောပါတယ်။

"နှစ်ပေါင်းများစွာ ဖြစ်ပွားနေတဲ့ စစ်ပွဲတွေကိုလည်း ကျွန်မတို့ ဂရုမစိုက်နိုင်တော့ပါဘူး။ အရင်တုန်းကတော့ ပျော်ပျော်ပါးပါး လယ်လုပ်လိုက်ကြ၊ စားလိုက်ကြပေါ့။ ဒါပေမယ့် အခုကတော့ မိုးခေါင်ရေရှားလာတော့ အကုန်အခက်တွေ့ကုန်တော့တာပဲ" လို့ သူက ဆက်လက်ပြောကြားခဲ့ပါတယ်။

သန့်ရှင်းရေး အခြေအနေတွေမှာလည်း အဆိုးရွားဆုံးဖြစ်ပေါ်လျက်ရှိပြီး ရေအိမ်တွေလည်း ရာပေါင်းများစွာ လိုအပ်လျက်ရှိပါတယ်။ တချို့မှာလည်း ကွင်းပြင်တွင်သာ ကိစ္စပြီးလိုက်ရတာတွေ၊ အိမ်တွေကို ထားခဲ့ရတာက မိဘတွေကို လမ်းခွဲပြီး ထားခဲ့ရသလိုပါပဲလို့ မာဂတ်စီရင်စု ဘက်ဂစ်ဒေသရှိ အသက် ၃၀ အရွယ် အဗ္ဗဒူရာဇတ်က ပြောပါတယ်။

"စစ်ပွဲတွေနဲ့ မိုးခေါင်ရေရှားဖြစ်နေတဲ့ မွေးရပ်မြေကို ပြန်သွားတာထက်စာရင် ဒီမှာပဲ အသေခံလိုက်တော့မယ်" လို့ သူက ဆက်လက်ပြောခဲ့ပါတယ်။ သူဟာ တကယ့်ကျန်းမာရေး အခြေအနေဆိုးရွားနေပြီး ဆရာဝန်ပြဖို့ပင် အာဖဂန်ပိုက်ဆံ ၁၀ အာဖဂန်နစ်ပင် မတတ်နိုင်တော့ပါဘူး။ သူ့အိမ်ကို နောက်တစ်ကြိမ် မတွေ့ရတော့မှာ စိုးရိမ်မိပြီး အားလျော့စိတ်ပျက်ကာ ပြောကြားလိုက်တဲ့ အာဖဂန်က တောင်သူတစ်ဦးရဲ့ ဘဝပုံရိပ်ကို ကြားသိလိုက်ရတာ စိတ်မကောင်းစရာပါပဲ။ ။

ကိုးကား- အေအက်ဖ်ပီ

နိုင်ငံတကာသတင်းတိုထွာ

သီရိလင်္ကာနိုင်ငံတွင် မိုးကြီးပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူသုံးဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရ

ကိုလံဘို ဇူလိုင် ၁၉

ဇူလိုင် ၁၈ ရက်က စတင်ကာ သီရိလင်္ကာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်မှုကြောင့် လူသုံးဦး သေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးစင်တာ DMC က ဇူလိုင် ၁၉ ရက်တွင် ပြောကြားခဲ့သည်။

သီရိလင်္ကာ ရဲများနှင့် တပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းအထိ လူပေါင်း ၅၅၀၀၀၀ ခန့်မှာ ရာသီဥတုဆိုးရွားသည့်ဒဏ်ကို ခံစားခဲ့ရသည်။ အချို့သောနေရာများတွင် မြေပြိုမှုအန္တရာယ်ကိုလည်း သတိပေးချက် ထုတ်ပြန်ထားသည်။ လူပေါင်း ၅၀၀ ခန့်ကို လုံခြုံစိတ်ချရသည့်နေရာသို့ ပြောင်းရွှေ့ပေးခဲ့ရပြီး ငါးဖမ်းသမားများကိုလည်း ပင်လယ်ပြင်သို့ မထွက်ရန် အသိပေးထားကြောင်း သိရသည်။ **ဆင်ဟွာ**

တူရကီအပေါ် ပိတ်ဆို့မှုပြုလုပ်ရန် ထရမ့်သတိထားနေ

အန်ကာရာ ဇူလိုင် ၁၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တူရကီသည် ရုရှားထံမှ ကာကွယ်ရေးစနစ်ဝယ်ယူခဲ့သည့်အတွက် တူရကီနိုင်ငံကို ပိတ်ဆို့မှု ပြစ်ဒဏ်ချမှတ်ရန် သတိထားသည့် လက္ခဏာများ ပြသလျက်ရှိသည်။

ယခုလောလောဆယ် အခြေအနေတွင် ထရမ့်၏ အစိုးရအဖွဲ့သည် တူရကီကိုပိတ်ဆို့မှုများ ပြုလုပ်သွားရန် အစီအစဉ် မရှိဟု အိမ်ဖြူတော်တွင် ဇူလိုင် ၁၉ ရက်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထရမ့်က ပြောကြားခဲ့သည်။

ထရမ့်က ၎င်းအရင် သမ္မတဖြစ်သူဘားရက်အိုဘားမားသည် တူရကီနိုင်ငံကို အမေရိကန် ပက်ထရီယော့ဒုံးကျည်များ မရောင်းခဲ့သည့် အမှားကျူးလွန်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ထရမ့်သည် တူရကီနိုင်ငံကို ရုရှားနှင့် ပိုမိုနီးစပ်သွားမည့်အရေး စိုးရိမ်လျက်ရှိသည်။ အမေရိကန်က ကန့်ကွက်နေသည့်ကြားမှ ရုရှားအက်စ် ၄၀၀ လေကြောင်းရန်ကာကွယ်ရေးစနစ်သည် တူရကီသို့ ပထမဦးဆုံးအသုတ်အဖြစ် လွန်ခဲ့သည့် သီတင်းပတ်က ရောက်ရှိခဲ့သည်။

အင်န်အိတ်ခ်ျကေ

(၇၂) နှစ်မြောက် အာဇာနည်နေ့ မြင်ကွင်း ပုံရိပ်များ

(၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လာရောက်ဂါရဝပြုကြသည့် ပြည်သူများကို တွေ့ရစဉ်။

သတင်းစဉ်

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ နိုင်ငံရေးပါတီများ လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး လွှမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) သို့ လာရောက်လေ့လာကြသည့် ပြည်သူများကို တွေ့ရစဉ်။ (ဝဲပုံ)

အတွင်းဝန်ရုံးဟောင်း (ယခင်ဝန်ကြီးများရုံး) ၌ လာရောက်လေ့လာကြသည့် ပြည်သူများကို တွေ့ရစဉ်။ (အပေါ်ပုံ)

လူစီးအမြန်ရေယာဉ်များ မြစ်ကမ်းဘေးကျေးရွာများအနီး ဖြတ်သန်းစဉ် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်

မုံရွာ ဇူလိုင် ၁၉

ချင်းတွင်းမြစ်အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုများကြောင့် မြစ်ရေမြင့်တက်လာပြီး မြစ်ကမ်းဘေးတစ်လျှောက်ရှိ မြို့များနှင့် ကျေးရွာများသို့ မြစ်ရေဝင်ရောက်လျက်ရှိရာ မုံရွာမြို့မှ ချင်းတွင်းအထက်ပိုင်းဒေသများသို့မြစ်တစ်လျှောက် အထက်အောက် ပြေးဆွဲလျက်ရှိသော လူစီးအမြန်ရေယာဉ်များ မြို့များ ကျေးရွာများ အနီးမှဖြတ်သန်းစဉ် အရှိန်လျှော့မောင်းနှင်ကြရန်လိုကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်း၏ ပြောကြားချက်အရ သိရသည်။

"ရေလှိုင်းတွေရိုက်တော့ မြစ်ကမ်းပါးပြိုကျမှုတွေ ဖြစ်နိုင်တယ်။ လူနေအိမ်တွေမှာလည်း ရေတွေဝင်ပြီး ပျက်စီးနိုင်တဲ့အတွက် ကျေးရွာတွေကို ဖြတ်သန်းမောင်းနှင်ကြတဲ့အခါမှာ စက်ရှိန်ကို လျှော့မောင်းနှင်ကြဖို့ မုံရွာမြို့ကနေစထွက်ကတည်းက ရေယာဉ်စစ်ဆေးတဲ့အဖွဲ့တွေက စနစ်တကျမှာကြားနေပါတယ်။ မြစ်ရေကြီးမြင့်ချိန်မှာ ရေယာဉ်တွေအနေနဲ့ မြစ်ကမ်းအနီးက မောင်းမယ်ဆိုရင် ကျေးရွာတွေကို ဖြတ်တဲ့အခါမှာ အရှိန်လျှော့မောင်းကြဖို့ လိုပါတယ်" ဟု ၎င်းကပြောသည်။

မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းမှ လူစီးအမြန်ရေယာဉ် ၁၀ သင်း အစင်းရေ ၁၂၉ စင်း၊ ကုန်တင်ရေယာဉ် ၁၈ သင်းတွင် ၅၄၄ စင်းဖြင့် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ကုန်စည်နှင့် ခရီးသည်များကို စုန်ဆန်ပြေးဆွဲပေးလျက်ရှိရာ ရေယာဉ်များက မြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများသို့ ဖြတ်သန်းစဉ် စက်ရှိန်လျှော့ မောင်းနှင်ကြရန် သတိပေးမှာကြားထားကြောင်း သိရသည်။

ဝင်းဦး (ဧယျာတိုင်း)

ကော့သောင်းနယ်စပ်ဂိတ်မှ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ပြန်လည်လက်ခံ

ကော့သောင်း ဇူလိုင် ၁၉

ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက မြန်မာရွှေ့ပြောင်း အလုပ်သမား အမျိုးသား ၅၀၊ အမျိုးသမီး ကိုးဦးနှင့် ကလေးငယ် နှစ်ဦးအပါအဝင် စုစုပေါင်း အလုပ်သမား ၆၁ ဦးကို ဇူလိုင် ၁၇ ရက်က ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် လာရောက်ပြန်လည်လွှဲပြောင်းပေးအပ်ရာ ဒေသတာဝန်ရှိ အဖွဲ့အစည်းများက ပြန်လည်လက်ခံသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများ တွေ့ရစဉ်။

အဆိုပါ မြန်မာရွှေ့ပြောင်း အလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ရာ လာရောက်လွှဲပြောင်းပေးသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှု တိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြသည်။ ထို့နောက် ပြည်သူ့ကျန်းမာရေးဌာနမှ လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

မြို့ပေါင်း ၁၇ ခုရှိ ဆေးရုံနှင့် အမျိုးသားသွေးဌာနတို့တွင် တစ်ပြိုင်တည်း စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

အာဇာနည်နေ့အထိမ်းအမှတ် MPT ၏ ရှစ်ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ မြို့ပေါင်း ၁၇ မြို့မှ ဆေးရုံနှင့် အမျိုးသားသွေးဌာနတို့တွင် တစ်ပြိုင်တည်း စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပခဲ့ရာ ယမန်နေ့က ရန်ကုန်မြို့ အမျိုးသားသွေးဌာန၌ ကျင်းပသည်။

လူ့ခန္ဓာကိုယ်အတွက် သွေးသည် လွန်စွာအရေးကြီးပြီး ခွဲစိတ်ကုသမှုများနှင့် သွေးကင်ဆာဝေဒနာရှင်များ၊ သွေးမတိတ်ရောဂါဝေဒနာရှင်များနှင့် သွေးသွင်းကုသရန်လိုအပ်သောလူနာများအတွက် သွေးဖြင့်အသက်ကယ်ဆယ်နိုင်ရန် နေ့စဉ်လိုအပ်နေသော သွေးပမာဏကို ဖြည့်တင်းပေးနိုင်ရေးအတွက် စုပေါင်း၍ တစ်နေရာတည်းတစ်ပြိုင်တည်းတွင် ထောက်ပံ့ပေးနိုင်ရန်၊ ပြည်သူနှင့် စုပေါင်း၍ MPT ဝန်ထမ်းများ သွေးလှူဒါန်းမှုဖြင့် အများပြည်သူကြား သွေးလှူဒါန်းခြင်း အလေ့အထကောင်းများကို ဖော်ဆောင်နိုင်ရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် သွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနေ့တွင် ရန်ကုန်၊ စစ်ကိုင်း၊ ပဲခူးအရှေ့ခြမ်း၊ ဧရာဝတီ၊ တနင်္သာရီ၊ မကွေး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း (တောင်/မြောက်)၊ ကချင်ပြည်နယ်တို့ရှိ မြို့ပေါင်း ၁၇ ခုမှ ဆေးရုံနှင့် အမျိုးသားသွေးဌာနတို့တွင် MPT ဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

သန်းထိုက်

ဖရူဆို၌ စာဖတ်ဝိုင်းကျင်းပ

ဖရူဆို ဇူလိုင် ၁၉

ကယားပြည်နယ် ဖရူဆိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာရေးဆရာ ဖေမြင့် ရေးသားသော တန်ဖိုးထားအပ်သောအရာများစာအုပ် စာဖတ်ဝိုင်းကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမဆောင်၌ ကျင်းပသည်။

မြို့နယ်ဦးစီးမှူး ဦးမိုးသူက စာဖတ်ဝါသနာရှင်များအား စာဖတ်သူအချင်းချင်း ရင်းနှီးမှုရရှိစေရန်နှင့် အပြန်အလှန်ဆွေးနွေးသည့် အလေ့အကျင့်ရရှိရန် လစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက ကြိုက်နှစ်သက်ရာခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးကြသည်။

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၇-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၃၅၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၈၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၃၅၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၆၈၂၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၉၀/၉၃၀	ကျပ်	၉၄၅/၉၅၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၉၀၀/၉၄၀	ကျပ်	၉၆၀/၉၇၀	ကျပ်
အောက်တိန်း ၉၂	၇၈၀/၈၂၀	ကျပ်	၈၅၅/၈၇၀	ကျပ်
အောက်တိန်း ၉၅	၈၆၀/၉၁၀	ကျပ်	၉၆၀/၉၇၀	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၁၄ · ၅
ဥရောပ	တစ်ယူရို	ကျပ် ၁၆၉၈ · ၃
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၁၁၂ · ၇
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၇၈ · ၆
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၃၉၉· ၀
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၆၁ · ၅
တရုတ်	တစ်ယွမ်	ကျပ် ၂၂၀ · ၁၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၂ · ၀၁၄
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၈ · ၂၄
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၈ · ၀၄
ထိုင်း	တစ်ဘတ်	ကျပ် ၄၈ · ၉၈၉

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

Miss Myanmar International 2019 ပြိုင်ပွဲမှ ပဏာမရွေးချယ်ထားသည့် အလှမယ်များအား မီဒီယာများထံ မိတ်ဆက်

Stellar Seven Entertainment မှ ကြီးမှူးပြီး Myanmar Tourism Federation ၏ ပံ့ပိုးမှုဖြင့် ဇူလိုင် ၂၀ ရက်မှစတင်ပြီး ဩဂုတ် ၁၄ ရက်တွင် Grand Final အား ရန်ကုန်မြို့ (ပြည်လမ်း) ရှိ နိုဗိုတယ်ဟိုတယ်၌ Miss Myanmar International 2019 ပွဲကြီးကို ခမ်းနားစွာကျင်းပသွားမည်ဖြစ်ပြီး ပဏာမ ရွေးချယ်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သည်။

"ကျွန်မတို့အနေနဲ့ ပဏာမအဖြစ် အလှမယ် ၂၂ ဦးကို ရွေးချယ်ထားပါတယ်။ အဲဒီလို ရွေးချယ်ထားတဲ့ အလှမယ်တွေကို ဇူလိုင် ၁၂ ရက်ကစတင်ပြီး ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်မှာ ငါးပတ်တိုင်တိုင် စခန်းသွင်းလေ့ကျင့်မှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အဲဒီလို စခန်းသွင်းလေ့ကျင့်မှုတွေ လုပ်ခဲ့တဲ့ ကာလအတွင်းမှာ အလှမယ်တွေကို Beauty Pageant နဲ့ ပတ်သက်တဲ့ လေ့ကျင့်မှုတွေကို ပြုလုပ်ခဲ့ပါတယ်။ အသိပညာ၊ ဗဟုသုတနဲ့ အလှအပရေးရာ၊ ဖက်ရှင်ပိုင်းဆိုင်ရာတွေကို ပြုလုပ်ပေးခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ ပြိုင်ပွဲကနေ ဆုရရှိတဲ့ Winner အလှမယ်ကို Bumrungrad Clinic Yangon ကနေတစ်ဆင့် ထိုင်းနိုင်ငံမှာရှိတဲ့ Bumrungrad ဆေးရုံမှာ အလှအပရေးရာတွေ၊ ကျန်းမာရေးဆိုင်ရာတွေ စစ်ဆေးမှုတွေ ပြုလုပ်ပေးမှာပါ။ အသားအရေထိန်းသိမ်းမှုတွေကို သေချာဂရုစိုက်စွာပြုလုပ်ပေးမှာပါ။ Winner ရတဲ့သူကို ဆက်လက်ပြီးတော့ အနုပညာလုပ်ငန်းတွေ လုပ်ကိုင်စေတာမျိုးတွေ၊ နောက်ပြီးတော့ Carrie Models International Myanmar Agency မှ Director Mr. Bran Jeremiah ကနေ Training တွေကို ပေးသွားမယ်။ နောက်ထပ်လည်း Stellar Seven Entertainment ကနေ ပြင်ဆင်မှုတွေပြုလုပ်ပြီး အောက်တိုဘာလ နောက်ဆုံးအပတ်မှာ ဂျပန်နိုင်ငံကိုထွက်ခွာပြီး နိုဝင်ဘာ ၁၂ ရက် ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ပြုလုပ်တဲ့ (၅၉) ကြိမ်မြောက် Miss International 2019 ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရမှာပါ" ဟု Stellar Seven Entertainment ၏ Executive Director ဒေါ်လင်းဝတ်မှုံက ပြောသည်။

အဆိုပါ Miss Myanmar International 2019 ပြည်တွင်းပြိုင်ပွဲတွင် Talent Show ကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် ပြုလုပ်မည်ဖြစ်ပြီး ဒိုင်အဖြစ် ဒေါ်ရီရီဝင်း (Myanmar Women's Sports Federation ၏ Vice President)၊ မြန်မာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာလှမွန်၊ မန္တလေးသိန်းဇော် (မင်းသား၊ ကဗျာဆရာ၊ တေးသံရှင်) နှင့် အဆိုတော် စည်သူလွင်တို့က ဆောင်ရွက်သွားမည်ဟု သိရသည်။

ယင်းပြိုင်ပွဲတွင် Winner ဆုရရှိသူအား ဆုကြေးအဖြစ် ငွေကျပ် သိန်း ၁၀၀၊ First Runner Up အတွက် ငွေကျပ် သိန်း ၆၀၊ Second Runner Up ဆုရှင် အတွက် ငွေကျပ် သိန်း ၄၀ တို့ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် မီဒီယာစပွန်ဆာအဖြစ် Sky Net ရုပ်သံဌာနတစ်ခုဖြစ်သည့် Channel 9 မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဟု သိရသည်။

ကိုလင်း

The Voice Myanmar 2018 Top (10) ဝင် အဆိုတော် ဘဝ၏ "နတ်ပြည်တက်မယ်" စီးရီးထွက်ရှိ

The Voice Myanmar 2018 သီချင်းဆိုပြိုင်ပွဲတွင် Top (10) အထိပါဝင်ခဲ့သည့် အဆိုတော် ဘဝ၏ 'နတ်ပြည် တက်မယ်'ဟု အမည်ပေးထားသော ကိုယ်ပိုင်သံစဉ် တေးသီချင်းများပါဝင်သည့် တေးစီးရီးကို The Sun Music တေးထုတ်လုပ်ရေးမှ ဇူလိုင် ၁၈ ရက်က စတင်ဖြန့်ချိခဲ့ကြောင်း သိရသည်။

"ကျွန်တော် ဒီအခွေလေးကို အိပ်မက်ခဲ့တာကြာပါပြီ။ ကျွန်တော့်အိပ်မက်လေး အခုဆို အကောင်အထည်ဖော်နိုင်ပြီဆိုတော့ ဝမ်းသာရပါတယ်။ ကျွန်တော့်အခွေလေး အတွက် သီချင်းတွေကို သေချာရွေးချယ်ပြီး စိတ်ကြိုက်ဖန်တီးထားပါတယ်။ အခွေ နာမည်လေးကို 'နတ်ပြည်တက်မယ်' လို့ ပေးဖြစ်တာကလည်း ကောင်မလေးတွေကို ကြောက်လာလို့ နတ်ပြည်မှာပဲ နေချင်တယ်ဆိုတဲ့ အဓိပ္ပာယ်လေးနဲ့ ပေးဖြစ်တာပါ။ ကျွန်တော်က ရက်ဂေးပုံစံလေးတွေနဲ့ ဆိုထားတာပါ။ ကျွန်တော်က မန္တလေးသားဆိုတော့ မန္တလေးမြို့ရဲ့ သမိုင်းနောက်ခံတွေကို ခေတ်နဲ့၊ စနစ်နဲ့ လိုက်မယ့်ပုံစံလေးတွေ ဖန်တီးပြီး ရေးစပ်ထားတဲ့ သီချင်းလေးတွေလည်း ပါဝင်ပါတယ်။ ဒီသီချင်းလေးကို နားထောင်တဲ့ ပရိသတ်တွေအတွက် ရသလေးတွေ တစ်မျိုးခံစားစေရမှာပါ" ဟု အဆိုတော် ဘဝက ပြောသည်။

အဆိုပါတေးစီးရီးတွင် တေးသီချင်း ၁၀ ပုဒ်ပါဝင်ပြီး တေးသီချင်းများကို တေးရေး ထုံကြီး၊ လေလှိုင်၊ ငြိမ်းချမ်းအောင်၊ အဲယ်လင်း၊ ကူကူး၊ ဘဝတို့က ရေးသားထားကြောင်း သိရသည်။

ကိုလင်း

ဝတ်လဲတော်ရွှေပုဆိုးတန်းထိုးလို့ကြို့ပါ့မယ် မူလဇာတ်ညွှန်းရေးသားသူက ၎င်းရေးသားသည့် ဇာတ်ညွှန်းများထည့်သွင်းရိုက်ကူးမှုမပြုစေရန် အသိပေး

စာရေးဆရာမကြီး ခင်ခင်ထူးရေးသားခဲ့သည့် ဝတ်လဲတော်ရွှေပုဆိုး တန်းထိုးလို့ကြို့ပါ့မယ် ဝတ္ထုအား ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေးက ယခုရက်ပိုင်း ရိုက်ကူး ရေးလုပ်ငန်းများ စတင်နိုင်ရန် ကန်တော့ပွဲပေးခဲ့သော်လည်း အဆိုပါဝတ္ထုကို ဇာတ်ညွှန်းအဖြစ် အသက်သွင်းပေးထားသူ စာရေးဆရာနေဝင်းမြင့်က ယင်းနေ့တွင်ပင် အသုံးပြုခွင့်မပြုတော့ကြောင်း ပရိသတ်သို့ အသိပေးခြင်းစာတစ်စောင်ကို ဇူလိုင် ၁၇ ရက်တွင် ထုတ်ပြန်ထားခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို မူလက ဒါရိုက်တာ မီးပွားနှင့် ရိုက်ကူးရန် စီစဉ်ခဲ့ပြီး ဇာတ်ညွှန်းရေးသားရန် ဆရာနေဝင်းမြင့်ကို ကမ်းလှမ်းလာသဖြင့် ၂၀၁၉ မတ်လမှ စတင်ကာ ရေစကြိုမြို့နယ် ပခန်းကြီးဒေသတစ်ဝိုက်ကိုကြီးကျော်နတ်နန်းတည်ရှိရာ ကျေးရွာများသို့ ဒါရိုက်တာနှင့် ဇာတ်ညွှန်းဆရာတို့ သွားရောက်မှတ်တမ်းများ ရယူထားကြောင်း၊ နောက်ပိုင်းတွင် ဒါရိုက်တာ မီးပွားအစား ဒါရိုက်တာညွန့်မြန်မာညီညီအောင်နှင့် ဆက်လက်ရိုက်ကူးရန်အတွက် ရုပ်ရှင်ထုတ်လုပ်သူများဘက်က စီစဉ်ခဲ့ကြောင်း၊ ဇာတ်ညွှန်းကို ဆရာနေဝင်းမြင့်အား ဆက်လက်အပ်နှံခဲ့ပြီး ၅၉ ခန်းပါ ရုပ်ရှင်ဇာတ်ညွှန်းအပြည့်အစုံကို ရုပ်ရှင်ထုတ်လုပ်သူထံ ပေးအပ်ထားကြောင်း အဆိုပါ ထုတ်ပြန်စာတွင် ဆရာနေဝင်းမြင့်က ဖော်ပြထားသည်။

ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေးမှ အဆိုပါဇာတ်ကားကြီးကို ရေစကြိုတစ်ဖက်ကမ်းရှိ ဖြုံဘူးရွာဘုရားတွင် ကန်တော့ပွဲပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် ဒေါင်း၊ အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ ဝတ်မှုန်ရွှေရည်နှင့် အေးဝတ်ရည်သောင်း၊ ထူးမွန်၊ ခင်မို့မို့အေးနှင့် သရုပ်ဆောင်များစွာ ပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်ညွှန်းရေးသားသူ ဆရာနေဝင်းမြင့်က အခြားအကြောင်းများရှိသဖြင့် ၎င်းရေးသားထားသည့် ရုပ်ရှင်ဇာတ်ညွှန်းအား အသုံးပြုခွင့် မပြုတော့ရန် ထုတ်လုပ်ရေးသို့ ဇာတ်ကားရိုက်ကူးမှုများ မစတင်မီကတည်းက အကြောင်းကြားထားခဲ့ပြီး ဇာတ်ညွှန်းရေးသားသူအဖြစ်မှ နုတ်ထွက်ထားပြီးဖြစ်ကြောင်း ထုတ်ပြန်စာတွင် ဖော်ပြထားသည်။

ထို့ပြင် ရုပ်ရှင်သဘောတရားအရ မူရင်းဝတ္ထုအာဘော်နှင့် ဇာတ်ညွှန်းပြင်ဆင်မှုအတွင်း ဇာတ်ညွှန်းရေးသူမှ အားဖြည့်ထားသည့် ဖြည့်စွက်ရေးသားချက်များဖြစ်သော အခန်း ၁၀ ခန်းကိုလည်း ထည့်သွင်းရိုက်ကူးခွင့်မပြုသည်ကို ကြိုတင်အကြောင်းကြားထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့လည်း တရားဝင် အကြောင်းကြားစာ ပေးပို့ထားကြောင်း ဖော်ပြထားသည်။ ဇာတ်ညွှန်းရေးသားခဲ့သူ ဆရာနေဝင်းမြင့်က ဖြည့်စွက်ရေးသားချက်များကို ထည့်သွင်းရိုက်ကူးခြင်းမပြုလုပ်ရန်နှင့် ပေါ်ပေါက်လာပါက တရားဥပဒေအရ ရှင်းလင်းသွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်ကိုလည်း မြင်တွေ့ရသည်။

ဝတ်လဲတော်ရွှေပုဆိုး တန်းထိုးလို့ကြို့ပါ့မယ် ဝတ္ထုသည် စာရေးဆရာမ ခင်ခင်ထူး၏ အောင်မြင်ကျော်ကြားသည့် လက်ရာတစ်ခုဖြစ်ပြီး လက်ရှိတွင် အနုပညာတင်ဆက်မှု အားကောင်းသည့် ထိပ်တန်းအနုပညာရှင်များ ပါဝင်ရိုက်ကူးခြင်းကြောင့် စိတ်ဝင်စားသူလည်းမြင့်တက်လျက်ရှိသည်။ ဇာတ်ကားရိုက်ကူးရန် ကန်တော့ပွဲပေးခြင်းကို ဒေသခံများကလည်း လာရောက်အားပေးလျက်ရှိပြီး ဇာတ်ကားကောင်းအဖြစ် မြင်တွေ့လိုကြောင်းလည်း ရုပ်ရှင်ချစ်ပရိသတ်အချို့က ပြောကြားသည်။

ကိုလင်း

သူစိမ်းအိမ်ဇာတ်ကားတွင် ဇာတ်ဝင်ခန်းအချို့ကို စိတ်နှစ်ပြီးလုပ်ခဲ့ရသည်ဟုဆိုလိုက်သည့် အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်

အဆိုတော်တစ်ဦးလည်းဖြစ်၊ သရုပ်ဆောင်တစ်ဦးလည်းဖြစ်ပြီး အနုပညာအလုပ်တွေနှင့် အဆက်မပြတ်လုပ်ကိုင်ခဲ့သူ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ် အများက ချစ်စနိုးဖြင့် မခိုင်ကြီးဟု ခေါ်ကြသူ၊ သူ့အနေဖြင့် ပထမဆုံးအနုပညာအလုပ်ကို ဂီတနှင့် စတင်ဝင်ရောက်ခဲ့သူဖြစ်ပြီး မင်းအတွက်တေးအယ်လ်ဘမ်၊ ၁၉၉၉ ဟု အမည်ရသည့် တေးသီချင်းခွေများနှင့် အောင်မြင်ခဲ့သူလည်း ဖြစ်သည်။ အဆိုတော် အဲလက်စ်၊ မျိုးကျော့မြိုင်တို့နှင့် လက်တွဲညီညီ တေးသီချင်းများ သီဆိုခဲ့သည်။ သူ့အနေဖြင့် ရင်ခွင်နန်းတော်၊ ကြိုးတန်းစသည့် ဇာတ်ကားများသည် ပရိသတ်များ ယနေ့အထိ အကြိုက်တွေ့နေသော ဇာတ်ကားကောင်းများဖြစ်ကြပြီး ယခုအချိန်တွင် ဇာတ်ကားရိုက်ကူးမှုများကို တစ်နှစ်တွင် နှစ်ကားခန့်သာ လက်ခံရိုက်ကူးနေကြောင်း သိရသည်။

"ကျန်တာတော့ ဘာမှမဟုတ်ပါဘူး။ အစ်မ တခြားလုပ်စရာအလုပ်တွေလည်း ရှိတယ်။ ပြီးတော့ တွေ့သမျှကားတွေလည်း ရိုက်ဖို့ထက် ဇာတ်အိမ်ခိုင်မာပြီး ကိုယ့်အတွက် ရတဲ့နေရာကနေ အကောင်းဆုံးသရုပ်ဆောင်နိုင်မယ့် ဇာတ်ကို သေချာဖတ်ပြီး လက်ခံရိုက်ကူးသွားတာပါ။ အရင်ကလည်း ကျွန်မပြောခဲ့ဖူးပါတယ်။ ဟာသကားတွေထက် တကယ်ကို ပရိသတ်အတွက် ပညာရစေမယ့် ကားမျိုးတွေလောက်သာ ကျွန်မ လုပ်ချင်တော့တယ်။ အခုဆို ကျွန်မ ပါဝင်ထားတဲ့ကားတွေလည်း ထပ်ထွက်ဖို့ ရှိပါသေးတယ်။ အရင်က ရိုက်ခဲ့တာလေးတွေပေါ့နော်" ဟု ၎င်းက ပြောသည်။

၂၀၁၈ ခုနှစ် မှ ၂၀၁၉ ခုနှစ်အတွင်း အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်ပါဝင်သော ဇာတ်ကားများ ဆက်တိုက်ဆိုသလို ရုံတင်ပြသခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် "အောင်သွယ်တော် စိန်အားသစ်"၊ ဇူလိုင် ၁၈ ရက်တွင် ရုံတင်ပြသသည့် "ကြိမ်နှုန်း"၊ ဩဂုတ် ၁ ရက်တွင် ရုံတင်ပြသမည့် "သူစိမ်းအိမ်" စသည့် ဇာတ်ကားများတွင် ပါဝင်ထားပြီး ဒါရိုက်တာ ထူးပိုင်ဇော်ဦး ရိုက်ကူးထားသည့် သူစိမ်းအိမ်တွင် ရက်စက်စွာသတ်ဖြတ်တတ်သူ အမျိုးသမီးအသွင်ဖြင့် မြင်တွေ့ရမည်ဟု သိရသည်။

"ကျွန်မ ဒီကားထဲမှာ လူသတ်သမားတစ်ယောက်အဖြစ်နဲ့ သရုပ်ဆောင်ထားပါတယ်။ အဲဒီလိုကာရိုက်တာကို လက်ခံဖြစ်တာကလည်း ကျွန်မရဲ့အသက်အရွယ်နဲ့ လိုက်ဖက်မယ်ထင်လို့ပါ။ ပြီးတော့ ကျွန်မရဲ့ ခက်ထန်မာကြောတဲ့ မျက်နှာအနေအထားကြောင့်လည်း ဖြစ်မှာပါ။ ဒီကားအတွက် ပြင်ဆင်စရာတွေကလည်း အများကြီးရှိခဲ့တယ်။ ဇာတ်ကားလည်း တကယ်ကို ကျွန်မအတွက် ရသလောက်အခန်းတွေက ပီပြင်အောင်လုပ်ရတာဆိုတော့ ကျွန်မကို ဒီလိုကာရိုက်တာမျိုးတွေနဲ့ လိုက်ဖက်အောင် ရွေးချယ်ပေးကြတဲ့သူတွေကို ကျေးဇူးတင်ပါတယ်" ဟု အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်က ထပ်မံပြောကြားသည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

အက်ရှင်ဇာတ်ကားသစ် Top Gun: Maverick တွင် တွမ်ခရုစ် ပါဝင်သရုပ်ဆောင်ထား

ဟောလိဝုဒ်မင်းသား တွမ်ခရုစ်ရဲ့ ဖိုက်တင်ခန်းတွေကို အက်ရှင်ဇာတ်ကားသစ်ဖြစ်တဲ့ Top Gun: Maverick မှာ ပြန်လည်မြင်တွေ့ခွင့်ရတော့မှာပါ။ မကြာခင်မှာ ထွက်ရှိတော့မယ့် Top Gun: Marverick ဇာတ်ကားကို ပရိသတ်တွေ အထူးစိတ်ဝင်စားအောင်လည်း San Diego Comic: Con မှာ ပရိသတ်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ ဇာတ်ကားနမူနာကိုမပြသခင် တွမ်ခရုစ်က ဒီဇာတ်ကားကို ပရိသတ်တွေဆီ အရောက်ပို့ရမှာ မိမိတာဝန်ပါလို့ ပြောခဲ့ပါတယ်။

ဇာတ်ကားနမူနာမှာတော့ တွမ်ခရုစ်ဟာ ပီတီမာဗီရစ်ခ်နေရာကနေ သရုပ်ဆောင်ထားပြီး Top Gun ကျောင်းမှာ လေယာဉ်နည်းပြအဖြစ် သရုပ်ဆောင်ထားပါတယ်။ နောက်ပြီး ရန်သူတွေရဲ့ ဒရုန်းတွေနဲ့ ရင်ဆိုင်နေရပုံကိုလည်း ဇာတ်ကားနမူနာမှာ ပြသထားပါတယ်။ ဒီဇာတ်ကားမှာ တွမ်ခရုစ်၊ ကေမာတို့အပြင် နောက်ထပ်ပါဝင်လာသူကတော့ မိုင်းလ်တယ်လာပဲ ဖြစ်ပါတယ်။

ဒီဇာတ်ကားဟာ တွမ်ခရုစ်နဲ့ ဒါရိုက်တာ ဂျိုးဇက်ကိုစင်စကီတို့ ပြန်လည်လက်တွဲထားတဲ့ ဇာတ်ကားလည်း ဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၁၇ ခုနှစ်တုန်းကလည်း သိပ္ပံဇာတ်ကားရိုက်ရင်း အတူဆုံခဲ့ကြဖူးပါတယ်။ Top Gun: Maverick ဇာတ်ကားကို ၂၀၂၀ ပြည့်နှစ်မှာ ရုံတင်သွားမယ်လို့လည်း သိရပါတယ်။

ဖော့ခ်နယူး

ပရီယန်ကာရဲ့ ၃၇ နှစ်ပြည့်မွေးနေ့မှာ ဂျိုနာ့စ်ဘရားသားမိသားစုဝင်တွေဆီက ချစ်ခြင်းမေတ္တာများရရှိ

ဘောလိဝုဒ်မင်းသမီး ပရီယန်ကာချိုပရာဟာ ဇူလိုင် ၁၈ ရက်မှာပဲ အသက် ၃၇ နှစ်ပြည့်သွားပါပြီ။ သူ့ရဲ့၃၇ နှစ်ပြည့်မွေးနေ့မှာ အွန်လိုင်းကနေတစ်ဆင့် ပေးကြတဲ့ မွေးနေ့ဆုတောင်းတွေလည်း အများကြီးလက်ခံရရှိခဲ့ပါတယ်။ ချိုပရာရဲ့ ခင်ပွန်းအပါအဝင် မိသားစုအသစ်ဆီက မွေးနေ့ဆုတောင်းတွေ အများကြီးရလိုက်ပါတယ်။

"ကျွန်တော့်စကားလုံးတိုင်းအတွက် အလင်းရောင်၊ ကျွန်တော့်နှလုံးသားတစ်ခုလုံး၊ မင်းကိုအလွန်ချစ်ပါတယ်။ ပျော်ရွှင်စရာမွေးနေ့ဖြစ်ပါစေ" ဆိုပြီး အသက် ၂၆ နှစ်အရွယ် ချိုပရာရဲ့ခင်ပွန်းသည်ဖြစ်သူ နစ်ခ်ဂျိုနာ့စ်က အင်စတာဂရမ်မှာ ရေးသားထားပါတယ်။

မကြာသေးခင်မှာ လက်ထပ်သွားတဲ့ ဂျိုဂျိုနာ့စ်နဲ့ ဆိုဖီယာတန်နာတို့ဟာလည်း ပရီယန်ကာချိုပရာအတွက် မွေးနေ့ဆုတောင်းပေးခဲ့ကြပါတယ်။ နစ်ခ်ဂျိုနာ့စ်ရဲ့ ဇနီး ပရီယန်ကာ၊ ကီဗင်ဂျိုနာ့စ်ရဲ့ဇနီး ဒနီလီဂျိုနာ့စ်၊ ဂျိုဂျိုနာ့စ်ရဲ့ဇနီး ဆိုဖီယာတို့ကို ဂျေညီအစ်မတွေဆိုပြီး ချစ်စနိုးနာမည်ပေးထားပါတယ်။ သူတို့ညီအစ်ကိုသုံးဦးစုံတွဲဟာ ဂျိုနာ့စ်ဘရားသားအဖွဲ့ ပြန်လည်ပေါင်းစည်းကတည်းက အပြင်မှာလည်း တတွဲတွဲတွေ့နေရပါတယ်။ ပရီယန်ကာချိုပရာကိုယ်တိုင်လည်း ဒနီလီနဲ့ ဆိုဖီယာတို့လို ညီအစ်မတွေရလာတာ သူ့အတွက် အလွန်ကောင်းပါတယ်။ ဆိုဖီယာဟာ ဟာသတွေလုပ်တတ်ပြီး သူ့ကြောင့် ပျော်ရွှင်မှုတွေ အများကြီးရတယ်လို့ ပရီယန်ကာက ပြောပါတယ်။

အီးနယူးစ်

ဖြိုး

မြန်မာစကားသမိုင်းအတွက် (၁)

မောင်ခင်မင် (ဓနုဖြူ)

"ဆရာကြီးကို တစ်ခုမေးပါရစေ"

"ဪ၊ သားနဲ့သမီးပါလား၊ မလာတာကြာပြီ"

"ဟုတ်ကဲ့၊ ကျွန်တော်က နယ်မှာ ငါးနှစ်နေခဲ့ပြီး အခု ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ကို ပြန်ပြောင်းရပါတယ်"

"သမီးကလည်း နယ်မှာ ခြောက်နှစ်နေခဲ့ပါတယ်။ အခု ဒဂုံတက္ကသိုလ်ကို ပြန်ဝင်ရပါတယ် ဆရာကြီး"

"ကောင်းတာပေါ့။ အခု ဘယ်အဆင့်ရောက်နေကြပြီလဲ"

"ကထိကအဖြစ်ရာထူးတိုးပြီး နှစ်ယောက်လုံး ရန်ကုန်ပြန်ဝင်ရတာပါ ဆရာကြီး"

"ဝမ်းသာပါတယ်ကွယ်။ ကထိကတွေဖြစ်ပြီဆိုတော့ တော်တော်အတွေ့အကြုံရနေပြီပဲလေ။ ကဲ... မေးချင်တာ ဘာပါလိမ့်"

"ဒီလိုပါဆရာကြီး သမီးတို့ တက္ကသိုလ်ရောက်ကတည်းက ဆရာကြီး ဦးဖေမောင်တင်ရဲ့မြန်မာစာပေသမိုင်းကို လေ့လာရပါတယ်"

"မြန်မာစာပေသမိုင်းကို ဖော်ပြတဲ့ ဆောင်းပါးတွေ၊ စာတမ်းတွေလည်း လေ့လာရပါတယ်။ ဒါကြောင့် မြန်မာစာပေသမိုင်းနဲ့တော့ တော်တော်ရင်းနှီးပါပြီ"

"ဟုတ်တာပေါ့။ ဒီတော့..."

"ကျွန်တော်တို့စဉ်းစားမိတာက မြန်မာစာပေသမိုင်းစာအုပ်ရှိသလို မြန်မာစကားသမိုင်းစာအုပ်လည်း ရှိမယ်။ ရှိနိုင်တယ်လို့ စဉ်းစားမိတာပါ။ ဒါပေမယ့် မြန်မာစကားသမိုင်းဆိုတဲ့ စာအုပ်မျိုး မလေ့လာရဖူးပါဘူး။ ဒါကြောင့် အဲဒီစာအုပ်မျိုး ရှိ မရှိ သိချင်လို့ပါ ဆရာကြီး"

"အေး... ဒီလိုစဉ်းစားမိတာ ကောင်းပါတယ်။ သားတို့၊ သမီးတို့ ပြောသလို မြန်မာစကားသမိုင်းဆိုတဲ့ စာအုပ်မျိုးတော့ ပြည့်ပြည့်စုံစုံ မရေးဖြစ်ကြသေးဘူးထင်တယ် "

"တစ်စိတ်တစ်ပိုင်းတော့ ရှိပါသလား ဆရာကြီး"

"အင်း...မြန်မာစကားသမိုင်းကို တစ်စိတ်တစ်ပိုင်း လေ့လာထားတဲ့ ဆောင်းပါးတွေ၊ စာတမ်းတွေတော့ ရှိပါတယ်။ မင်းတို့တက္ကသိုလ်တွေမှာ မဟာဘွဲ့တို့၊ ပါရဂူဘွဲ့တို့အတွက် ပြုစုတဲ့ကျမ်းတွေလည်း ရှိတယ်မဟုတ်လား"

"သမီးတို့ သေသေချာချာတော့ မလေ့လာဖူးသေးပါဘူး"

"ဒါဆိုလွယ်ပါတယ်။ သားနဲ့သမီးပေါင်းပြီး မြန်မာစကားသမိုင်းတစ်စောင် ပြုစုကြပေါ့။ မကောင်းဘူးလား"

"အောင်မယ်လေး၊ မပြောကောင်းပြောကောင်း ဆရာကြီးရယ်။ သမီးတို့က မြန်မာစကားသမိုင်းမပြောပါနဲ့ ဆောင်းပါးကလေးတစ်ပုဒ်တောင် ရေးနိုင်တဲ့ အစွမ်းအစ မရှိပါဘူး ဆရာကြီး"

"ဒီလိုတော့ ဘယ်ဟုတ်မလဲကွယ်။ အခု မင်းတို့ မြန်မာစကားသမိုင်းစာအုပ်ကို စိတ်ကူးရတာကိုက စိတ်ဝင်တစားရှိတယ်ဆိုတာ ဖော်ပြနေတာပဲလေ"

"စိတ်တော့ဝင်စားပါတယ် ဆရာကြီး၊ ဒါကြောင့် သမီးတို့ မြန်မာစကားသမိုင်းလေ့လာရင် ဘယ်လိုလေ့လာရမယ်၊ ဘယ်စာတွေ လေ့လာရမယ်ဆိုတာ ဆရာကြီးလမ်းညွှန်သင်ပြပေးပါလို့ တောင်းပန်ပါရစေ ဆရာကြီး"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ကို လမ်းညွှန်ပေးပါ"

"အင်း... ဆရာလည်း မြန်မာစကားသမိုင်းကို စီကာစဉ်ကာပြောပြနိုင်လောက်တဲ့ အခြေအနေတော့ မရှိသေးပါဘူးကွယ်။ ဖောက်ချပြီး တစ်သမတ်တည်း လေ့လာနေတာမဟုတ်တော့ စိတ်ထဲမှာ သိပ်ပုံမပေါ်သေးဘူးဆိုပါတော့။ အခု မင်းတို့လာမေးတော့ ပြောကြဆိုကြရင်း မြန်မာစကားသမိုင်းအတွက် အချက်အလက်တွေ စဉ်းစားကြည့်ကြရင် ကောင်းမလားလို့ "

"ဟာ... သိပ်ကောင်းပါတယ် ဆရာကြီး"

"တစ်ကြိမ်တည်းနဲ့တော့ ပြောလို့ပြီးမှာ မဟုတ်ဘူးလေ။ သားတို့၊ သမီးတို့လည်း ဖတ်စရာရှိတာတွေ ရှာဖွေဖတ်ခဲ့ကြပေါ့။ ပြီးတော့ ပြောကြဆိုကြတာပေါ့"

"ဖတ်ခဲ့ပါ့မယ် ဆရာကြီး ကောင်းပါတယ်"

"ကဲ... ဒီလိုဆိုရင် ကွဲကွဲပြားပြားဖြစ်အောင် မေးရဦးမယ်။ သားတို့ လေ့လာချင်တာ 'မြန်မာစကားသမိုင်း' လား၊ 'မြန်မာစာသမိုင်း' လား"

"ဟင်... မြန်မာစာပေသမိုင်းက ရှိပြီးပြီမဟုတ်လား ဆရာကြီး။ ဆရာကြီး ဦးဖေမောင်တင်ရဲ့မြန်မာစာပေသမိုင်းလေ"

"အေး... ဆရာပြောတာ သေသေချာချာ နားထောင်စမ်းပါ။ ဆရာပြောတာ မြန်မာစာပေသမိုင်း မဟုတ်ဘူး။ မြန်မာစာသမိုင်းလို့ ပြောတာ"

"ဪ... ဟုတ်ကဲ့ပါ"

"မြန်မာစာသမိုင်းဆိုတာက မြန်မာစာစပေါ်ချိန်ကနေ ခုအချိန်အထိ သမိုင်းပေါ့။ မြန်မာအက္ခရာတွေ ပေါ်ပေါက်လာတာ။ နောက်တော့ အက္ခရာပုံတွေ ပြောင်းလာတာတွေကစပြီး မြန်မာစာလုံးပေါင်းသတ်ပုံအကြောင်း၊ မြန်မာစာအရေးအသားအကြောင်း လေ့လာတာ မြန်မာစာသမိုင်းပေါ့။ မဟုတ်ဘူးလား"

"မြန်မာစာပေသမိုင်းဆိုတာက မြန်မာစာပေါ်လာပြီး စာပေအရာမြောက်အောင် ဖွဲ့တဲ့ ကဗျာတွေ၊ စကားပြေတွေ၊ ဝတ္ထုတွေက အဲဒီစာပေတွေရဲ့သမိုင်းမဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"မြန်မာစကားသမိုင်းကတော့ မြန်မာစာသမိုင်းထက် ပိုပြီးကျယ်ပြန့်တာပေါ့။ ဒါထက် တစ်ခုမေးရဦးမယ်။ 'မြန်မာစကား' နဲ့ 'မြန်မာစာ' တူသလား၊ မတူဘူးလား"

"မတူပါဘူး ဆရာကြီး"

"ဘယ်လိုမတူတာလဲ"

"မြန်မာစကားဆိုတာက မြန်မာလူမျိုးရယ်လို့ ပေါ်ကတည်းကစပြီး ပြောကြဆိုကြတဲ့ စကားကို ဆိုလိုတာပါ။ မြန်မာစာကနေ စာအရေးအသားပေါ်မှ စပေါ်တာပါ"

"ဒါဖြင့် မြန်မာစာ ဘယ်တုန်းကစပေါ်သလဲ"

"ပုဂံခေတ်ကပါ ဆရာကြီး"

"ဟုတ်ပါပြီ။ ပုဂံခေတ်ကပေါ်တဲ့ ရာဇကုမာရ် ကျောက်စာခေါ်တဲ့ မြစေတီကျောက်စာကို သက္ကရာဇ်အခိုင်အမာပါတဲ့ အစောဆုံးမြန်မာစာလို့ ပညာရှင်တွေ သတ်မှတ်ကြတာပဲ။ ခရစ်နှစ် ၁၁၁၂ ခုနှစ်က ပေါ်တာဆိုတော့ ခုဆိုရင် နှစ်တစ်ထောင်နီးပါးပဲ ရှိသေးတယ်လေ"

"ဟုတ်ကဲ့ပါ"

"ဒါဖြင့် မြန်မာစကားရော ဘယ်တုန်းက စပေါ်တာလဲ"

"ဆရာကြီး၊ မြန်မာလူမျိုးပေါ်တဲ့အချိန်မှာ မြန်မာစကားလည်း ပေါ်နေပြီလို့ ထင်ပါတယ်"

"ဒီထင်မြင်ချက်က ကျိုးကြောင်းသင့်ပါတယ်။ လူမျိုးတစ်မျိုးရယ်လို့ ဖြစ်လာပြီဆိုရင် သူတို့ပြောတဲ့ စကားလည်း ပေါ်နေပြီပေါ့။ စစချင်းမှာတော့ ပြည့်ပြည့်စုံစုံဖြစ်ချင်မှ ဖြစ်ဦးမှာပေါ့။ တဖြည်းဖြည်းဖွံ့ဖြိုးလာပြီး ဘာသာစကားတစ်ခုအဖြစ် ပုံပေါ်လာမှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲ... မြန်မာလူမျိုး ဘယ်တုန်းကစပေါ်သလဲဆိုတာတော့ သမိုင်းပညာရှင်တွေ၊ ရှေးဟောင်းသုတေသနပညာရှင်တွေ၊ ဘာသာဗေဒပညာရှင်တွေ၊ မနုဿဗေဒပညာရှင်တွေက သုတေသနပြုကြပါတယ်။ ခုခေတ်မှာ တွေ့ရတဲ့ အထောက်အထားတွေကို အခြေခံပြီး တွက်ချက်ခန့်မှန်းကြတာပေါ့။ ပြောနိုင်တာကတော့ မြန်မာစကားဟာ မြန်မာစာထက် နှစ်ပေါင်းများစွာ စောပြီးပေါ်ပေါက်ခဲ့တယ်ဆိုတာပဲလေ"

"ဟုတ်ကဲ့ပါ"

"မြန်မာစာဟာ မြန်မာစကားကို အခြေခံပြီး တီထွင်တဲ့စာမို့ မြန်မာစာကို အထောက်အထားပြုပြီးတော့ မြန်မာစာမပေါ်ခင်က မြန်မာစကားရဲ့အခြေအနေကို ဘာသာဗေဒပညာရှင်တွေက စနစ်တကျ စူးစမ်းလေ့လာထားတာတွေ ရှိပါတယ်"

"ဟုတ်ကဲ့ပါ"

"ကမ္ဘာကျော် သမိုင်းဘာသာဗေဒပညာရှင်တွေက ဘာသာစကားသမိုင်းတွေကို စိတ်ဝင်တစား ပြုစုကြတယ်။ မြန်မာစာမပေါ်ခင်က မြန်မာစကားအကြောင်းလည်း ပါတာပေါ့။ တစ်ခုမေးရဦးမယ်။ တို့မြန်မာလူမျိုးတွေ မြန်မာစာမပေါ်ခင်က ဘာစကားပြောကြမယ်ထင်သလဲ"

"မြန်မာစကားပဲ ပြောမှာပေါ့ ဆရာကြီး။ မြန်မာစာက အဲဒီမြန်မာစကားကို အခြေခံပြီး တီထွင်မှုပေါ်လာတာပါ"

"ဟုတ်ပါပြီ။ ရိုးရိုးလေးစဉ်းစားကြည့်ရုံနဲ့ ဒီအဖြေပေါ်ပါတယ်။ တချို့က မြန်မာစာမပေါ်ခင် မြန်မာတွေ ဘာစကားပြောပါလိမ့်လို့ တွေးတာမျိုးရှိတယ်။ အဲဒါက စကားနဲ့စာကို ကွဲကွဲပြားပြားမမြင်ဘဲ ရောရောထွေးထွေးလေ့လာတဲ့ လက္ခဏာတစ်ခုပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"မင်းတို့သတိထားမိမှာပါ။ ကမ္ဘာပေါ်မှာ စာမရှိသေးတဲ့စကားတွေ အများကြီးပဲလေ။ မြန်မာနိုင်ငံမှာတောင် တိုင်းရင်းသားလူနည်းစုတွေ ဘာသာစကားတချို့မှာ စာမှမရှိသေးတာပဲ။ ဒါပေမယ့် သူတို့ရဲ့ဘာသာစကားက ဟိုးနှစ်ပေါင်းများစွာကတည်းက ပေါ်ပေါက်ခဲ့ပြီး သားစဉ်မြေးဆက် ပြောဆိုနေကြတာမဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"အဲဒီအခြေအနေက တို့မြန်မာတွေ စာအရေးအသား မတီထွင်ရသေးတဲ့ခေတ်က အခြေအနေမျိုးဖြစ်မှာပေါ့။ ဒီတော့ မြန်မာစာမပေါ်ခင် ဘာစကားပြောပါလိမ့်လို့ အတွေးခေါင်စရာ မလိုဘူးလေ။ ဘာသာစကားရဲ့ သဘောသဘာဝနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းပြင်ထားဖို့ လိုအပ်လို့ ပြောရတာပါ"

"မှတ်သားထားပါ့မယ် ဆရာကြီး"

"အဲဒီတော့ မြန်မာစကားသမိုင်းကို လေ့လာရင် မြန်မာစာမပေါ်ခင်က မြန်မာစကားသမိုင်းနဲ့ မြန်မာစာပေါ်ပြီးတဲ့နောက် မြန်မာစကားသမိုင်းဆိုပြီး ခွဲကြည့်နိုင်တာပေါ့။ ဒီတော့ တို့လက်လှမ်းမီတဲ့ မြန်မာစာပေါ်ပြီးတဲ့အချိန်ကစတဲ့ မြန်မာစကားသမိုင်းအကြောင်း စဉ်းစားကြည့်ကြရအောင်"

"အဲဒီတော့ မြန်မာစကားသမိုင်းကိုလေ့လာရင် မြန်မာစာမပေါ်ခင်က မြန်မာစကားသမိုင်းနဲ့ မြန်မာစာပေါ်ပြီးတဲ့နောက် မြန်မာစကားသမိုင်းဆိုပြီး ခွဲကြည့်နိုင်တာပေါ့။ ဒီတော့ တို့လက်လှမ်းမီတဲ့ မြန်မာစာပေါ်ပြီးတဲ့အချိန်ကစတဲ့ မြန်မာစကားသမိုင်းအကြောင်း စဉ်းစားကြည့်ကြရအောင်"

(၇၂)နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် အမျှအတမ်းပေးဝေခြင်း အခမ်းအနား မုံရွာ၌ ကျင်းပ

မုံရွာ ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၁၉ခုနှစ် (၇၂) နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် အမျှအတမ်းပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ရွှေစည်းခုံဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်နှင့် အဖွဲ့သည် မုံရွာမြို့ ရွှေစည်းခုံဘုရားအား ဖူးမြော်ကြည်ညိုပြီး ပင့်သံဃာတော် ၁၈ ပါးအား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒစရိယ မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ သူရိယ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ၏ ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က သံဃာတော်အရှင်သူမြတ်များထံသို့ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး မုံရွာမြို့ အရှေ့လေးထပ်ကျောင်းတိုက် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တသုမန မဟာထေရ်မြတ်ထံမှ အနုမောဒနာတရား နာယူကြည်ညို၍ (၇၂)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကာ ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ထွန်းကိုကို(ယင်းမာပင်)

မန္တလေး၌ အာဇာနည်နေ့ အခမ်းအနား ကျင်းပ

မန္တလေး ဇူလိုင် ၁၉

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ (၇၂) နှစ်မြောက် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ (သုဓမ္မာ) မစိုးရိမ်တိုက် ပါဠိနယပဒေသာကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ အရှင်သူမြတ်အမှူးပြုသော ပင့်သံဃာဆရာတော်ကြီး ၁၉ ပါး ကြွရောက်ချီးမြှင့်တော်မူကြသည်။

ထို့နောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် စတုဘုမ္မိကမဂ္ဂင် ရိပ်သာကျောင်း ဘဒ္ဒန္တဇဋိလ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်သူမြတ်ထံမှ ညှိပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြပြီး ဆရာတော်ကြီးများထံသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်မောင်နှင့် ဇနီးနှင့် တာဝန်ရှိသူများက သက်န်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တင်မောင်(မန်းကိုယ်ပွား)

ဟားခါး၌ အာဇာနည်နေ့အခမ်းအနား ကျင်းပ

ဟားခါး ဇူလိုင် ၁၉

၂၀၁၉ ခုနှစ် (၇၂)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ချင်းပြည်နယ် ဟားခါးမြို့ဝမ္မသူးမောင် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တာဝန်ရှိသူများ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချကာ အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်အလေးပြုပြီး စစ်ခရာအဖွဲ့က ကျဆုံးစစ်သည် အလေးပြုခရာမှုတ်၍ အလေးပြုကြသည်။ ယင်းနောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ်ငြိမ်သက်စွာဖြင့် မေတ္တာပို့သ အမျှဝေကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ပရိတ်တရားတော်နာယူကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ပြည်နယ်အစိုးရ အဖွဲ့ဝင်များက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဟားခါးမြို့ဇေတဝန်တောရကျောင်းတိုက် ဆရာတော်၊ ဒေါက်တာ အရှင်တေဇောသာရထံမှ အနုမောဒနာတရားနာယူကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

ဟားခါး၌ (၇၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပစဉ်။

ပြည်နယ်(ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မကွေး ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က အဆိုပါ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မိမိတို့ တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာ၌ ဘဏ္ဍာငွေကြေးများ ထုတ်ယူသုံးစွဲရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများ၊ တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြဆွေးနွေးကြရာ တင်ပြဆွေးနွေးမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီးအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးလက်ရေပေးရေး လုပ်ငန်းပေါင်း ၁၄၃ ခုကို ငွေကျပ် ၂၅၆၈ ဒသမ ၄၇၆ သန်းဖြင့်လည်းကောင်း၊ ကျေးလက်ကုန်ထုတ်လမ်း ၂၆ မိုင် ၅ ဒသမ ၉ ဖာလုံကို ငွေကျပ် ၈၀၃ ဒသမ ၉၀၆ သန်းဖြင့် လည်းကောင်း၊ ကျေးလက်ကုန်ထုတ်တံတား ၈၇၇ ပေကို ငွေကျပ် ၁၃၀ ဒသမ ၁၅ သန်းဖြင့် လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုကျေးရွာ ၇၇ ရွာတွင် ငွေကျပ်သန်း ၂၃၁၀ ဖြင့်လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကိုကျေးရွာ ၂၆၃ ရွာတွင် ငွေကျပ်သန်း ၂၆၃၀ ဖြင့်လည်းကောင်း၊ လူထုဗဟိုပြုစီမံကိန်းအား မင်းတုန်း၊ ထီးလင်း၊ ပေါက်၊ ဆောမြို့နယ်များတွင် လူထုအခြေခံအဆောက်အအုံများကို ငွေကျပ်သန်း ၈၃၂၀ ဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းလွင်(မကွေး)

(၇၂)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားများ ကျင်းပ

ရွှေကူ

(၇၂)နှစ်မြောက် အာဇာနည်နေ့ကို ရွှေကူမြို့၌ ရှိသောဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများက ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို အလေးပြုခြင်း၊ ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် နိုင်ငံတော်အလံတိုင်ဝက်လွှင့်ထူခြင်း၊ ဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များက ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကို လွမ်းသူ့ပန်းခွေချခြင်းများ ကျင်းပခဲ့ကြောင်း သိရသည်။

လဘန်အောင်(ကချင်မြေ)

မူဆယ်

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်တွင် မိုင်းယု (၁၀၅) မိုင် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များသည် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက်က ကျင်းပရာ နိုင်ငံတော်အလံကို တိုင်တစ်ဝက် လွှင့်ထူခြင်း၊ လွမ်းသူ့ပန်းခွေချခြင်း ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၊ အဆို အမိန့်များနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းတို့ကို အသံချဲ့စက်အသုံးပြု၍ ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ၁၀ နာရီ ၃၇မိနစ်ခန့်တွင် မီးသတ်ယာဉ်တစ်စီးဖြင့် ဥသြဆွဲပြီး နှစ်မိနစ်ခန့် ငြိမ်သက်ခဲ့ကြသည်။

သန့်ဇင်(မူဆယ်)

မင်းတပ်

အာဇာနည်နေ့အခမ်းအနားကို ချင်းပြည်နယ် မင်းတပ်မြို့ စံပြရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ် ရှေ့ကွင်းပြင်၌ ဇူလိုင် ၁၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးတိတ်ထန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူတို့က လွမ်းသူ့ပန်းခွေချကာ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ဆက်လက်၍ မီးသတ်ယာဉ်များ၊ ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် ဥသြဆွဲ၍ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အနေဖြင့် နှစ်မိနစ်ငြိမ်သက်ခဲ့ကြသည်။

ခွီရှိန်း(ပြန်/ဆက်)

တပ်ကုန်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်း/အနောက်ရပ်ကွက်၊ ၃၁လမ်း၊ ၈၅×၈၆လမ်းကြား၊ အမှတ် ၂၇၇နေ (၁)ဒေါ်ယဉ်မေသန်း၊ (၂)ဦးခင်မောင်သန်း၊ (၃)ဒေါ်ခင်မြမြအေး၊ (၄)ဒေါ်ခင်မမအေး၊ (၅)ဒေါ်ခင်လှလှအေး၊ (၆)ဒေါ်ချိုမာစိုး၊ (၇)ဦးခင်မောင်ပု၊ (၈)ဦးလောဖီး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဇူလိုင် ၃၀ ရက် (၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(မောင်လွင်)**

ဒုတိယခရိုင်တရားသူကြီး(၈)
မန္တလေးခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဇဟာရွာနေ ဦးမောင်သန်း Tvy -၀၃၂၈၂၄၏သား ဦးစုငယ်နှင့် ဦးဝင်းရှိန် ၆/ထဝန(နိုင်)၀၉၆၈၄၇မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1768၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

မယမင်းထွန်း ၈/သရန(နိုင်)၀၇၉၄၄၄နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ဖုန်းအောင် ၈/မကန(နိုင်)၂၀၄၂၇၃၏ ဇနီးဖြစ်သူ မယမင်းထွန်း ၈/သရန(နိုင်)၀၇၉၄၄၄မှာ ခင်ပွန်းဖြစ်သူ ဦးရန်ဖုန်းအောင်နှင့် ၄င်း၏မိခင်ဖြစ်သူ ဒေါ်ခင်ဖုန်းဆင့်တို့၏ ဂုဏ်သိက္ခာကျဆင်းစေပြီး ငွေရေးကြေးရေးအရှုပ်အရှင်းပြဿနာများ အမျိုးမျိုးဖြစ်ပေါ်စေရန် အကြိမ်ကြိမ်ဆောင်ရွက်နေပါသဖြင့် ၄င်းနှင့် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ၄င်းပိုင်ဆိုင်သည့် ပစ္စည်းတစ်စုံတစ်ရာမကျန်ရှိပါကြောင်း၊ ၄င်းဆောင်ရွက်သည့်ကိစ္စအဝဝမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်ဖုန်းအောင်နှင့်သော်လည်းကောင်း၊ မိခင် ဒေါ်ခင်ဖုန်းဆင့်နှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိပါ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးရန်ဖုန်းအောင်

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းမြင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၁၆/၇၉)
အမှတ် (၅၃)၊ ကြက်မင်းတွန်ရပ်ကွက်၊ ကျောက်ဆည်မြို့၊
မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၆၄၁၄၉၃

အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/5642 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/2518 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၇၈ နှင့်ဆက်သွယ်သည့်
၂၀၁၉ခုနှစ် တရားမဇာရီမှုအမှတ်-၂၈

ဦးနိုင်သန့် **နှင့်** ၁။ ဦးဝေယံတင်
၂။ ဒေါ်နွယ်နီဝင်း

(အနိုင်ဒီကရီရသူ) **(တရားရှုံးများ)**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရွှေလှချောင်းကျေးရွာ၊ အမှတ်(၃)နေ (၁)တရားရှုံး ဦးဝေယံတင်နှင့် (၂)တရားရှုံး ဒေါ်နွယ်နီဝင်း(ယခုနေရပ်လိပ်စာမသိ) တို့သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၇၈တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးနိုင်သန့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၉ခုနှစ် ဩဂုတ်၁၂ရက် (၁၃၈၁ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၉ခုနှစ် ဇူလိုင် ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ခင်ဝင်း)**

ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

“Member များအတွက် သတင်းကောင်း”

မြန်မာဂေါက်သီးရိုက်အသင်း၏ အလုပ်အမှုဆောင်/ကောင်စီအဖွဲ့သည်အသင်းဝင်အားလုံးသိရှိစေရန်အတွက် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ မြန်မာဂေါက်သီးရိုက်အသင်း၏ အသက်(၈၀)နှစ်ပြည့်ပြီးသော ရာသက်ပန် အသင်းသားများအတွက် ကြားရက်များတွင် ဘာဂီငှားရမ်းခ (Free)နှုန်းဖြင့် ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။

၂။ မြန်မာဂေါက်သီးရိုက်အသင်း၏ Defaulter အဖြစ် သတ်မှတ်ခံထားရသည့် အသင်းသူ/အသင်းသားများသည် သတ်မှတ်ထားသောဒဏ်ကြေးပေးသွင်းစေလျက် အသင်းသူ/အသင်းသားအဖြစ် ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာဂေါက်သီးရိုက်အသင်း၏ အသက်(၇၅)နှစ်ပြည့်ပြီးသော ရာသက်ပန်အသင်းသားများ၏ (Membership)အား လွှဲပြောင်းပေးအပ်ခွင့်ပြုမည်ဖြစ်ပါသည်။

အလုပ်အမှုဆောင်/ကောင်စီအဖွဲ့
မြန်မာဂေါက်သီးရိုက်အသင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ခ)၊ မြေကွက်အမှတ်(၁၅၈ $\frac{၁}{၂}$)၊ နှစ် ၆၀ ဂရန်မြေအမျိုးအစား ပေ(၂၀×၆၀)၊ ဧရိယာ ၁၂၀၀စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်၁၅၈ $\frac{၁}{၂}$၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ နှစ် ၆၀ ဂရန်မြေအမျိုးအစား၊ မြောက်ဥက္ကလာပမြို့ ဒေါ်ခင်စီ(NOKA-၀၄၁၇၂၉)ဂရန်အမည်ပေါက်ပိုင်ဆိုင်သော မြေနှင့်၎င်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဒေါ်ခိုင်အေးဝင်း ၇/နတလ(နိုင်)၀၀၀၅၃၉မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လွင်လွင်ချို ၁၄/အဂပ(နိုင်)၁၅၆၃၄၂က အပြီးအပိုင်ဝယ်ယူရန် ဒေါ်ခိုင်အေးဝင်း ၇/နတလ(နိုင်)၀၀၀၅၃၉ နှင့် နှစ်ဦးသဘောတူကတိပြု ဆောင်ရွက်ပြီးဖြစ်ပါသည်။

ဖော်ပြပါ မြေကွက်နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများရှိပါက ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောတရားဝင်အထောက်အထား၊ စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဒေါ်လွင်လွင်ချို ၁၄/အဂပ(နိုင်)၁၅၆၃၄၂အမည်ပေါက်ဆောင်ရွက်ရန် အရောင်းအဝယ်စာချုပ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ဌေ	ဒေါ်ဝင်းဝင်းခိုင်	ဦးမြင့်ထွန်း
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၂၄၂၅)	(စဉ်-၁၀၃၉၄)	(စဉ်-၄၉၅၇၅)

အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁၃၉၉၂၅၇

ဖခင်အမည်မှန်

အထက(၂)ဒဂုံ (မြို့မကျောင်း) အဌမတန်း(A)မှ မောင်ရှိုင်းမင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက် ၁၂/ဒလန(နိုင်)၀၇၅၀၄၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၁)ဒဂုံ၊ တက္ကသိုလ်ဝင်တန်း (မြတ်လေး)မှ မချောရတနာ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဇော်ဝင်း ၁၃/ကမန(နိုင်)၀၆၅၃၅၉ ဖြစ်ပါကြောင်း။ **ဦးစိုင်းဇော်ဝင်း**

ဖခင်အမည်မှန်

ကွတ်ခိုင်မြို့၊ အထက(၁)၊ အဌမတန်း(A)မှ မောင်အောင်မိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအားတောင်ဖြစ်ပါကြောင်း။ **ဦးအားတောင်**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၂)၊ မြေကွက်အမှတ် ၂၈၇/က၊ ဧရိယာ ၀ဒသမ၀၂၉ဧကဖြစ်သည့် အမှတ်(၂၈၇/က)၊ လားရှိုးလမ်း(ဆင်ဖြူရှင်လမ်း)၊ (၁၀)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်များကို နှစ် ၆၀ ဂရန်အမည်ပေါက် ဒေါ်ခင်ရီထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ဝင်းဝင်းကြည် ၁၂/သဃက(နိုင်)၀၈၀၇၉၁မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းမာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၅၀)
အမှတ် ၂၈၇/က၊ စပ်စံထွန်းလမ်း၊ (၉)ရပ်ကွက်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၁၆၀၄၈၀

ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက-ကဒါ၊ စတုတ္ထတန်းမှ မောင်ဟိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုး ၃/ကဆက(နိုင်)၀၃၉၉၈၀ ဖြစ်ပါကြောင်း။ **ဦးအောင်မိုး**

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်၊ အထူးဇုန်(၂)၊ တိုးချဲ့ (၂)ယူနစ်၊ အမှတ်(၂၃၂)မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်မှုဖြစ်သည့် ဦးမြင့်ဆွေအမည်ပေါက် စာရွက်စာတမ်းများဖြစ်သော သက်ဆိုင်ရာဌာနသို့ မြေကွက်ဖိုးငွေပေးသွင်းထားသည့် ပြေစာမူရင်းနှင့်အတူ လျှပ်စစ်မီတာကျသင့်ငွေများ ပေးသွင်းထားသည့် စာရွက်စာတမ်းမူရင်းများ အတွဲလိုက် ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် အသစ်ပြန်လည် လျှောက်ထားရမည်ဖြစ်သောကြောင့် အဆိုပါမူရင်းစာရွက်စာတမ်းများ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဒေါ်နုနုဝင်း ဖုန်း-၀၉-၉၅၂၅၆၅၀၆၈

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် T/6203 ယာဉ်လက်ဝယ်ရှိသူ U Sai Nay Myo Wun ၁၂/ကမတ(နိုင်)၀၅၂၅၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၃၅)၊ မြေကွက်တည်နေရာအမှတ်(၃၅)၊ ဘုရင့်နောင်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစိုင်းအောင်မင်း(၁၂/ရကန(နိုင်)၀၁၆၁၇၈)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက်ဦးစိုင်းအောင်မင်းကိုယ်တိုင်မှ ၎င်း၏ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာမြေပြင်တွင် (၂)ထပ်တိုက်(၁)လုံးရှိပြီးလျှောက်ထားသူကိုယ်တိုင်နေပြီးကွင်းဆင်းစစ်ဆေးခြင်းကိုသိရှိပါကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့် ဦးစိုင်းအောင်မင်း၏ဂရန်မိတ္တူလျှောက်ထားခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/8341 Toyota PROBOX NCP 50 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ EURO NIPPON Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ယခင်ဖောင်းကြွနံပါတ် ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4B/1182 Ni-Diesel Tractor Head(6x4) ယာဉ်လက်ဝယ်ရှိသူ MOE MOE TUN Trading & Enterprise Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

အထူးကျေးဇူးတင်ရှိပါကြောင်း

ဒေါက်တာထင်အောင်ဗိုလ်M.B.B.S(YGN)M.Med Sc(Ortho)

လက်ထောက်ဆရာဝန်(ထိခိုက်ဒဏ်ရာနှင့်အရိုးအကြောအထူးကု)
ခုတင်(၁၀၀)ဆေးရုံ၊ မော်လမြိုင်ကျွန်းမြို့
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊ အမှတ်(၂၅-ခ)နေ (ဦးသန်းမောင်)-ဒေါ်ရီရီအုန်း၊ (ဦးကောက်ရ-ဒေါ်တင်ရွှေ)၊ (ဦးမောင်မောင်သိန်း-ဒေါ်ခင်မြင့်မြင့်)တို့၏မြေး၊ ဦးစစ်ဗိုလ်(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ သစ်တောဦးစီးဌာန)-ဒေါ်ခင်ဌေးဝင်းတို့၏သား၊ ဦးမြတ်သူ-ဒေါ်ခင်မြတ်မော်တို့၏သားသမက်၊ ဒေါ်ခိုင်ဝင့်မြတ်(Cherry)၏ချစ်လှစွာသောခင်ပွန်း၊ မမြတ်အိမ်သူဗိုလ်(သတ္တမတန်း-G၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၏ဖခင်၊ ကိုကျော်ဇင်ဗိုလ်-မတင်တင်မြင့်၊ ကိုသက်ဝင်းနိုင်-မအေးမြတ်လင်း၊ ကိုအေးမောင်မောင်-မနှင်းဝင့်လွင်တို့၏အစ်ကိုသည် ၁၇-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၁၉ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ဒေါက်တာထင်အောင်ဗိုလ်၏ နာရေးအတွက် လူကိုယ်တိုင်၊ ဖုန်းဖြင့်၊ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟနှင့် မိသားစုများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ပန်းရောင်ကတ်ပျောက်ဆုံးကြောင်းကြေညာခြင်း

Myo Pyie Soan Aung Agency တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျွန်တော် မြတ်နိုးအောင် မှတ်ပုံတင်လျှောက်ထားဆဲသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော အလုပ်သမားကတ် ပန်းရောင်ကတ်အမှတ် (MP2227)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၇၅၃၃၈၇**

ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အ.ထ.က(ခွဲ)၊ ဝမ်းနားရွာမှ အဌမတန်းတွင် ပညာသင်ကြားနေသော မမေကျူရီ၏ဖခင်အမည်မှန်မှာ ဦးဝင်းကိုဖြစ်ပါကြောင်း။

ဦးဝင်းကို

ပန်းရောင်ကတ်ပျောက်ဆုံးကြောင်းကြေညာခြင်း

Myo Pyie Soan Aung Agency တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျွန်တော် ရဲထွန်းပိုင် 10/Ma La Ma(N)248560သည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော အလုပ်သမားကတ် ပန်းရောင်ကတ်အမှတ် (YP2225)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၅၅၂၆၄၀**

ပျောက်ဆုံးကြောင်း

U KYAW THU (5/KA LA MA (N) 082880) အမည်ဖြင့် ပါမစ်အမှတ် ISP IDV8 14-15 14815 (13.6.2014) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

Ph: 09-5032317

အမည်ပြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဆိပ်ကမ်းသာကိုယ်ပိုင်ကျောင်း၊ (KG)မှ အဖ ဦးစောခိုင်ညွန့်၊ ၁၀/သထန(နိုင်)၀၀၁၇၉၄၂၏သမီးဖြစ်သူ မဆုပြည့်ခိုင်အား မဆုရတီထက် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဆုရတီထက်

အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၂၉)၊ စီဇဝါလမ်း၊ အလျား(၄၄ပေ)×အနံ(၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်မျိုးမျိုးနိုင်(၁၂/ဥကတ(နိုင်)၁၃၁၇၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ် အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)

အမှတ်(၆)၊ ၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈၊ ၀၉-၉၆၃၂၉၃၃၃၉

မြေကွက်နှင့် အိမ်အရောင်းအဝယ်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေသည် မြေကွက် အမှတ်-၇၀၊ မြေတိုင်းရပ်ကွက်အမှတ်-၁-က်ဘဲ့၊ ရန်ကင်းမြို့နယ်ဟု ခေါ်တွင်၍ ဧရိယာ(၀.၁၁၅)ဧကရှိ၊ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက် နှင့် ထိုမြေကွက် ပေါ်ရှိ အမှတ် -၅ သဟာမိလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့ နယ်ဟုခေါ်တွင်သောအိမ်ကို အပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကို ကန့်ကွက်လိုလျှင် ဤကြော်ငြာပါရှိသည့်နေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်အား ခိုင်မာသော အထောက်အထားမူရင်းကို ပြသ၍ ကန့်ကွက်နိုင်ပါသည်။ ယင်းသို့ ခိုင်မာသောအထောက်အထား ဖြင့် ကန့်ကွက်မှုမရှိလျှင် အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းဆွေ(B.A,D.J,R.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၂၄)

အမှတ်-၅၁၅၊ မဟာဗန္ဓုလလမ်း၊ ၆-ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ၀၉-၂၅၆၂၂၂၆၅၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇/ဒီ)၊ မြေကွက်အမှတ်(၃၁)၊ မြေကွက်တည်နေရာအမှတ်(၃၁)၊(၆၇/ဒီ)ရပ်ကွက်၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဦးကြည်စိုး(၁၂/လသန(နိုင်)၀၁၅၇၃၂)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးကြည်စိုး(၁၂/လသန(နိုင်)၀၁၅၇၃၂)ကိုယ်တိုင်မှပါမစ်မူရင်း(ဓာတ်ပုံနှင့်ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်သာပါရှိမှတ်ပုံတင်စာရင်းရေးသွင်းထားခြင်းမရှိ)တင်ပြ၍နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာဌာနမှကွင်းဆင်းစစ်ဆေးရာတွင်ကျောက်တိုင်ဆူးကြိုးကာရံထားပါသည်။ ဦးကြည်စိုး၏မန်နေဂျာဦးသက်ကိုကိုမှကွင်းဆင်းလက်မှတ်ရေးထိုးပေးပြီးကွင်းဆင်းဓာတ်ပုံတင်ပြထားပါသည်။ သို့ဖြစ်ပါ၍ဦးကြည်စိုး၏ပါမစ်မူရင်း(ဓာတ်ပုံနှင့်ရာဇဝင်အကျဉ်းချုပ်)သာတင်ပြ၍ပါမစ်မစုံဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ မြေကွက်အမှတ်(၄၄၂)၊ မြေကွက်တည်နေရာအမှတ်(၄၄၂)၊ တပင်ရွှေထီးလမ်း၊ (၃၉/B)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ် ဒေါ်ထားထားလွင်(၁၂/ရကန(နိုင်)၀၁၅၀၉၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ထားထားလွင်မှဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ကတ်၊ သန်းခေါင်စာရင်း၊ ဂရန်မူရင်းပျောက်ဆုံးသည်မှာမှန်ကန်ကြောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးကျမ်းကျိန်ဆိုသူအရာရှိရှေ့တွင် ပြုလုပ်ထားသည့်(၁၂-၃-၁၉)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ်(၂၅၅/၂၀၁၉)တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ(၂)ထပ်အုတ်ညှပ်ရှိပြီး ဒေါ်နန်းထားထားလွင်မှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးထားပါသဖြင့် ဒေါ်နန်းထားထားလွင်(၁၂/ရကန(နိုင်)၀၁၅၀၉၄)၏ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသောဘဏာဘိဝံသ

(သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိ သာသနဟိတသကျသီဟဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ)
သက်တော် (၉၀)၊ သိက္ခာတော် (၇၀)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ဦးဇာဂရကြီး စိန်ရွှေရတနာကျောင်း ပဓာနနာယက၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ သံဃသမ္မုတိနာယက၊ ဒက္ခိဏာရာမိကဂဏဝါစကဓမ္မာစရိယအဖွဲ့၏ဥက္ကဋ္ဌ၊ တိပိဋကပါဠိ မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တသောဘဏာဘိဝံသ (သာသနဓဇဓမ္မာစရိယ၊ ပရိယတ္တိ သာသနဟိတသကျသီဟဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ) သက်တော် (၉၀)၊ သိက္ခာတော် (၇၀) မဟာထေရ်မြတ်ကြီးသည် ၁၃၈၁ခုနှစ် ဝါဆိုလဆန်း ၁၄ရက်၊ ၁၅-၇-၂၀၁၉ရက် နံနက် ၁၀နာရီ တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်သံဃာ၊ ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေး အပ်ပါသည်။

(ဈာပနရက် ထပ်မံအကြောင်းကြားအသိပေးပါမည်)။

တပည့်သံဃာတော်များ

ဒေါ်ပြုံး

မူလတန်းပြ(ငြိမ်း)၊ အထက-၄ ပုဇွန်တောင်
အသက်(၉၈)နှစ်

(ဦးကြီးမောင်-ဒေါ်စိမ်းရင်)တို့၏သမီး၊ (ဦးပါ-ဒေါ်ကျင်စိန်)တို့၏ ချွေးမ၊ (ဦးဘခင်-ဒေါ်အေးဘွင့်)၊ (ဦးထွန်းရင်-ဒေါ်နှင်းရင်)၊ (ဦးမြင့်အောင်-ဒေါ်တင်)၊ (ဦးအောင်ခင်-ဒေါ်ပုစိန်)၊ (ဦးအေးမောင်)-ဒေါ်လုံးရင်(ခ)ဒေါ်ခင်မြင့်တို့၏ညီမ၊ ဦးပီတာထွန်းတင်-(ဒေါ်တင်ကြည်)၊ ဦးသန်းဆွေ-ဒေါ်ညွှန့်ညွှန့်လွင်၊ (ဦးစိန်ဖေတင်)-ဒေါ်ထွေးယဉ်၊ ဦးမောင်မောင်ကို-နော်လီလီဂျိုးတို့၏အစ်မ၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံ(၂)လမ်း၊ အမှတ် ၁၂၅၀နေ ဦးလှမောင်(မူလတန်းပြ-ငြိမ်း အမက(၃)သာကေတ)၏ ချစ်လှစွာသောဇနီး၊ (ဦးရဲလွင်)-ဒေါ်စန္ဒာဦး(ရုံးအုပ်-ငြိမ်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)တို့၏မိခင်၊ ဦးစိုးရာဇာ (MAPCO) -ဒေါ်စိမ့်စမ်းလွင် (MSC-Shipping)၊ ဒေါက်တာမိုးစန္ဒာလွင်(အမျိုးသားသွေးဌာန) တို့၏ချစ်လှစွာသော အဘွားသည် ၁၈-၇-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂း၀၀နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ၂၄-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဘားနီ

အသက်(၈၁)နှစ်

ဗိုလ်ကြီး ညီမွန်း(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူး၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ ပုဂံဌာနခွဲ၏မိခင် ဒေါ်ဘားနီသည် ၁၇-၇-၂၀၁၉ရက် နံနက်၁၀နာရီတွင် လားရှိုးမြို့၊ ဟိုပန်လမ်း၊အမှတ် ၁၃ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁၇) ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ခင်(Moris)၊ ဒုတိယအထွေထွေမန်နေဂျာ

ကုန်သွယ်/လယ်ယာ၊ ကုန်သွယ်/စားထွေ(MEIC)
အသက်(၇၇)နှစ်

သူငယ်ချင်း ကိုခိုင်ဇော်လင်း၏ ချစ်လှစွာသောဖခင် ဦးအောင်ခင်သည် ၁၆-၇-၂၀၁၉ရက်(အင်္ဂါနေ့)တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **1991 Batch**

အထက(၆)ဗိုလ်တထောင်သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဟာဂျီမြင့်စိုး(ခ)ဟာဂျီစိုးမြင့် (ဒိုက်ဦး)

အသက်(၆၄)နှစ်

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်များဖြစ်ကြသော ဟာဂျီဦးမောင်အေး (မောင်အေးနှင့်သားများ မျက်မှန်ဆိုင်)၊ ဟာဂျီဦးမြင့်လွင်(ယာဆင်မျက်မှန်)၊ ဟာဂျီဦးခင်မောင်မြင့်(United Vision)တို့၏အစ်ကိုသည် ၁၇-၇-၂၀၁၉ရက် နံနက် ၁၁နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ **အလုပ်အမှုဆောင်အဖွဲ့**

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)

အများသိစေရန်ကြေငြာခြင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၄၇၉)၊ မြေကွက်တည်နေရာအမှတ်(၄၇၉)၊(၈၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဦးရန်လောက်ပယ်(၁၃/လရန(နိုင်)၀၆၉၇၀၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးရန်လောက်ပယ်(၁၃/လရန(နိုင်)၀၆၉၇၀၄)ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၅၈၄/၁၆(၂၃-၁၁-၁၆)ဖြင့်ရရှိသူဦးလှဝင်း(၁၂/ဥကမ(နိုင်)၀၇၉၇၄၇)မှနှစ်(၆၀)ဂရန်မူပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဌာနတွင်ကိုယ်တိုင်ဝန်ခံချက်၊ ပါဝါမရုပ်သိမ်းကြောင်းနှင့်ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာ(၆/၃၉၈)(၆-၆-၂၀၁၈)ဂရန်မူရင်းပျောက်ဆုံးကြောင်းမင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးကျမ်းကျိန်လွှာ(၆/၄၂၀)(၆-၆-၂၀၁၈)တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာခြင်းအားလုပ်ထုံးလုပ်နည်းနှင့်အညီကွင်းဆင်းစစ်ဆေးခြင်း၊ သတင်းစာတွင်သီးခြားကြော်ငြာခြင်းများဆောင်ရွက်ခဲ့ရာကန့်ကွက်သူမရှိပါသဖြင့်ဂရန်မိတ္တူလျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါသဖြင့်မြို့မြေစာရင်းတွင်အမှုတွဲအမှတ်-ဒဂဆက/ဂရသ/၇၃၂၉/၁၅(၂-၁၀-၁၅)ဖြင့်ထုတ်ပေးထားသည့်နှစ်(၆၀)မြေငှားဂရန်မူရင်းကိုရုံးတွင်အဓိမ်ထုတ်ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့်ဦးရန်လောက်ပယ်(၁၃/လရန(နိုင်)၀၆၉၇၀၄)၏ဂရန်မိတ္တူလျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်သန်းညွန့် (မိုးကုတ်)
အသက်(၈၃)နှစ်

ကျောက်မဲမြို့နယ်၊ မိုင်လုံမြို့ဟောင်းကျေးရွာနေ (ဦးစာလိန္တ-ဒေါ်ဖော့)တို့၏သမီး၊ မိုးကုတ်မြို့၊ ရေပူရပ်နေ(ဦးမောင်ကြီး)၏ဇနီး၊ မိုးကုတ်မြို့၊ ရေပူရပ်နေ (ဦးလှသိန်း)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ-ဒေါ်နန်း(ခ)ဒေါ်ခင်ကြည်ဝင်း၊ မိုးကုတ်မြို့၊ ရေပူရပ်နေ (ဦးဘိုနီ)-ဒေါ်ခင်ကြည်သိန်း၊ ဦးအိုက်တူး(ခ)ဦးညီညီလွင်-ဒေါ်ခင်ကြည်အုန်း(ခ)ဒေါ်ငွေအုန်း၊ ဦးအိုက်စိုး(ခ)ဦးကျော်စိုး-ဒေါ်အဲလွန်(ခ)ဒေါ်ခင် အေးလွင်တို့၏မိခင်၊ မဝတ်ရည်ဘို၊ ကိုဟိန်းသူ-မပိုင်မီမီချစ်၊ မရွှေရည်မင်းသူ၊ မငွေခြည်မင်းသူ၊ မောင်ကောင်းမြတ်မင်းသူ၊ ကိုကျော်ဇင်နိုင်-မသဇင်၊ မောင်စိုင်းမင်းထက်သာတို့၏အဘွားသည် ၁၉-၇-၂၀၁၉ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းထွန်း(ခ)ဦးသိန်းကြည် (မန္တလေး)
မြန်မာနိုင်ငံစာပေ၊ စာနယ်ဇင်းကောင်စီ(ဗဟို)
သက်ကြီးကန်တော့ခံပုဂ္ဂိုလ်
မြန်မာ့သတင်းစဉ်(ပြည်တွင်း)အကြီးတန်းဓာတ်ပုံသတင်းထောက်(ငြိမ်း)
ရန်ကုန်မြို့တော်စည်/ပင်၊ (ပြန်/ဆက်)(ငြိမ်း)
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၄)ရပ်ကွက်၊ မြစံပယ်လမ်း၊ အမှတ် ၁၆၃နေ (ဦးတာ -ဒေါ်မြရှိန်)တို့၏သား၊ (ဦးညွန့်-ဒေါ်လှမေ)တို့၏သားသမက်၊ (ဒေါ်ခခ)၏ခင်ပွန်း၊ (ရဲအုပ်ကျော်ရွှေ)-ဒေါ်နုနုလွင်၊ (ဦးသိန်းလွင်)-ဒေါ်ခင်မျိုးချစ် (ဇယန်းလက်ဖက်-တာမွေဈေး)၊ဦးထွန်းထွန်း-ဒေါ်နွယ်နီဆွေ(မြင်းခြံ)၊ ဦးသန်းလွင်(MNTV)-ဒေါ်ခင်ဆွေဝင်း၊ ဦးငြိမ်းဦး-ဒေါ်နီနီဝင်း(ကျန်းမာရေးမှူး)၊ ဦးမျိုးညွန့်သိန်း(MNTV)-ဒေါ်နှင်းဝင့်ရီတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၉-၇-၂၀၁၉ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသန်းမောင်
မြို့နယ်စာရင်းစစ်အရာရှိ(ငြိမ်း)၊ အတွင်းရေးမှူး၊
လက်ထောက်တရားပြဆရာ
ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ အမှတ်(၃၁-က)နေ ငွေစာရင်းမင်းကြီးရုံး ဝိပဿနာအဖွဲ့ အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန၏ လက်ထောက်တရားပြဆရာ ဦးသန်းမောင် အသက်(၈၅)နှစ်သည် ၁၈-၇-၂၀၁၉ရက် မွန်းလွဲ ၁၂း၅၀နာရီ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့နှင့် ယောဂီများ
ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့

ဦးကြည်ရွှေ
အသက်(၈၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ (၁)ရပ်ကွက်၊ စံပယ်လမ်းနေ(ဦးငြိမ်း-ဒေါ်အေးမြင့်)တို့၏သား၊ (ဦးဘသက်-ဒေါ်တင့်)တို့၏သားသမက်၊ ဒေါ်ခင်ဆွေမြင့်၏ခင်ပွန်း၊ ကိုဘုန်းကျော်-မထူးထူးလွင်၊ ကိုဘုန်းမြတ်-မအေးအေးချို၊ ကိုဘုန်းသန့်-မခိုင်ခိုင်သင်း၊ ကိုဘုန်းထွဋ်-မခင်မာလာ၊ ကိုဘုန်းထိုက်-မအေးအေးမော်၊ ကိုငြိမ်းချမ်း-မနုထွေးအောင်၊ ကိုအောင်မြတ်သူ-မချောသီရိ၊ ကိုအောင်ဇော်လတ်-မတင်ဝါတို့၏ဖခင်၊ မရွှေရည်ဘုန်းမြတ်၊ မရွှေစင်ဘုန်းမြတ်၊ မရွှေရတီဘုန်းမြတ်၊ မရွှေအိမ်မှူးစံ၊ မနွေးတွယ်တာခိုင်၊ မောင်ဘုန်းမင်းသန့်၊ မခင်မြတ်နိုး၊ မောင်တည်ခန့်လူ၊ မောင်ရိုနယ်ကျော်၊ မောင်ကောင်းပြည့်အောင်တို့၏အဘိုးသည် ၁၇-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ပုလောမြို့သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်နွဲ့နွဲ့ရီ
အသက်(၆၄)နှစ်

(ဦးမြတ်သင်း-ဒေါ်အေး)တို့၏သမီး၊ (ဦးသိန်းလွင်)-ဒေါ်အေးအေးတို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ စိန်ပန်းမြိုင်လမ်းထောင့်(၃၃)ရပ်ကွက်နှင့် ကျွန်းရွှေမြိုင်လမ်း၊ အမှတ်(၁၁၁) နှင့်သံလွင်လမ်းထောင့်၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးမြင့်ဇော်လွင် (Managing Director Bagon Art Centre)၏ချစ်လှစွာသောဇနီး၊ ကိုအောင်မြင့်ဇော်-(ဒေါ်ရတနာကြေးမုံ)၊ ကိုရဲမင်းဇော်-ဒေါ်ကျော့ကျော့ခိုင်၊ ကိုအောင်ကိုဇော်၊ ကိုထူးအောင်၊ ကိုခွန်မြတ်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၇-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ည ၈း၁၇နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ တက္ကသိုလ် ရိပ်သာလမ်း နှင့်သံလွင်လမ်းထောင့်အိမ်မှကားများ နံနက်၉နာရီတွင် ထွက်မည်ဖြစ်ပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စိန်လှဦး (စစ်တွေမြို့)
အသက်(၈၁)နှစ်

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ အိမ်အမှတ်(၂၃၆-၆၃)နေ ဦးထွန်းအေးခိုင်(ESE-ငြိမ်း)၏ဇနီး၊ ဒေါ်တင်တင်ခိုင်၊ ဦးဘစောဦး၊ ဦးမြင့်ခိုင်(ESE)-ဒေါ်မခင်အေး၊ ဦးလှခိုင်(ESE)-ဒေါ်ခင်မာအေး၊ ဒေါ်သင်းသင်းခိုင်-ဦးစံလှအောင်၊ ဦးညီညီခိုင်(ESE)-ဒေါ်မြင့်မြင့်မူ၊ ဒေါ်သိန်းသိန်းခိုင်(ပြန်/ဆက်)-ဦးအောင်စံထွန်း(ပြန်/ဆက်)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့၏အဘောင်ရှင်သည် ၁၈-၇-၂၀၁၉ရက်(ကြာသပတေးနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့အာဂျိတ်တော်ကုန်းသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးလှစိန်(ခ)ဦးမောင်ချစ် (ပေါက်တောမြို့)
အသက်(၅၀)

ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ငပြီတက်ကျေးရွာနေ (ဦးလှသာအောင်)-ဒေါ်သာနုစိန်တို့၏သား၊ (ဦးအောင်ဆန်း)-ဒေါ်အေးသာနုတို့၏သားသမက်၊ (ဦးလှရွှေစိန်)၊ ဦးမောင်ရွှေအေး-မသန်းနု၊ ဦးရွှေသန်းစိန်-ဒေါ်နုအေးကြည်၊ ဦးစံရွှေလှ-ဒေါ်စန္ဒာဝင်း၊ (မရွှေဝင်း)၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းချေ၊ ဦးသက်ထွန်း-ဒေါ်ဦးလှယဉ် တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ အမှတ် ၆၂၄နေ မောင်ဝင်းကိုကို-မတင်တင်အေး၊ မောင်ဥက္ကာမင်း-မခင်ခင်အေးတို့၏ဖခင်၊ မဖူးပွင့်ဝေ၏အဘိုး၊ ဒေါ်ဦးဆန်းနု၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါ မြောက်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးတင်ညီညီလတ်ထွေး (ဖိုးညီ)
အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ် ၂၈နေ ဦးတင်ဝင်း-ဒေါ်မီမီအေးတို့၏သား၊ ဒေါ်ဇာဇာဟန်(လသာ-၂)၏ခင်ပွန်း၊ မမေသူအောင်၊ မရွှေသူအောင်၊ မောင်ခန့်ပိုင်အောင်တို့၏ဖခင်သည် ၁၉-၇-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး

လောင်လိုင်ပို(ခ)ဒေါ်ပို
ရွှေသိန်းထီဆိုင်၊ စာပေနှင့်စာရေးကိရိယာစတိုး
အသက်(၁၀၀)

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ မင်းလမ်း၊ ဈေးပိုင်းရပ်ကွက်၊ အမှတ် ၇၀နေ (ဦးရန်တုတ်-ဒေါ်ရေး)၊ တောင်ငူမြို့နေ (ဦးပွကြီး-ဒေါ်ရွှေ)တို့၏သမီးချွေးမ၊ ပဲခူးမြို့နေ (ဦးစံပ)-ဒေါ်စီ(ရွှေသိန်းထီဆိုင်)၊ ဒေါ်အသင်း၊ ဒေါ်သင်းသင်းအေး၊ ဒေါ်တင်တင်စိန်၊ ဒေါ်မြင့်မြင့်ဝင်း၊ တောင်ငူမြို့၊ တပင်ရွှေထီးလမ်းနေ(ဦးအုန်းငွေ)-ဒေါ်ရီရီမြင့်၊ ဦးအေးထွန်း-ဒေါ်အစူး၊ ဦးသိန်းအောင်-ဒေါ်ခင်မာဝေ (ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေး)၊ ဦးကျော်အောင်-ဒေါ်စန်းစန်းမြင့်(PK.Baby Fashion နှင့် မိတ္တူ)၊ ဦးအောင်ငွေးတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၀ယောက်တို့၏အဘွား၊ [အုန်ချန်တိတ်(ခ)ဦးကျင်တိတ်]၏ဇနီးသည် ၁၉-၇-၂၀၁၉ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရွာတန်းရှည်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်မြသန်း (ပခုက္ကူ)
အသက်(၉၅)နှစ်

ပခုက္ကူမြို့၊ ခန်တောရပ်နေ(ဦးထွန်းရွှေ)၏ဇနီး၊ မန္တလေးမြို့နေ ဦးအေးကို-(ဒေါ်မြင့်မြင့် ခင်)၊ ရန်ကုန်မြို့နေ(ဦးမြင့်သိန်း-ဒေါ်နီနီ)၊ ဦးဇဝန(ပခုက္ကူမြို့ကျွန်းဖိုတောင်)၊ ရန်ကုန်မြို့နေ ဦးအောင်မြင့်-ဒေါ်ရီရီ၊ ပခုက္ကူမြို့၊ ခန်တောရပ်နေ (ဦးလှဆွေ)-ဒေါ်သီသီ၊ ရန်ကုန်မြို့နေ ဦးခင်မောင်ထူး-ဒေါ်သင်းသင်းရွှေတို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၂ယောက်၊ မြစ် ၂၆ယောက် ၊ တီတစ်ယောက်တို့၏ဘွားအေကြီးသည် ၁၈-၇-၂၀၁၉ရက်(ကြာသပတေးနေ့) ည၈း၃၀နာရီတွင် ပခုက္ကူဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၉ရက်(စနေနေ့) နံနက်၉နာရီတွင် ပခုက္ကူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း အားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)BA,B.L
အသက်(၈၅)နှစ်

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း)သည် ၁၅-၇-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအဖွဲ့
ဖျာပုံမြို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်လှ [သိန်းကမ္ဘာ(သုဝဏ္ဏ)] အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ညောင်နီကျေးရွာနေ (ဦးမြဝင်း-ဒေါ်မြရင်)၊ (ဦးသင်းမောင်-ဒေါ်မြသင်)တို့၏သား၊ (ဦးဘိုးညွန့် -ဒေါ်စောလှ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ ရွှေအင်းကြင်းရိပ်မွန်(သုဝဏ္ဏ)၊ P-2 ပထမထပ်နေ ဦးဟန်ဝင်းသိန်း-ဒေါ်သီသီအောင်၊ ဦးမျိုးဇော်သန့်-ဒေါ်သီသီအေး၊ ဦးကျော်ကျော်လင်း-ဒေါ်နန်းသီတာတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ ဒေါ်အမာသိန်း၏ချစ်လှစွာသောခင်ပွန်းသည် ၁၈-၇-၂၀၁၉ရက်(ကြာသပတေးနေ့) ည ၇း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၉ရက်(စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးငွေးခိုင် (ဟသ်ာတ-ရှားခဲ)
အောင်သပြေခိုင်ကုမ္ပဏီ
ခိုင်မေတ္တာဖောင်ဒေးရှင်း
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ငုဝါ(၄)လမ်း၊ အမှတ်(K-2)နေ (ဦးလှမြင့်-ဒေါ်ကြင်မွေး)တို့၏သား၊ မမြင့်မြင့်သိန်း၏မောင်၊ ဦးစံငွေး-ဒေါ်ခင်မိုးနွယ်၊ ဦးသန်းငွေးတို့၏အစ်ကို၊ ဒေါ်ခင်မာထွေး၏ခင်ပွန်း၊ ကိုထွန်းထွန်းခိုင်၊ ကိုအောင်ထူးခိုင်တို့၏ဖခင်သည် ၁၈-၇-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများနံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးငွေးခိုင် (ဟသ်ာတ-ရှားခဲ)
အောင်သပြေခိုင်ကုမ္ပဏီ
ခိုင်မေတ္တာဖောင်ဒေးရှင်း
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ငုဝါ(၄)လမ်း၊ အမှတ်(K-2)နေ (ဦးမြင့်ဆွေ-ဒေါ်ယဉ်ကြည်)တို့၏သားသမက်၊ ဦးအောင်လွင်၊ ဒေါ်ခင်မာဆွေ၊ (ဦးခင်မောင်ငွေး)-ဒေါ်ခင်မာမြင့်၊ ဦးဝင်းဆွေ-ဒေါ်ဝင်းတင်တို့၏ညီ၊ ဦးတင့်ဆွေ-ဒေါ်သစ်သစ်မြင့်၊ ဦးအောင်သိန်း-ဒေါ်မိုးမိုးသန့်တို့၏အစ်ကို၊ ဒေါ်ခင်မာထွေး၏ခင်ပွန်း၊ ကိုထွန်းထွန်းခိုင်၊ ကိုအောင်ထူးခိုင်တို့၏ဖခင်သည် ၁၈-၇-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (နေအိမ်မှကားများနံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးသိန်းအောင် (မကွေး၊ ရေနံချောင်း၊ သရက်)
စက်ရုံမှူးဟောင်း (ဒိုင်းမွန်းဘိလပ်ရည်စက်ရုံ) စက်မှု(၁)၊ စားကုန်နည်းပြ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်(၁၉၅၅-၁၉၅၆)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးသာအိုလမ်းသွယ်၊ ၅(က)နေ(ဦးစံ-ဒေါ်ခင်)တို့၏သား၊ (ဦးအေးမောင်-ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဦးအောင်ကြွယ်(ရဲမှူး-ငြိမ်း)-ဒေါ်သင်းသင်းအောင်၊ ဒေါ်နီနီအောင်(ကုန်သွယ်ဆေး/မျက်ကပ်-ငြိမ်း)၊ ဒေါ်ချိုချိုအောင်(လ/ထမန်နေဂျာ-HR YBS)၊ ဦးကျော်ဇေယျ(လ/ထညွှန်မှူး-အ-က-စ-လှိုင်ကော်)-ဒေါ်သင်းသင်းစိုး၊ ဒေါ်စန္ဒာအောင်တို့၏ဖခင်၊ မမေမြတ်နိုးအောင်-မောင်အောင်ကိုဝင်း၊ မောင်သန်းထက်အောင်တို့၏ဘိုးဘိုး၊ မြစ်လေးယောက်တို့၏အဘိုး၊ ဒေါ်ခင်ဆွေမြင့်၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၇-၂၀၁၉ရက်(သောကြာနေ့) နံနက် ၉း၅၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းမောင် (တရားပြဆရာ)
(ငွေစာရင်းမင်းကြီးရုံး၊ ဝိပဿနာအဖွဲ့၊ အပြည်ပြည်ဆိုင်ရာပဋိပတ္တိလုပ်ငန်းဌာန)(IMC)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဇရာ ၁၂လမ်း၊ အမှတ် ၆၆၈နေ (ဦးထွန်းအေး-ဒေါ်အေးကျင်)တို့၏သား၊ ခရမ်းမြို့နယ်၊ မြို့လှပိုင်းနေ (ဦးသာအေး-ဒေါ်အေး)တို့၏သားသမက်၊ (ဦးသန်းဝေ-ဒေါ်ညွန့်တင်)၊ (ဦးသန်း ရွှေ)-ဒေါ်သန်းနွဲ့၊ ဦးတင်ရွှေ-ဒေါ်တင်မြင့်တို့၏အစ်ကို၊ ဒေါ်အေးအေးသန်း၊ ဦးမြင့်သန်း-ဒေါ်နုနုရီ၊ (ဦးစောသန်း)၊ (ဦးကျော်လှဖြူ)၊ မစောလှသန္တာ၊ ကိုဇော်မင်းနိုင်-မစောမြတ်မာလာတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်သုံးယောက် တို့၏အဘိုး၊ (ဒေါ်တင်ရီ)၏ခင်ပွန်းသည် ၁၈-၇-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၉ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေ မျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါမြောက်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သောက်ရေကန်၊ မုခ်ဦး၊ အုတ်တံတိုင်း ဒါယကာကြီး

ဦးစန်းအေး
(Bamboo House Restaurant)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက်၊ အမှတ် ၅၇(သုံးလွှာ)နေ (ဦးကျင်စိမ်း-ဒေါ်မြခင်)တို့၏သား၊ (ဦးစန်းမြင့်)-ဒေါ်သန်းသန်းရီတို့၏ညီ၊ ဦးတင့်လွင်-ဒေါ်သန်းသန်းနွဲ့၊ (ဦးအောင်သန်း)-ဒေါ်အေးအေးသန်း၊ ဦးမောင်မောင်ကြီး(Hotel 99 ပြင်ဦးလွင်မြို့)-ဒေါ်နီလာဝင်းကျော်တို့၏အစ်ကို၊ ဦးအောင်စန်းဦး-ဒေါ်ဥမ္မာခိုင်၊ ဦးကျော်စန်းဦးတို့၏ ချစ်လှစွာသောဖခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ဘကြီးသည် ၁၈-၇-၂၀၁၉ရက်ည ၈း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီ အထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင်ငွေး အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၉)လမ်း၊ အမှတ်(၅၃)နေ [ဗိုလ်ကြီးတင်ရွှေ(ငြိမ်း)-ဒေါ်တင်ယု]တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်မြင့်ဆွေ)တို့၏သမီးချွေးမ၊ ဦးညွန့်သန်း-ဒေါ်ခင်စန်းဝင်း၊ ဒုဗိုလ်မှူးကြီး ဦးခင်မောင်ဦး(ငြိမ်း)-ဒေါ်ခင်လှမြင့်တို့၏ညီမ၊ (ဦးကျော်ထွန်းသိန်း)- ဒေါ်ခင်ရီဝင်း၊ ဒေါ်ခင်စိုးဝင်း၊ ဦးစိုးကျော်မြင့်-ဒေါ်ယမင်းဆွေ၊ ဦးဟိန်းထက်ဆွေ-ဒေါက်တာဒေါ်ဇာဏီလွင်(လ/ထညွှန်မှူး၊ အခြေခံကျန်းမာရေး ဌာနခွဲ၊ နေပြည်တော်)တို့၏မိခင်၊ မောင်အောင်ဘုန်းပြည့်၊ မောင်ဘုန်းမြတ်ကျော်၊ မောင်ဘုန်းဇေဟိန်း၊ မဆုထက်သဒ္ဒါလွင်တို့၏အဘွား၊ ဦးသိန်းဆွေ (ရဲအုပ်စခန်းမှူး၊ ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၁၉-၇-၂၀၁၉ရက်(သောကြာနေ့) နံနက် ၈နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၉)လမ်း၊ အမှတ်(၅၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြငြိမ်း
အသက်(၆၉)နှစ်

ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၁၈)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၁၈၂နေ (ဦးသိန်းချစ်-ဒေါ်အုန်းကြည်)တို့၏သမီး၊ (ဦးအေးကြည်)၏ဇနီး၊ ဦးသိန်းလွင်-ဒေါ်တင်တင်အုံး၊ ဦးသိန်းအေး-ဒေါ်စန်းစန်းငွေး၊ ဦးသိန်းဝင်း-ဒေါ်ခင်စန်းမြင့်တို့၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီးသိန်းဝင်းထွဋ်- ဒေါ်နွေခြည်လှရွှေ၊ ဗိုလ်မှူးဇာနည်ဝင်းထွဋ်-ဒေါ်သီတာစိုး၊ ဒေါက်တာအောင်အောင်ဝင်းထွဋ်-ဒေါက်တာစုစုလှိုင်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၉-၇-၂၀၁၉ရက် (သောကြာနေ့) နံနက် ၀၀း၃၀နာရီတွင် မြောက်ဥက္ကလာပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တာမွေမြို့နယ်၊ ကျားကွက်သစ်လမ်း၊ အမှတ် ၃၃နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ကျားကွက်သစ်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အာဇာနည်နေ့ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် အထိမ်းအမှတ်နေရာများတွင် ပြည်သူအများအပြား လာရောက်လေ့လာ ဂါရဝပြု

ရန်ကုန် ဇူလိုင် ၁၉

(၇၂)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်နေရာများတွင် ပြည်သူအများအပြား လာရောက်လေ့လာ ဂါရဝပြုကြသည်။

ယနေ့နံနက်ပိုင်းမှစတင်ကာ ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)တွင် ပြည်သူအများအပြား လာရောက်လေ့လာကြသည်။ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)၌ အများပြည်သူ လေ့လာနိုင်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ရာ ယခုနှစ်၏ ထူးခြားမှုအနေဖြင့် ဗိုလ်ချုပ်ပြတိုက် အဝင်လမ်းဘေးတစ်လျှောက်တွင် ဗိုလ်ချုပ်ရုပ်ပုံပါရှိသည့် ငွေစက္ကူများ၊ အကြွေစေ့များ၊ တံဆိပ်ခေါင်းများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ဗီနိုင်းပိုစတာကြီး ၁၈ ချပ်ဖြင့် ပြသထားရှိသည်။

ထို့ပြင် ပြတိုက်၏အောက်ထပ်ဧည့်ခန်းမကိုလည်း ဓာတ်ပုံမှတ်တမ်းများထဲကအတိုင်း ပြင်ဆင်မှုများပြုလုပ်ပြီး ခင်းကျင်းပြသထားကာ ပြတိုက်အပေါ်ထပ်ရှိ ဗိုလ်ချုပ်အောင်ဆန်း၏ အိပ်ခန်းဆောင်တွင်လည်း ယခင်ပြသထားသည့် ပစ္စည်းများအပြင် ဗိုလ်ချုပ်အောင်ဆန်း၏ အသုံးအဆောင်ပစ္စည်း ၂၃ မျိုးကို ထပ်မံတိုးချဲ့ပြသထားသည်။

အလားတူ ရန်ကုန်မြို့ကန်တော်ကြီးပတ်လမ်း၊ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တွင် ယနေ့နံနက် ၆ နာရီကျော်အချိန်မှစတင်၍ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း

စာမျက်နှာ ၉ ကော်လံ ၅ ❖

ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)တွင် ပြည်သူအများအပြား လာရောက်လေ့လာကြစဉ်။

ဓာတ်ပုံ-ဖေဇော်

မြန်မာ ယူ-၁၅ အသင်းအတွက် နိုင်ငံခြားသားနည်းပြသစ်တစ်ဦး ခန့်အပ်မည်

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၉ အာဆီယံ ယူ-၁၅ ပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၁၅ အမျိုးသားအသင်းအတွက် ပြိုင်ပွဲမတိုင်မီ နိုင်ငံခြားသားနည်းပြသစ်တစ်ဦး ခန့်အပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၅ အမျိုးသားအသင်းအတွက် နယ်သာလန်နိုင်ငံသား နည်းပြတစ်ဦးခန့်အပ်ရန် စီစဉ်ခဲ့သော်လည်း နောက်ဆုံးအချိန်မှ ပျက်ပြယ်ခဲ့ခြင်းဖြစ်ပြီး ၎င်းနေရာတွင် အခြားတစ်ဦး ခန့်အပ်နိုင်ရန် စီစဉ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယူ-၁၅ အသင်းအတွက် လျှောက်လွှာခေါ်ယူခဲ့သည့် နည်းပြ ၁၀၀ ကျော်မှ နောက်ဆုံးဆန်ခါတင် ရွေးချယ်ထားသော သုံးဦးအနက် ကျန်နှစ်ဦးကို ပြန်လည်စိစစ်ကာ ဂျာမနီနိုင်ငံသား နည်းပြနှင့် အကြိုသဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့သို့ ရောက်ရှိလာမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် အပြီးသတ်စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းမည်ဖြစ်သည်။ မြန်မာ ယူ-၁၅ အသင်း ယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၅ ပြိုင်ပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၉ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ခန့်အပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာ ယူ-၁၅ အသင်းသည် ယင်းပြိုင်ပွဲအတွက် ပဏာမကစားသမား ၃၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး နည်းပြချုပ် ခန့်အပ်နိုင်ခြင်းမရှိသေးသောကြောင့် ယခင်နည်းပြချုပ် ဂျပန်နိုင်ငံသား တာကူမာက ဆက်လက်ကိုင်တွယ်လေ့ကျင့်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် နည်းပြသစ် ခန့်အပ်ပြီးပါကလည်း တာကူမာကို နည်းပြအဖွဲ့တွင် ဆက်လက်တာဝန်ပေးရန် စီစဉ်ထားသည်။

ညီမြတ်သော်တာ

ဧရာဝတီမြစ်ရေ သပိတ်ကျင်းမြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် ဇူလိုင် ၁၉

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ သပိတ်ကျင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ